

ငဝ
ရင်ဖုး
ဆေးတက္ကသိုလ်

# ရှင်မိုး (ဆေးတက္ကသိုလ်)

## ယေပုဗ္ဗာပေါင်းကူးတံတား


စာမူခွင့်ပြုချက်အမှတ် - ၁၁၀၉/၂၀၀၃ (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၁၉/၂၀၀၃ (၈)

၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(ချစ်မင်းလျှံစာပေ-၁၈၁၉)
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။




### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





# ရှင်မိုး

[ ဆေးတက္ကသိုလ် ]



## မေတ္တာပေါင်းကူးတံတား

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ





(မြူပြာ)

ချစ်တဲ့သူနှင့် လက်ထပ်တဲ့သူ တစ်ယောက်တည်းသာ ဖြစ်ချင်သော မြူပြာသည် ဤဆုံးဖြတ်ချက်ကိုတော့ ဘယ်တော့မှ မပြင်ဘူးဟု တွေးလေသည်။

"ကို့ အမေကတော့ကွာ မြူပြာ့ကို သဘောမတူဘူးရယ်တော့ မဟုတ်ပါဘူး။ သူက ကို့ကို သူ့သူငယ်ချင်း သမီးနဲ့ ပေးစားချင်တာလေ၊ သူတို့ဘာသာ နောက်ပြောင်ပြောဆိုထားတာ ကြာပြီလို့တော့ ပြောတာပဲ၊ ကိုက အခု မြူပြာ့ကိုပဲ လက်ထပ်မယ် ဆိုတော့ ..."

"မကြိုက်ဘူး ဆိုပါတော့၊ ရှင်းရှင်းပြောလိုက်ပါ"

"မဟုတ်ပါဘူး၊ သူက မင်းဘာသာ ယူချင်ရင်ယူတဲ့၊ သူ့သဘော မပါတော့ သူ ဘာမှမလုပ်ပေးဘူး ပြောတာပါ"

ဩော် ... ဖြစ်ရလေ။ ယောကျ်ားလေးဘက်က သဘောမတူဘူး ပြောခံရတာဟာ တော်တော်ကံဆိုးတာပါလား။

ကိုယ်က နူ့နေ ရွဲနေတာလည်း မဟုတ်၊ အကျင့်သိက္ခာ မရှိတာလည်း မဟုတ်။ ပညာမတတ်တာလည်း မဟုတ်။ အလုပ်အကိုင် မရှိတာလည်း မဟုတ်။ တစ်ခုပဲ ပြောစရာရှိတယ်၊ မြူပြာတို့က သူတို့လောက်ကြီး ပိုက်ဆံမချမ်းသာတာလေး တစ်ခုပဲ။

"အမေက ..."

"ကဲပါ ... ကဲပါ ... တော်ပါ ... ရှင့်အမေ သဘောမကျရင်၊ ဘာလဲ ... ရှင်က မြူပြာ့ကို လမ်းခွဲတော့မှာလား"

"မဟုတ်ပါဘူး၊ ကို မြူပြာ့ကို ချစ်တယ်၊ လမ်းမခွဲပါဘူး၊ အမေသဘောမတူပေမဲ့ ကိုကတော့ မြူပြာ့ကိုပဲ လက်ထပ်မှာပါ။ တစ်ခုတော့ ရှိတယ် ... အမေက ဘာမှလုပ်ပေးမှာ မဟုတ်ဘူး မြူပြာ။ သူ့ဆီက ဘာအကူအညီမှ မမျှော်လင့်နဲ့တဲ့၊ ကို့ဘာသာ ကို့ခြေထောက်ပေါ် ကိုယ်ရပ်ပါတဲ့"





"လာတောင်းရမ်းတာ ဘာညာတောင် မလုပ်ဘူးလား"

"မိန်းကလေးဘက်ကို သူ နားလည်တယ်တဲ့၊ ဒါကြောင့် ကိုတို့ လက်မှတ်ထိုးတဲ့ပွဲ၊ ဘာညာတော့ သူ လာပေးမယ်တဲ့၊ သူ ပြောချင်တာက ကို့ပိုက်ဆံနဲ့ပဲကို အိမ်ငှားနေဖို့။ ဘာညာတွေ လုပ်ဖို့ပေါ့"

"အဓိက,က သူ သဘောမတူတဲ့ နည်းနည်းဆင်းရဲတဲ့ မိန်းကလေးကို ယူတဲ့အတွက် ဒီလိုဆက်ဆံတာပေါ့၊ ဆင်းရဲတာ ဘာဖြစ်လဲ၊ ဆင်းရဲပေမဲ့ သူများပစ္စည်း ခိုးတာမှမဟုတ်တာ၊ သာမန်ရိုးရိုး အလုပ်တွေပဲ လုပ်တာပဲ၊ ရှေးအတိတ်ကုသိုလ်ကံကြောင့် မချမ်းသာတာတော့ မတတ်နိုင်ဘူး"

မြူပြာက စိတ်ဆိုးသဖြင့် အသံခပ်မာမာဖြင့် ပြောနေပါသည်။

မြူပြာတို့တွင် ညီအစ်မချည့် လေးယောက်ရှိသည်။ မြူပြာ့ မိဘတွေနေသော ကန်ထရိုက်တိုက်၏ ခုနစ်ထပ်တိုက်ခန်းကျဉ်းကျဉ်းလေး တစ်ခန်းသာ ပိုင်သည့် အနေအထားရှိသော ကြွယ်ဝမှုသည် ကိုတို့အမေ ဒေါ်စိန်မေ ပိုင်ဆိုင်သော အင်းလျားလမ်း နှစ်ထပ်တိုက်ကြီးကို ဘယ်လိုမှ မယှဉ်နိုင်ပါ။

မြူပြာ့ မိဘတွေကလည်း အဖေကုမ္ပဏီဝန်ထမ်း ရိုးရိုး၊ အမေ ရုံးစာရေး၊ မြူပြာ့ညီမလေး သုံးယောက်ဖြစ်သော ညိုပြာ၊ စန္ဒီနှင့် နန္ဒီတို့ကလည်း အဝေးသင်တက်လက်စနှင့် အဖေအလုပ်လုပ်ရသော ကုမ္ပဏီမှာပင် အကူဝန်ထမ်းလေးတွေ အဖြစ် ဝင်လုပ်နေကြပါသည်။

မြူပြာတို့ မိသားစုသည် ငွေကြေးအချမ်းသာကြီး မဟုတ်သော်လည်း ကုန်းကောက်စရာမရှိအောင် မွဲနေတာတော့ မဟုတ်ပါ။ အားလုံး တက်ညီလက်ညီ အလုပ်လုပ်ပြီး မေမေက လည်း သုံးစွဲတတ်၊ စုဆောင်းတတ်၍ အိမ်မှာတော့ တီဗီခပ်သေး သေးနှင့် ဒက်(ခ်)တစ်လုံး၊ တစ်ထပ်ရေခဲသေတ္တာလေးတော့ ပိုင် ဆိုင်ပါသေးသည်။

မိန်းကလေးချည်း မွေးထား၍ အားလုံးမှာတော့ ရွှေနားကပ်လေး တစ်ရံစီတော့ ဆင်ထားရပါသည်။

အဲဒီလောက်သာ ပိုင်ဆိုင်ပြီး လူတန်းစေ့ စားနိုင်ရုံ အပြင် ငွေပိုငွေလျှံကား ဘယ်တော့မှ မရှိပါ။ ညီအစ်မတွေ လည်း ခေတ်ပေါ်အသုံးအဆောင် အဝတ်အစား ဘာမှ သိပ်မဝယ် နိုင်ပါ။





ညီအစ်မလေးယောက် မတိမ်းမယိမ်းတွေမို့ သူ့အင်္ကျီ ငါဝတ်၊ ငါ့အင်္ကျီသူဝတ်နှင့် သင့်တင့်မျှတနေသည်။


ရုပ်ကလေးတွေက မပြင်နိုင် မဝတ်နိုင်တာတောင် ဒုးထူးခြားခြား လှနေခြင်းကတော့ မြူပြာတို့ ညီအစ်မတွေ၏ ဘဝပေးကုသိုလ်ကံ ခပ်ကောင်းကောင်းတွေသာ ဖြစ်ပါသည်။

မြူပြာ တစ်ယောက်ကတော့ မရည်ရွယ်ထားပါပဲ အရင်ဦးဆုံး အနေနှင့် ကုမ္ပဏီပိုင်ရှင် သူဌေးသားကို ရည်းစား တော်မိလေရာ ရပ်ကွက်ထဲက လူတွေကတော့ ရုပ်ကလေး ပြစား တယ်ဟု အတင်းအုပ်ချင်ကြလေသည်။

"အမေ သဘောတူတူ၊ မတူတူ၊ ကိုတို့ လက်ထပ်ကြရ အောင်နော် မြူပြာ"

ကိုက ထပ်၍ ပြောလိုက်လျှင် မြူပြာလည်း စိတ် လျှော့ပြီး ပြုံးကာ ပြန်ပြောလိုက်ပါသည်။

"မြူပြာတို့ မင်္ဂလာဆောင်ခံပွဲတော့ လုပ်ရမယ်နော်"







(ဉာဏ်ဒီပ)

ထိုစကား ကြားလိုက်တော့ ဒီပ တွေသွားပါသည်။

"ညှော်ခံပွဲ လုပ်ဦးမလို့လား"

"အို ... ဘယ်လိုဖြစ်ပြီး ဒီလို မေးရတာလဲ၊ လုပ်ရမှာပေါ့၊ မိန်းကလေးတိုင်းမှာ သူတို့အိမ်ထောင်ပြုရင် မင်္ဂလာညှော်ခံပွဲလုပ်ရမှဆိုတဲ့ စိတ်ကူးရှိကြတာပဲ"

"မြူပြာက ဘယ်လိုမျိုး လုပ်ချင်တာလဲ"

"ထိုင်မသိမ်းဝတ်ပြီး ပုဆိုးတောင်ရှည်ဝတ်ထားတဲ့ သတို့သား ရှင့်ကို လက်တွဲပြီး ညှော်ခံရတာမျိုး လုပ်ချင်တာပေါ့"

ဒီပ သက်ပြင်းချနေတော့သည်။ ဒါကို မြူပြာက သတိပြုမိကာ ...

“ကို ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ဒီလောက်လေးတောင် မလုပ်ပေးချင်ရအောင် ရှင် ဘာတွေ တွက်ချက်နေတာလဲ။ မြူပြာတို့မှာ ညီအစ်မ လေးယောက်ရှိတယ်၊ မြူပြာက သမီးအကြီးဆုံးလည်း ဖြစ်တယ်ဆိုတော့ ရှေ့က ကောင်းကောင်းလုပ်ပြမှ ဖြစ်မှာ၊ မြူပြာ ကိုယ်တိုင်လည်း မင်္ဂလာဆောင် အကြီးကြီး သိပ်လုပ်ချင်တာ သိလား၊ မြူပြာ ငယ်ငယ်တည်းက စိတ်ကူးယဉ်လာခဲ့တာပါ”

“ဘာ ... ငယ်ငယ်တည်းက ယောကျ်ားယူဖို့ စိတ်ကူးယဉ်ရတယ်လို့၊ မဟုတ်သေးပါဘူး”

“ဘာလို့ ပေါက်ကရတွေ ကတ်သတ် ပြောနေတာလဲ၊ မြူပြာက ယောကျ်ားသိပ်လိုချင်လို့မှ မဟုတ်တာ။ အဲဒီလို မျိုးဝတ်ပြီး မင်္ဂလာကောင်းကောင်း ဆောင်ချင်တာ၊ ဟင်း လူကိုများ ကဲ့ရဲ့လိုက်တာ”

“အင်း ... ဒါကြောင့် ကို ကြားဖူးဖတ်ဖူးတဲ့ စကားတစ်ခွန်းက မှန်နေပြီလို့ တွေးလိုက်မိတယ်”

“ဘာစကားမို့လဲ”

“ယောကျ်ားတွေက မိန်းမရချင်လို့ အိမ်ထောင်ပြုကြတယ်တဲ့”





ဒီပ စကားမဆုံးခင် မြူပြာက လက်ကာပြီး အတင်းဝင်ပြောနေပါသည်။

“သိတယ် ... သိတယ် ... မိန်းမတွေကတော့ မင်္ဂလာဆောင်ချင်လို့ အိမ်ထောင်ပြုကြတယ် ဆိုတာလေ။ မြူပြာလည်း သူများရေးပြတာတွေ ဖတ်ဖူးပါတယ်၊ ဟုတ်တယ်လေ၊ အဲဒါ မှန်တာပဲ။ ဘာမှ ငြင်းစရာမှ မရှိတာ သိပ်မှန်တာပေါ့”

ဒီပသည် မြူပြာ့ကို တစ်ချက် စိုက်ကြည့်လိုက်ရင်း ...

“မြူပြာ ... ကို မင်းကို အရမ်းချစ်ပါတယ်၊ မင်္ဂလာဧည့်ခံပွဲလည်း လုပ်ပေးချင်ပါတယ်၊ ဒါပေမဲ့ ကို့မှာ အဲ့ဒီလောက် ပိုက်ဆံ မရှိဘူး”

“ဟင် ... ဘယ်လိုဖြစ်ရတာလဲ”

မြူပြာက မယုံနိုင်သလို မေးလေသည်။

“ကုမ္ပဏီပိုင်ရှင် သူဌေးမကြီး ဒေါ်စိန်မေရဲ့သားမှာ မင်္ဂလာဆောင်လေးတစ်ခု လုပ်ပေးဖို့တောင် ပိုက်ဆံမရှိဘူးဆိုတော့ မြူပြာ ယုံမှာမဟုတ်ဘူးပေါ့”

"ဟုတ်တယ် ... မယုံဘူး"

"အမေ ဘဏ်မှာထားတဲ့ ပိုက်ဆံတွေက သူ့နာမည်ချည့်ပဲ၊ အိမ် ခြံ ကား၊ ကုမ္ပဏီကအစ သူ့နာမည်ကွ။ ကိုမှာ ကို့နာမည်နဲ့ထားတဲ့ ဘဏ်(ခ)အကောင့်ထဲ မရှိဘူး။ အိမ်တွေကားတွေ မရှိဘူး။ အမေက ဘာဝယ်ဝယ် သူ့နာမည်ချည့်ပဲ၊ ကိုက ကုမ္ပဏီမှာ Boss နေရာက ဝင်လုပ်နေရပေမဲ့ ကို့အမေပိုင်မို့ နေရာရတဲ့ သဘောပဲ။ ဒါပဲ။ အမေက အခုကျတော့ သူ ယူစေချင်တဲ့ မိန်းကလေးနဲ့ မယူတဲ့အခါကျတော့ သူ ဘာမှအကူအညီ မပေးဘူး။ ကို့ဘဝ ကိုယ်ထူထောင်လို့ ပြောလိုက်တာဟာ အဲဒါတွေလည်းပါတယ် မြူပြာ။

ကိုလည်း အရင်က လူပျိုလူလွတ်ကွာ၊ သုံးချင်တာရှိရင် အမေ့ဆီက ယူသုံး၊ အမေ့ကား ဘာညာလည်း ဘယ်တွေးမလဲ၊ ကို တစ်ယောက်တည်း စိတ်ကြိုက်သုံးရုံပဲဆိုတော့ ဘယ်တွေးမိမလဲ။ တစ်နေ့ကျရင် ဒါမျိုး ဖြစ်လာမယ်လို့လည်း ဘယ်သိမလဲ၊ ဒီတော့ ကို ဘာမှမစုဆောင်း ထားမိဘူး၊ တကယ်ပြောတာ။ ခုလောလောဆယ်





ကို့မှာရှိတာ အခုပတ်ထားတဲ့နာရီ၊ ကို့အိမ်က အဝတ်ဗီရိုထဲမှာ သုံးဖို့ယူထားတဲ့ ငွေသုံးသိန်း ဒါပဲရှိတယ်။ ကိုက ယောက်ျားတန်မဲ့ ရွှေငွေလက်ဝတ်လက်စား ဝတ်ရတာမျိုးလည်း ဝါသနာမပါဘူး၊ ကြိုက်လည်းမကြိုက်ဘူးဆိုတော့ ကို့မှာ ဘာလက်ဝတ်လက်စားမှလဲ မရှိဘူး မြူပြာ"

မြူပြာ ချုံးပွဲချ ငိုလိုက်ချင်တော့သည်။ သူဌေးသား၊ အေးလေ ... သူဌေးမကြီးရဲ့သားပဲ။ သူဌေးသားပေါ့။ ဒါပေမဲ့ သူကိုယ်တိုင်ကျတော့ သူဌေးမှ မဟုတ်တာ။ အမေ မပေးဘူးဆိုရင် ဘာမှမရဘူး၊ မရှိဘူးပေါ့။ ဒီတော့ သာမန်လူတစ်ယောက်ပဲပေါ့။ ဒါကို ဘယ်လိုသွားပြီး အပြစ်တင်မလဲ။

"မြူပြာလေး ... ကို တစ်ခုမေးမယ်၊ မှန်မှန်ဖြေနော်၊ ကို့ကို မညာနဲ့ မြူပြာ၊ ဘာပဲဖြေဖြေ ကို့ စိတ်မဆိုးဘူး၊ မြူပြာ့ကိုလည်း မချစ်တော့တာမျိုး ဖြစ်မှာမဟုတ်ဘူး"

"ဘာမေးချင်လဲ ... မေးလေ"

"ကို့ကို တကယ်ချစ်တာလား"

မြူပြာ တအံ့တသြ သူ့ကို မော့ကြည့်မိသည်။ သူ ဘာကြောင့် မေးတာလဲ။

“ကို့ကို ဟုမ္မာပိုင်ရှင်ထင်ပြီး သူဌေးကြီးထင်ပြီး ချစ်ခဲ့တာလား၊ ပိုက်ဆံရှိလို့ ချစ်ဖို့ဆုံးဖြတ်တာလား၊ ဒါမှမဟုတ် တကယ်ပဲ ရင်ထဲက ...”

“ကဲပါ ... ကဲပါ ... ရှင့်ကို ဘာကြောင့်ပဲ ချစ်ချစ်၊ မြူပြာ့ ကို့တစ်ယောက်တည်းကိုပဲ မဖောက်မပြန် သစ္စာရှိရှိချစ်တယ်ဆိုတာ သိနေရင် ပြီးတာပဲ၊ ဒါပေမဲ့ အမှန်အတိုင်း ပြောမယ်၊ မြူပြာ ကို့ကို ရင်ထဲမှာ တကယ်ချစ်လို့ လက်ခံခဲ့တာတော့ မှန်တယ်၊ ကိုယ် ချမ်ပဲ့သူက အရမ်းချမ်းသာနေမှန်း သိတော့လည်း မိန်းကလေးပီပီ ကိုယ်ဖြစ်ချင်တာတွေ စိတ်ကူးယဉ်မိတော့တာပေါ့”

“အေးကွာ ... ကိုလည်း စိတ်မကောင်းပါဘူး၊ ကို မြူပြာ့ကို ကောင်းကောင်းမွန်မွန် လက်ထပ်ချင်ပါတယ်၊ ဒါပေမဲ့ အမေက အဲ့ဒီလိုကြီး ဖြစ်လာတော့ ကို ဘယ်လိုလုပ်မလဲ။ ခုလောလောဆယ် မဟုတ်က ဟုတ်ကတွေတောင် လျှောက်စဉ်းစားမိတယ်”

ဒီပက ပြောရင်း သူ့ဘာသာ ရယ်မိပါသည်။

“ဘာလဲ ကို”





“အမေ့ ပိုက်ဆံအိတ်ထဲက သော့ကို ခိုးပြီး မီးခံသေတ္တာ ဖွင့်ပြီး ပိုက်ဆံတွေ ခိုးရင်ကောင်းမလားလို့”

“ဟာ ... မလုပ်ပါနဲ့၊ တော်ကြာ မြူပြာ မြှောက်ပေးလို့ လုပ်တယ် ထင်ဦးမယ်”

“ဒီလိုမှန်းသိရင် ကို ဒီကားကို ဟိုတလောလေးကမှ လဲလိုက်တာကွာ၊ ကို့နာမည်နဲ့ ဝယ်မိရင် ကောင်းသား၊ အဲ့ဒီလိုသာဆိုရင် သိန်းထောင်နဲ့ချီတဲ့ ကားတစ်စင်းတော့ ကို ပိုင်တယ်ဆိုရင် မြူပြာ လုပ်ချင်တဲ့ ဧည့်ခံပွဲမျိုး ...”

“မဖြစ်နိုင်တာတွေ မပြောနဲ့တော့လေ၊ အခု လောလောဆယ် ကြုံတွေ့နေတာကိုပဲ စဉ်းစားကြရအောင်နော်”

ဒီပသည် မျက်နှာခပ်ညှိုးညှိုးဖြင့် ပြောလိုက်သော ချစ်သူကို သနားကရုဏာသက်စွာ ထွေးပွေ့လိုက်မိပါသည်။


ဘယ်ယောက်ျားမဆို ကိုယ်တကယ်မြတ်နိုးတဲ့ မိန်းကလေးကိုတော့ တင့်တင့်တယ်တယ် လက်ထပ်ယူချင်တာပါပဲ မြူပြာရယ်။







# အပိုင်း(၁)







## ၁

အမှန်တော့ မြူပြာတို့ ချစ်သူဖြစ်ကြတာဟာ တစ်[illegible]ကျော်ပင် ရှိပါသေးသည်။ မြူပြာသည် အင်္ဂလိပ်စာဘာသာကို [illegible]ထူးတန်း ဆက်တက်ခွင့် ရခဲ့လေရာ ကျောင်းဆက်တက်ရဆဲ [illegible] အိမ်ရဲ့စီးပွားရေးကလည်း ကိုယ်ခေါင်းရှောင်ရင် မရတာမို့ [illegible]တန်း၊ ဆယ်တန်းတွေကို အင်္ဂလိပ်စာ တစ်ဘာသာတည်း [illegible]ရှင်ပေးခြင်း၊ ဂိုက်လုပ်ခြင်း အလုပ်ကိုပါ တွဲလုပ်ရပါသည်။

အဲဒီဝင်ငွေလေးက သိပ်မဆိုးလှသလို ဣန္ဒြေလည်း ရသဖြင့် မြူပြာသည် ကျောင်းပြီးတာတောင် ဆက်လုပ်သင့်ရင် လုပ်ဖို့ စိတ်ကူးမိပါသည်။

ကိုနဲ့ စတွေ့တာကလည်း ရိုးရိုးလေးပင်။ မြူပြာက ကျူရှင်သင်ရမည့်အိမ်မှာ ကျူရှင်သင်သည်။ ကိုက အဲဒီအိမ်နှင့် အဝင်အထွက်ရှိသော မိတ်ဆွေတစ်ဦး ဖြစ်သည်။

မြူပြာ စာလာသင်သော တစ်ရက်မှာ တွေ့ပြီး၊ တွေ့တွေ့ချင်းပဲ မြူပြာ့ကို ချစ်မိသည်ဟု ကိုက နောက်တော့မှ ပြောပြခဲ့ပါသည်။

အဲဒီနေ့ကတော့ ကျူရှင်သင်ပေးရမည့် ကျောင်းသားတွေ မစုံသေး၍ မြူပြာ အိမ်ရှေ့ဧည့်ခန်းတွင် ထိုင်ကာ စားပွဲပေါ်မှ မဂ္ဂဇင်းတွေ ဟိုလှန်ဒီလှန် လုပ်နေစဉ် ဧည့်သည်ရောက်လာခဲ့သည်။

"ဟော ... ကိုဒီပ ပါလား၊ လာ ... လာ ... နှစ်နာရီကျော်က ရောက်မယ်ဆိုလို့ စောင့်နေတာ"

အိမ်ရှင်ဖြစ်သူ ကိုနဲ့လည်း ရွယ်တူဖြစ်ပုံရသော အမျိုးသား၏ နှုတ်ဆက်သံကြောင့် မြူပြာ လှုပ်လှုပ်ရှားရှားဖြစ်ပြီး ထရပ်မိတော့မလို။

"ဟာ ... ဆရာမ ... ထိုင်ပါ ... ထိုင်နေပါ ... ရပါတယ်၊ ကိစ္စမရှိဘူး။ ကျွန်တော်တို့က ပြီးရင် အပြင်သွားမှာ။ ကိုဒီပ ခဏထိုင်စောင့်ရုံပဲ"





မြူပြာသည် သူမ၏ မျက်နှာချင်းဆိုင် ဆိုဖာမှာ ဝင်ထိုင်လိုက်သော ရုပ်ရည်ခပ်သန့်သန့် ယောကျ်ားတစ်ယောက်၏ အကြည့်ကို စိတ်ဆိုးမိသေးသည်။ သိပ်အငမ်းထူတဲ့သူဟု ကဲ့ရဲ့မိသေးကြောင်း ကို့ကို နောက်များမှာ ပြန်ပြောမိသေးသည်။ ဟုတ်တယ်လေ ... ကိုက မြူပြာ့ကို မြင်မြင်ချင်းပဲ အရူးအမူးဖြစ်သွားသလိုလိုနဲ့ ကြည့်နေခဲ့တာကိုး။

အဲဒီကစပြီး နောက်ပိုင်းတွေကျတော့ အဲဒီလူ(ကိုဟု ခေါ်ခင်က မြူပြာ အဲဒီလူဟု အမြဲပင် စိတ်ထဲမှ ခေါ်မိလေသည်) ကို ကျူရှင်သင်ရာအိမ်မှာ မြူပြာ ရောက်ချိန်တိုင်း အမြဲလိုလို တွေ့ရကာ မိန်းကလေးပီပီ သူ့အကြည့်တွေကို ရိပ်မိလာပါသည်။

အိမ်ရှင်အမျိုးသားကလည်း မြူပြာ့ကို တွေ့တိုင်း၊ ပြုံးစိစိနှင့် အကဲခတ်ပေးတတ်လာသည်။ အရင်ကတော့ အဲဒီလူဟာ သူလည်း သူလက်ထပ်ရမဲ့ ချစ်သူနှင့်မို့ အင်မတန်မှ တည်ကြည်ကာ မြူပြာ့ကို ရဲရဲပင်မကြည့်ပါ။ အခုတော့ မိတ်ဆွေသူငယ်ချင်းအတွက်ပဲ အကဲခတ်ရသလိုလိုနှင့်။

နောက်တော့ မြူပြာ ကျူရှင်သင်ပေးပြီး ပြန်သော တစ်ရက်မှာ အဲဒီလူက (ကို ကပေါ့) မြူပြာ့ နောက်ကနေ ကားဖြင့်လိုက်လာသည်။

"ဆရာမ ... ဆရာမ ဒေါ်မြူပြာ၊ အိမ်ပြန်မှာ မဟုတ်လား။ ကျွန်တော့်ကားနဲ့ ကြုံပါတယ်၊ လိုက်ခဲ့ပါလား၊ လိုက်ပို့ပေးမယ်"

"အို ... ရှင်နဲ့ကျွန်မ သိမှမသိတာ။ ဘာလို့ လိုက်ရမှာလဲ၊ ပြီးတော့ ကျွန်မက ကားနဲ့တင်ခေါ်တိုင်း လိုက်တတ်တဲ့ မိန်းကလေး မဟုတ်ဘူးရှင့်"

"ကျွန်တော်တို့ အသိတွေပဲ၊ ဆရာမ ကျွန်တော့်ကို သိပါတယ်၊ ကျွန်တော် ဆရာမရဲ့တပည့် ပွင့်ဝါတို့အိမ်ကို အမြဲလာတဲ့ ညွှဲသည်ပဲ၊ ကျွန်တော့်နာမည် ဉာဏ်ဒီပပါ၊ ကျွန်တော် လူကောင်းပါ။ ကျွန်တော်က New Idea Furnicture House မှာ အလုပ်လုပ်ပါတယ်။ ကျွန်တော် ဆရာမကို ခင်ချင်လို့ မိတ်ဆက်ရင်း ကားကြုံလိုက်ပို့တာပါ"

မြူပြာသည် ထိုပရိဘောဂကုမ္ပဏီကြီး၏ အမည်ကို ကြားရတော့ အထူးအဆန်း ဖြစ်မနေပါ။ အဲဒီပရိဘောဂကုမ္ပဏီကြီးက ပြည်တွင်းဖြစ်၊ နိုင်ငံခြားဖြစ် ပရိဘောဂများ တင်သွင်းရောင်းချခြင်း၊ ပြည်တွင်းဖြစ် ပရိဘောဂများကို နိုင်ငံခြားတင်ပို့ခြင်းလုပ်သော ကုမ္ပဏီကြီးမှန်း သိပါသည်။





သူ့ကိုတော့ ကုမ္ပဏီဝန်ထမ်း တစ်ယောက်ဟုပင် ...င်လိုက်မိသည်။ ကုမ္ပဏီမှာ တော်တော်လေး နေရာကောင်းလို့ ...မ္ပဏီတံဆိပ်ကပ်ထားသောကားနဲ့ မိုဘိုင်းလ်ဖုန်းနဲ့ဟု ထင်ခဲ့ ...။

သူဟာ ကုမ္ပဏီပိုင်ရှင် ဒေါ်စိန်မေရဲ့ တစ်ဦးတည်း ...သား ဆိုတာကို ချစ်သူတွေ ဖြစ်ပြီးမှ သိခဲ့ရတာပါ။

မြူပြာဟာ သူ့ကားဖြင့် ကာ ကြုံခေါ်သည်ကို ဘယ် ...တော့မှ မလိုက်ခဲ့သောအခါ ကားကြုံလိုက် ခေါ်ခြင်း သုံးလေးခါ ... သူ ကြိုးစားကြည့်ပြီးသောအခါ တစ်နေ့မှာတော့ သူဟာ ကား ... ရပ်ထားခဲ့ပြီး မြူပြာနဲ့ အတူပင် လမ်းလျှောက်လိုက်လာခဲ့ဖို့ ...ဖြတ်ခဲ့ပါသည်။

"ရှင် ဘာလိုက်လုပ်မလို့လဲ"

"ဘာမှ မလုပ်ပါဘူး၊ ဆရာမက ကျွန်တော် ကားကြုံခေါ်တိုင်း ဘယ်တော့မှ မလိုက်တော့၊ ကျွန်တော်လည်း မထူးတော့ပါဘူးဆိုပြီး ဆရာမနဲ့အတူတူ ဘတ်(စ)ကား လိုက်စီးဖို့ ဆုံးဖြတ်လိုက်တာပါ"

"ရှင့်ကို ဘယ်သူက အဖော်ခေါ်လို့လဲ"

"ကျွန်တော့်ဘာသာ ရွေးချယ်တဲ့လမ်းပါ၊ ကျွန်တော့်ကို ဆရာမက အဖော်ခေါ်ခေါ် မခေါ်ခေါ် ကျွန်တော်ကတော့ ဆရာမကို ကျွန်တော့်တစ်ဘဝလုံးရဲ့ အဖော်အဖြစ် သတ်မှတ်ထားတာလေ"

"ဘာပြောတယ်"

မြူပြာသည် လူငယ်လေး တစ်ယောက်လိုပဲ မြူပြာ့နံဘေး ကပ်ပါလာကာ ရည်းစားစကားပြောသော အဲဒ္ဒီလူကို ပြန်အော်ပစ်လိုက်မိသည်။

"ရှူး ... အဲဒီလောက် မအော်နဲ့လေ၊ ကျွန်တော် ဆရာမကို ချစ်လို့၊ အဟဲ ... အရမ်းမြတ်နိုးမိလို့ပါ၊ ဒါကြောင့် ကျွန်တော့်ဘဝမှာ မလုပ်ခဲ့ဘူးတဲ့ ကောင်မလေးတစ်ယောက်ဘေးက လိုက်ပြီး ရည်းစားစကား ပြောတာကို လုပ်မိတယ်"

"လုံကြည့်တော့ လူကြီးလူကောင်းလိုလို ဘာလိုလိုနဲ့"

"ဟုတ်တယ် ... ကျွန်တော်လုပ်တဲ့ ပုံစံက ကလေကချေဆန်နေတယ်၊ ဒါပေမဲ့ ကျွန်တော် မိန်းကလေးတစ်ယောက်ကို တစ်ခါမှ ရည်းစားစကားပြောဖို့ မကြိုးစားဖူးတော့ ဘယ်လိုလုပ်ရမှန်း မသိတာနဲ့၊ ကျွန်တော် ကြားဖူးနားဝ





ရှိတဲ့ ပုံစံမျိုးနဲ့ စမိတာပါ၊ ဆောရီး ... ကျွန်တော် ဆရာမကို ဣန္ဒြေပျက်အောင်တော့ မနှောင့်ယှက်သင့်ပါဘူး၊ ကျွန်တော် ပြောချင်တာတွေ တိုးတိုးပဲ ပြောချင်တာပါ"

"ရှင် ... ကျွန်မနောက် လိုက်မလာနဲ့"

"ဘာဖြစ်လို့လဲ"

"စိတ်အနှောင့်အယှက် ဖြစ်တယ်။ ရှင် ပြောချင်တာပြောပြီးရင် သွားတော့ပေါ့"

အဲဒ္ဒီလူက ပြုံးပြီး မြူပြာ့ကို စိုက်ကြည့်ကာ ငြိမ်နေ[illegible]သည်။ ဘတ်(စ)ကားလာတော့ မြူပြာ တက်လိုက်သွားလျှင်[illegible] မျက်စိတဆုံးငေးလျက် ကျန်ရစ်ဘတ်ပါသည်။

နောက်တော့ မြူပြာ သွားလေရာ နေရာတိုင်း သူ့[illegible]တွေ့ရတတ်လာသည်။ တွေ့တိုင်းလည်း မြူပြာ့ကို နေကောင်း[illegible]ဆိုတဲ့ စကားနဲ့ စတင်နှုတ်ဆက်ကာ စကားလာပြောတတ်[illegible] မြူပြာ့ကို သူ ဘယ်လိုချစ်ရတာဖြစ်ကြောင်းတွေ တဲ့တိုးပင်[illegible]တိုးလေး ပြောတတ်ခဲ့ပါသည်။

သူ့အပေါ် စတွေ့တွေ့ချင်းကတည်းက စိတ်ထဲမှာ [illegible]ယ်လိုမှ မနေခဲ့ပေမဲ့ သူ အခုလို ချဉ်းကပ်လာတာ ကြာတော့

လည်း မြူပြာ သူ့ကို တဖြည်းဖြည်း ပြန်စိတ်ဝင်စားသဘောကျ ဒီလာခဲ့ပါသည်။

သူ မြူပြာနောက်ကို တကောက်ကောက် လိုက်စောင့်တာလေးတွေကိုလည်း မိန်းကလေးပီပီ စိတ်ကြည်နူး နှစ်ခြိုက်ခဲ့ပါသည်။

သူနဲ့မြူပြာ စတင်တွေ့ဆုံချိန်ဟာ နှစ်ယောက်စလုံး အသက်နှစ်ဆယ့်သုံး နှစ်ဆယ့်လေး အရွယ်တွေပေမဲ့ နှစ်ယောက်စလုံး အချစ်ကို စတင်တွေ့ရှိခဲ့ချိန်တွေကတော့ ပထမဦးဆုံး အတွေ့အကြုံမို့ ဆယ်ကျော်သက်လေးတွေလိုပဲ ကလေးဆန်ဆန် အချစ်မျိုး ဖြင့်ချင်ဖြစ်လိမ့်မည်။

သူက မြူပြာ့ဆီက အဖြေကို တရိုရို အနားကပ်တောင်းတာမျိုး။ မြူပြာ့ကို ကက်ဆက်ခွေလေးတစ်ခု ပေးပြီး ထိုအခွေထဲတွင် "သဒ္ဓါကပိုသည် ဆရာမကိုပဲ အသည်းစွဲအောင် ချစ်မိသည်"ဟူသော စာသားပါသည့် သီချင်းတစ်ပုဒ်တည်းကိုပဲ ထပ်ခါတလဲလဲသွင်းပြီး ပေးတာမျိုး။ မြူပြာ့ အိမ်က အပေါ်ထပ်ဖြစ်ရာ အပေါ်ထပ်မှတစ်ဆင့် ပစ္စည်းအတင်အချ သတင်းစာအတင်အချလုပ်ဖို့ ခေါင်းလောင်းဖြင့် သွယ်ထားသောကြိုးကို ဝရန်တာမှ





တွဲလောင်းချထားလေရာ အဲဒီကြိုးမှာ နှင်းဆီလေးတစ်ပွင့် စာလေးတစ်စောင် လာချိတ်တာမျိုးတွေကို သူက ပြုလုပ်တတ်ပါသည်။

"အဲဒီလူက မဆိုးပါဘူး၊ ရုပ်သိပ်အချောကြီး မဟုတ်ပေမဲ့ ရုပ်သန့်တယ် မမြူပြာရဲ့။ ပြီးတော့ သိပ်တည်ကြည်တာပဲ၊ မမြူပြာကလွဲရင် ဘယ်မိန်းကလေးမှလည်း သေသေချာချာ မကြည့်ဘူး၊ သူ့ကမ္ဘာမှာ မိန်းမဆိုတာ မမြူပြာ တစ်ယောက်တည်းပဲ ရှိတယ်ဆိုတဲ့ ပုံစံမျိုးကြီး"

ဟု ညီမတွေက သူ ရောက်လာလျှင် အိမ်ပေါ်ထပ် ဝရန်တာမှ ချောင်းကြည့်ပြီး အမှတ်တွေ ပေးကြပါသည်။

သူ့ကို မြူပြာ သဘောကျပေမဲ့ အဖြေပေးဖို့ကျ ရှက်နေလေရာ ကိုယ်က ပြန်ချစ်နေမိပေမဲ့ တော်တော်နဲ့ အဖြေမပေးမိသေးဘဲ နေနေမိသေးသည်။

မိုးတွေ သိပ်ရွာသော တစ်နေ့ကျမှ မမျှော်လင့်ဘဲ အဖြေပေးဖြစ်သွားတာပါ။ ဘဝတစ်လျှောက်လုံးအတွက် အမြဲတမ်း အမှတ်ရနေမဲ့ နေ့ကသေး တစ်နေ့ပဲ ဖြစ်ခဲ့လေသည်။

မိုးတွေ အရမ်းရွာပြီး လမ်းမတွေ ရေလျှံနေသဖြ
မြူပြာသည် ကားမှတ်တိုင် ရှိရာကို မနည်းကြိုးစားပြီး စမ်းစ
စမ်းစမ်းနှင့် လျှောက်လာနေရသည်။

လေက တစ်ချက် ခပ်ပြင်းပြင်း တိုက်လိုက်တော
မြူပြာ့ ခေါက်ထီးက လန်တက်သွားပြန်သည်။

မြူပြာ ထီးကို ပြန်ပိတ်။ အရွက်တွေပြန်ဖြန့်
ဖွင့်တော့ ထီးကိုင်းက ကျိုးသွားမှန်း သတိထားမိသဖြင့် န
သွားပါသည်။ ခေါက်ထီးလှလှ အသစ်လေးကို မြူပြာ လွန်ခဲ့
နှစ်ရက်လောက်ကမှ ကျူရှင်ပြသောလခထဲမှ ဝယ်ခဲ့ရတာဖြစ်သည်

မြူပြာ ထီးကိုင်းကျိုးကြီးဖြင့် ဆောင်းရင်း ကားမှ
တိုင်ဆီ ဆက်လျှောက်လာစဉ် မြူပြာ့ဘေးက ပလက်ဖောင်းတ
ကားတစ်စီး ထိုးရပ်လာသည်။ မြူပြာ့ကို ရေတွေ စဉ်သွားခဲ့
သည်။





ကားမှန်တွေ လျှော့ချလာကာ ...

"ဆရာမ ... ကားပေါ်တက်ပါ၊ ကျွန်တော် လိုက်ပို့မှ ဖြစ်မယ်"

ဟု ပြောသံနှင့်အတူ သူ့ကို တွေ့ရပါသည်။

"တစ်ကိုယ်လုံး ရေတွေရွှဲနေပြီ၊ ဒီနေ့တော့ မငြင်းပါနဲ့၊ လိုက်ပို့ပါရစေ"

မြူပြာ နည်းနည်းတော့ တွေဝေသွားသည်။ လူဆို
တာ ကိုယ်အဆင်ပြေပြေနဲ့ အိမ်ပြန်ရမဲ့ခရီးကို ဒီလိုအချိန်မျိုးမှာ
လာတာမို့ မြူပြာ သူ့ကားနဲ့ အိမ်ပြန်ချင်ပါသည်။

သို့သော် တစ်ဖက်ကလည်း စိတ်ထဲမှာ သင့်တော်
လေား။ ဖြစ်သင့်ရဲ့လား ဆိုတဲ့ အတွေးကလည်း ခြောက်လှန့်
မြူပြာ ရပ်၍ တွေဝေနေခဲ့သည်။

"နေပါစေ၊ ဟော ... ဟိုမှာ ဘတ်(စ)ကား လာနေပြီမို့ ရတယ် ... ကျွန်မ သွားတော့မယ်"

ကားမှတ်တိုင်တွင် ဘတ်(စ)ကားရပ်လာတာ မြင်
မြူပြာ တွေဝေမှုတွေ ချက်ချင်း ပျောက်ကွယ်သွားကာ
(စ)ကားဆီ အာရုံရောက်သွားသည်။ မြူပြာ အဲဒီကို အပြေး
...

“ဆရာမ”

ဟူသော ခေါ်သံဖြင့် သူ ပြေးလိုက်လာတာကို တွေ့ရပါသည်။

အို ... သူ မိုးရွာကြီးထဲမှာ ...။

“ဆရာမ ... ဘတ်(စ)ကားက သိပ်ကျပ်နေတယ်၊ ဘယ်လိုမှ တက်လို့ရမှာမှ မဟုတ်တာ။ ဘာဖြစ်လို့ စီးနေမှာလဲ၊ ကျွန်တော့်ကားနဲ့ ကြိုရက်သားနဲ့ဗျာ”

သူ့ဆံပင် တိုတိုတို့က ရေစိုကာ ကပ်နေသည်။ သူ့တစ်ကိုယ်လုံး ချက်ချင်း မိုးရေတွေ ရွှဲနစ်သွားခဲ့ပါသည်။ မြူပြာ မျက်လုံးအဝိုင်းသားနှင့် ကြောင်ကြည့်နေစဉ် သူက မြူပြာ ထီးကို လှမ်းယူလိုက်တော့သည်။

“ဒီတစ်ခါမှ ခေါ်လို့မရရင်တော့ ဖြစ်ချင်တာ ဖြစ်တော့ဗျာ ကျွန်တော် ခင်ဗျားကို ကားပေါ်အတင်းဆွဲတင်ပြီး တစ်ခါတည်းပဲ ခိုးပြေးရလိမ့်မယ်”

“ဘာ ... ဘာ ... ဟင်း ... လူကိုများ ရှင်လုပ်ချင်တိုင်း လုပ်လို့ရမယ် ထင်လား”

“မဟုတ်ပါဘူး၊ ကျွန်တော်က သဘောပြောတာပါ၊ ဆရာမ အသာတကြည် လိုက်မယ်ဆိုရင် အဲဒီလို မလုပ်ပါဘူး။





မလိုက်ရင်တော့ လုပ်မယ်လို့ တကယ်ပြောတာပါ၊ ကျွန်တော် မလုပ်နိုင်ဘဲ အလကား ပါးစပ်က လျှောက်မပြောဘူး”

မြူပြာ စိတ်တိုပေမဲ့ ဒီထက်ပို၍ ငြင်းလည်း ရမှာမဟုတ်တာမို့ သူ့ကိုမျက်စောင်းထိုးကာ သူ့ရဲ့ Grande Mark II အမည်ရှိ ကားကြီးထဲကို ပထမဦးဆုံး ဝင်ထိုင်လိုက်ရပါသည်။ (အခုတော့ ကိုက Land Cruiser စီးမှပဲ လူရာဝင်တယ်ထင်ကာ ထိုကားနဲ့ လဲပစ်လိုက်တာ သိပ်မကြာသေး)။

ကားထဲရောက်တော့ နှစ်ယောက်စလုံး တစ်ပြိုင်နက် နှာချေမိကြလျှင် မြူပြာ ပြုံးမိသလို သူကလည်း အသံထွက် ရယ်ပါသည်။

“အချစ်ချင်းက တူညီနေတော့ အတူတူ နှာချေမိကြတာ ပေါ့”

“ဘာပြောတယ်”

“မြူပြာရဲ့ အချစ်နဲ့ ကျွန်တော့်အချစ်က ညီနေပြီလို့”

“ရှင့်ကားပေါ်မှာ ပါလာလို့ အခွင့်အရေးယူပြီး ပြောတာလား၊ ဒါဆို ကျွန်မ ခုပဲ ဆင်းမယ်၊ ကားရပ်ပေး”

“မြူပြာ ကျွန်တော့်ကို ဘာလို့ လက်မခံနိုင်ရတာလဲ”

သူက ခေါ်နေကျ ဆရာမ ဟူသော အခေါ်ကို မသုံးတော့ဘဲ မြူပြာ နာမည်ကိုပင် တွင်တွင်ခေါ်နေလေပြီ။

"ကျွန်တော် အရုပ်ဆိုးလို့လား"

"သိချင်ရင် ကိုယ့်ရုပ်ကိုယ် မှန်ထဲ ပြန်ကြည့်ပေါ့"

"မှန်ထဲမှာ ကြည့်တော့လည်း ကျွန်တော့်ဟာ ကျွန်တော် တော့ ငါ မဆိုးပါဘူး၊ ကြည့်ကောင်းသားပဲလို့ ထင်မိ တယ်"

သူ့စကားကို မြူပြာ ရယ်ချင်သွားပါသည်။

"ကျွန်တော် ပညာလည်း တတ်ပါတယ်၊ မြူပြာ့လိုတော့ အရမ်းအတော်ကြီး မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ တက္ကသိုလ် တက်ပြီး ဘွဲ့တော့ ရခဲ့တာပဲ၊ ပြီးတော့ ... ကျွန်တော် မဆင်း ရဲပါဘူး၊ အလုပ်အကိုင်နဲ့ပါ၊ ဝင်ငွေလည်း ရှိတယ်၊ မိန်းမ လည်း မရှုပ်ဘူး၊ ဒီတစ်ယောက်ပဲ ချစ်ဖူးတာ ...

အရက်တော့ သောက်တတ်ပေမဲ့ အရက်သမားဖြစ် လောက်အောင်တော့ မသောက်ဖူးပါဘူး။ သူငယ်ချင်းတွေ နဲ့စုံမှ ပွဲရှိမှ သောက်တာ။

စီးကရက်လည်း စွဲမသောက်ဖူးပါဘူး၊ တစ်ခါတလေ မှ အပျင်းပြေ ဖွာတယ်၊ အမေကလည်း စီးကရက်သောက်





တာ လုံးဝမကြိုက်တော့ သိပ်မသောက်ပါဘူး၊ လောင်းကစား လည်း မလုပ်တတ်ဘူး။ ဖဲမရိုက်တတ်ဘူး၊ ဖဲကို ဘယ်လို ရိုက်ရမှန်းကို မသိတာပေါ့"

မြူပြာ သူ့ကို ချစ်နေခဲ့ပြီ။ လက်ခံလို့လည်းရသော အနေအထားမှာ ရှိနေပြီ။ သို့သော် ... အဖြေပေးရမှာ ရှက်နေကာ ငြိမ်နေမိသည်။ ကိုယ့်ဘက်က သိပ်လွယ်လွန်းရာများ ကျမလားလို့ တွေးပူတာလည်း ပါပါသည်။

မြူပြာ မိုးမိသဖြင့် အအေးမိသလိုဖြစ်လျက် ထပ်၍ နှာချေပြန်သည်။ မြူပြာ လက်ကိုင်ပဝါက ရေစိုနေသဖြင့် ခေါင်း အရေတွေလည်း သုတ်လို့မနိုင်။

"မြူပြာ ... ရော့ ... ကျွန်တော့် လက်ကိုင်ပဝါနဲ့ ခေါင်း သုတ်လိုက်နော်၊ ကျွန်တော် ဘာမှ မသုတ်ရသေးပါဘူး၊ အိမ်က ထွက်လာခါစပဲ ရှိသေးတော့ လက်ကကိုင်လာရင်း ကားထဲထည့်ထားတာပါ"

"အို ... နေပါစေ၊ မယူပါဘူး"

"ရွံလို့လား"

"မရွံပါဘူး၊ ဒါပေမဲ့ ယောကျ်ားတစ်ယောက်ရဲ့ လက်ကိုင် ပဝါကို သုံးရမှာလေ၊ စဉ်းစားစရာပေါ့"

"ဒီမှာ ... လက်ကိုင်ပဝါကို ဒီဒက်(ရှ်)ဘုတ်ပေါ် တင်ထားမယ်၊ မြူပြာ ယူမသုတ်ရင် ကျွန်တော့်ကို ငြင်းတယ်လို့ သတ်မှတ်မယ်၊ ယူသုတ်ရင်တော့ ကျွန်တော့် အတွက် ပျော်ရမဲ့ အဖြေကို ပေးတယ်လို့ ယူဆပါတယ်"

သူက တော်တော့်ကို လူလည်ကျပါသည်။ မြူပြာဆီက အဖြေကို ဤနည်းနှင့် ရအောင်တောင်းဖို့ ဘယ်လိုက ဘယ်လို စိတ်ကူးရသည်ပင် မသိ။

သူလည်း ယောကျ်ားတစ်ယောက်မို့ မိမိပိုးပန်းနေသော မိန်းမတစ်ယောက်ရဲ့ တုံ့ပြန်မှုကို အကဲခတ်လို့ ရနေသည်ထင်ပါသည်။

သူ့ကို အဖြေပေးဖို့အတွက် သူကပဲ အလိုက်သိစွာ လမ်းဖွင့်ပေးခဲ့တာပါ။

မြူပြာ သူ့ကို ချစ်ခဲ့သည့်အတွက် မြူပြာ အိမ်ရှေ့ကားထိုးရပ်လျှင်ပဲ ကားဒက်(ရှ်)ဘုတ်ပေါ်မှာ တင်ထားသည့် သူ့ရဲ့လက်ကိုင်ပဝါမွှေးမွှ တဘက်လေးကို အသာယူ၍ ဆံပင်တချို့ကို တို့သုတ်ပြလိုက်မိပါသည်။





ပြီးတော့ ... လက်ကိုင်ပဝါကို ပြန်ထားခဲ့ကာ မြူပြာ ကားတံခါးဖွင့်၍ ဆင်းပြေးမိတော့သည်။ သူ့အသံက သဲ့သဲ့ကျန်ခဲ့၏။

"ကျေးဇူးပဲ မြူပြာရယ်"

အဲဒီနေ့ကစပြီး မြူပြာတို့ ချစ်သူတွေ ဖြစ်ခဲ့ကြလေသည်။ ချစ်သူတွေဖြစ်ပြီး သုံးလေးလကြာမှ စကားပြောရင်း ပြောရင်းနဲ့ သူဟာ ကုမ္ပဏီပိုင်ရှင်ရဲ့သား ဆိုတာကို သိခွင့်ရခဲ့တာပါ။

အဲဒီအခါမှာ အမှန်အတိုင်း ပြောရရင် မြူပြာ အင်ခတန်မှ ဝမ်းသာသွားခဲ့ပါသည်။ စီးပွားရေး သိပ်အကောင်းကြီး မဟုတ်သော၊ ငွေကြေးအလုံလောက်ကြီး မရှိသော ဘဝထဲမှာ နေသားကျပေမဲ့ တစ်နေ့ကျရင် ချမ်းသာချင်တယ် ဆိုတာမျိုးကိုတော့ လူတိုင်း စိတ်ကူးယဉ်ကြသလို မြူပြာလည်း စိတ်ကူးယဉ်ခဲ့ဖူးလေရာ ကိုဟာ သူဌေးတစ်ယောက်ဖြစ်မှန်း သိခဲ့ရလျှင် မြူပြာရဲ့ ခပ်ရေးရေး အိပ်မက်များဟာ ထင်ရှားသိသာလာခဲ့တော့တာလည်း ဖြစ်ပါသည်။

ညီမတွေကို မြူပြာ ပြန်ပြောပြလျှင် သူတို့ အသံတိတ်နေတော့သည်။ အတန်ကြာမှ အငယ်ဆုံးမ နန္ဒီက အရင်အသံထွက်လာပါသည်။

"အင်း ... အဲ့ဒါဆို ဘယ်ကောင်းမလဲနော်၊ ငါတို့က မမြူပြာတော့ မင်္ဂလာအကြီးအကျယ် ဆောင်ရတော့မယ်၊ ဖိုးလ်ဝီးလ်ဒရိုက်ဖ်ကြီး စီးရတော့မယ် ထင်နေတာ"

"ဟဲ့ ... နန္ဒီရဲ့ အဘွားကြီးက သူ့သားနဲ့ သဘောမတူတာကို အဲဒီလိုပုံစံနဲ့ ပညာသားပါပါ လုပ်ပြတာလေ၊ အလကား အဘွားကြီး"

"ဒေါ်စိန်မေကို ငါ မြင်ဖူးပါတယ်၊ အရမ်းခန့်တာပဲ၊ အဘွားကြီး မဟုတ်ဘူး၊ ငါးဆယ်ကျော်တော့ ရှိပေမဲ့ အရွယ်တင်တယ်"





စန္ဒီကပါ ဝင်ပြောတော့မှ စကားဝိုင်းက ပြန်စည်သာသည်။ မြူပြာတို့က ညီအစ်မလေးယောက် မတိမ်းမယိမ်းတွေ၊ သူငယ်ချင်းပေါင်း, ပေါင်းကာ နင်တွေ ငါတွေနဲ့ ပြောကြပြီး အားပတ်ဝန်းကျင်နဲ့လည်း သိပ်မဆက်ဆံသော သီးသန့်နေတတ်သော ညီအစ်မများ ဖြစ်ပါသည်။

"သားတစ်ယောက်တည်း ရှိတာ ကပ်စေးနည်းပြီး ပစ္စည်းဥစ္စာတွေ သူ့နာမည်နဲ့ပဲ ထားတယ်တဲ့၊ အံ့သြစရာပဲ"

"ညိုပြာရဲ့ ... အဲဒါ အမြော်အမြင် ကြီးတာဟဲ့၊ တစ်နေ့ကျရင် သူပေးစားချင်တဲ့ မိန်းမကို သူ့သားက မယူပါဘူး လုပ်နေရင် အခုလို မမြူပြာကို လုပ်တဲ့နည်းနဲ့ ပညာပြလို့ရအောင် ချုပ်ကိုင်ထားတာပေါ့။ ပညာယူထား၊ နင် သားမွေးရင် အဲဒီလို လုပ်ထားပေါ့"

"ဟီဟီ ... ငါတို့က မိန်းကလေးဦးရေ များတာ။ သားမွေးချင်မှမွေးမှာပေါ့၊ မေမေ့လို သမီးချည်းပဲ ဆက်တိုက်မွေးရင် ဘယ်နှယ့်လုပ်မလဲ"

"ဒါဆိုလည်း အခု ငါတို့ဖြစ်သလိုမျိုး ဝတ်ချင်တာ မဝတ်နိုင်၊ ဝယ်ချင်တာ မဝယ်နိုင်တာမျိုး မဖြစ်အောင်တော့ လုပ်ပေးရလိမ့်မယ်"

နန္ဒီက အငယ်ဆုံးမို့ သူ့ရင်ထဲမှာ ကျိတ်ခံစားရတာ တွေကို တစ်ခါထလေ ဤသို့ ညည်းတွားပြောတတ်ပါသည်။

"သြော် ... ဒီလိုလည်း ဘယ်ဟုတ်မလဲလေ၊ မိဘကတော့ ကိုယ့်သားသမီးကို လူတန်းစေ့ ဝတ်ရစားရတဲ့ ဘဝမျိုး ထားချင်မှာပေါ့"

"ကဲပါ ... မြူပြာ အကြောင်းပဲ ဆက်ပြောကြရအောင် ပါ၊ ဖေဖေတို့ မေမေတို့ အကြောင်း ပြောနေရင် ပြီးမှာ မဟုတ်တော့ဘူး"

"မြူပြာ ဘယ်လိုလုပ်မှာလဲ"

"ဘယ်လိုလုပ်ရမှန်းကို မသိဘူး၊ သူ့အမေလုပ်ပုံက ငါကပဲ သူ့သားကို ပြန်တင်ကျွေးရမဲ့ပုံနဲ့"

"ဟုတ်ပါ့"

ညိုပြာကတော့ မြူပြာ့ထက် အသက်တစ်နှစ်ခွဲသာ ငယ်လေရာ သူ့အတွေးအခေါ်ကတော့ မြူပြာ့လောက်နီးပါး ရင့်ကျက်နေလေရာ စကားကို စဉ်းစားပြီးမှ ပြောလိုက်ပါသည်။

"မြူပြာ ကိုဒီပကို ချစ်တယ်မဟုတ်လား"

"အေးပေါ့"





"ဒါဖြင့်လည်း တခြား ဘာမှစဉ်းစားတွေဝေမနေနဲ့တော့ ပေါ့၊ ကိုဒီပက ကိုယ့်ဘက်ပါနေပြီပဲ၊ သူလည်း လက်ထပ် ချင်ပြီဆိုတော့ လက်ထပ်လိုက်ပေါ့၊ တော်ကြာ သူ့အမေကြီး က မမြူပြာတို့ မယူဖြစ်သေးဘဲ အချိန်ဆွဲနေရင် သူ့သဘော ကျနေတဲ့ ကောင်မလေးနဲ့ ကောက်ပေးစားလိုက်ဦးမယ်"

"အို ... သူ့သဘော ပါရင်လည်း ယူပါစေပေါ့၊ ခုခေတ် ကြီးထဲမှာ သားသမီးကို ကိုယ်သဘောတူတာနဲ့ အတင်း ပေးစားတဲ့ခေတ်က ကုန်ပါပြီ"

စန္ဒီက လက်မခံသလို ပြောသည်။

"ဖေဖေနဲ့ မေမေ့ကို ငါ ပြောရင် နင်တို့လည်း ဘေးမှာ ရှိနေပါနော်"

မြူပြာသည် ညီမတွေကို အားကိုးသလိုနှင့် ပြောလိုက် ပါသည်။

"ကိုဒီပကို သိနေပါပြီ၊ သဘောမတူစရာတော့ မရှိပါဘူး။ သူ့အမေကြီး သဘောမတူဘူး ပြောတာကို သိရင်သာ ဖေဖေနဲ့ မေမေက စိတ်မကောင်းဖြစ်မှာ"

"အေးလေ ... ကြည့်ကျက်ပြောရမှာပေါ့၊ ဘယ်တတ်နိုင် မလဲ"

"အဘွားကြီးက အိမ်ကိုလာပြီး တောင်းရမ်းပါမလား၊ သူ့ကိုယ်သူ သူဌေးမကြီးဆိုပြီး ဘဝင်ကိုင်နေတော့ ဒီအိမ်ခန်းကျဉ်းကျဉ်းလေးကို လာရမှာ အောက်တယ်များ ထင်နေမလား မသိဘူး"

"ကိုဒီပကတော့ ပြောတာပဲလေ၊ သူ သဘောမတူတာမို့ ငွေကြေး ဘာအကူအညီမှ မပေးတာကလွဲရင် မိန်းကလေးဘက်ကို ကိုယ်ချင်းစာလို့ တတ်နိုင်သလောက်တော့ သူလာစရာရှိ လာပေးမယ်တဲ့"

"ဒါဆိုလည်း ပြီးတာပဲ၊ မမြူပြာ ဘာမှ စဉ်းစားမနေပါနဲ့၊ ကိုယ့်ကုသိုလ်ကံနဲ့ကိုယ် ဖြစ်လာတာပဲ၊ မင်္ဂလာကောင်းကောင်း မဆောင်ရတာကို စိတ်မကောင်း ဖြစ်မနေပါနဲ့ ..."

အရေးကြီးတာက တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိရှိနဲ့ ချစ်ကြပြီး နားလည်မှုတွေ ပေးကြမယ်ဆိုရင် အိမ်ထောင်ရေးက သာယာမှာပဲ ...

ကိုယ်ချစ်တဲ့သူနဲ့ ပေါင်းရပြီး သာယာတဲ့ အိမ်ထောင်တစ်ခုကို ပိုင်ဆိုင်ရရင်လည်း ကုသိုလ်ကံ, ကောင်းတာပါပဲ၊





မင်္ဂလာကောင်းကောင်း ဆောင်ရပေမဲ့ အိမ်ထောင်ကျပြီးမှ စိတ်ဆင်းရဲနေရတဲ့ စုံတွဲတွေမှ တစ်ပုံကြီး၊ ကိုယ့်အစ်မ မဆောင်ရလို့ တမင်မကောင်းပြောတာ မဟုတ်ပါဘူး၊ မင်္ဂလာအကြီးအကျယ်ဆောင်ပြီး၊ အဆင်မပြေခဲ့ရင် ဘယ့်နှယ့်လုပ်မလဲ။ နန္ဒီ့အလှည့် ကျရင်တော့ သူ့ဘက်က ဝါသနာပါလို့ မင်္ဂလာဆောင်မှသာ ဆောင်ရှော့ပဲ။ နန္ဒီက တော့ မင်္ဂလာဆောင်ကြီး လုပ်ဖို့ကို သိပ်ဖီလင်မထားပါဘူး၊ လက်မှတ်ထိုးပြီး ဘုန်းကြီးဆွမ်းကျွေး၊ သတင်းစာထဲ အသိအမှတ်ပြု ထည့်လိုက်ရရင် တော်ပါပြီ"

ညီအစ်မတတွေက နန္ဒီကို ဝိုင်းကြည့်ကြလျှင် ...

"ဟင် ... ဘာလဲ၊ နန္ဒီ ဘာမှားပြောလို့လဲ"

ဟု အလန့်တကြား ပြန်မေးပါသည်။

"နင့်အလှည့်ကျရင်လို့ ပြောလို့ပေ့ာ၊ ရည်းစားရှိနေပြီလား ဆိုပြီး ကြည့်တာ"

"အေးလေ ... အငယ်ဆုံးက ကျိတ်လုပ်နေတော့ ငါတို့ အစ်မသုံးယောက်က ဘာမှမသိရရင် အထိန်းအသိမ်းညံ့ရာ ရောက်တာပေါ့"

"မဟုတ်ပါဘူး၊ နန္ဒီ့မှာ ရည်းစားမရှိပါဘူး၊ သဘောပြော တာပါ။ မညိုပြာသာ သူ့သူငယ်ချင်း သဘော်သားကို သဘော်တစ်ခေါက် ပြန်လာမှ အဖြေပေးမယ် ဆိုတော့ မညိုပြာက ပိုတောင် သေချာသေး"

"မသေချာပါဘူးဟယ်၊ သဘော်သား ဖြစ်နေပေမဲ့ သူက တစ်အိမ်လုံးကို လုပ်ကျွေးနေရတာ။ လေဆိပ်ကို ငါလိုက် ပို့တော့ သူ့အမေ၊ သူ့အစ်မ ညီမတွေ ငါ့ကို ဝိုင်းကြည့်တဲ့ ပုံစံက သူတို့လက်ထဲမှာ ရောက်နေတဲ့ ရွှေအိုးကြီးကို ဝင် လုမဲ့ လုဆိုးသူခိုးကို ကြည့်တဲ့ပုံစံနဲ့ဟ၊ မစွံပါဘူး။ အိမ် ထောင်ရေးမှာ နှစ်ယောက်တည်းအပြင် အဲ့ဒီလို ဆားအပြင် လူတွေပါ ဝင်ပါလာရင်လည်း မသာယာပါဘူး"

"ကိုယ့်မိဘ ညီအစ်ကိုမောင်နှမကို လုပ်ကျွေးတာဟာ အိမ်ထောင်မကျခင်ထိပဲ လုပ်သင့်ပါတယ်။ အိမ်ထောင်ကျ ပြီးမှ ဆိုရင်တော့ လုပ်ကျွေးတာ မဟုတ်ဘူး။ ထောက် တာပဲ ဖြစ်သင့်တယ်၊ အဓိက,ကတော့ မိဘကိုပေါ့၊ ကိုယ် တတ်နိုင်သလောက် ထောက်ပံ့တာကို စန္ဒီတို့ကလည်း မကန့်ကွက်ပါဘူး၊ အဲ့ဒီလောက်လည်း မတိုထွာပါဘူး





ဒါပေမဲ့ ကိုယ့်မိသားစုထက်တော့ မပိုစေနဲ့ပေါ့။ ဒီ့ထက် ပိုပေးချင်ရင် ဒါဟာ မတရားတာပဲ။ ကိုယ့်မိန်းမနဲ့ ကလေး တွေကို မညှာတာမှုပဲ။ စန္ဒီသာ ဆိုရင် စောစောစီးစီး အပြတ်ဆွေးနွေးပစ်မယ်၊ မညိုပြာလည်း ငြိမ်ခံမနေနဲ့ အစတည်းက အပိုင်ဆွေးနွေးထား"

မြူပြာက ညီမတွေစကားကို ဟိုလူ့ငေး ဒီလူ့ငေး ငြိမ်နားထောင်နေခဲ့ပါသည်။ ဒီလိုမျိုး အိမ်ထောင်ရေးအကြောင်း ယူမဲ့ ယောကျ်ားဘက်က ပတ်သက်တော်စပ်ရမဲ့ လူတွေ ကြောင်း ဆွေးနွေးဝေဖန်တာမျိုး ဆိုတာဟာ ကိုယ့်ညီအစ်မ ရင်းတွေထက် ဘယ်သူကမှ ပိုပြီးဆွေးနွေးလို့ ကောင်းတာ တ်ပေ။

တော်ပါသေးရဲ့လေ … မြူပြာတို့မှာက တစ်ယောက် ဆိုရင် ဝိုင်းဆွေးနွေး တိုင်ပင်ဝေဖန်ပေးမဲ့ ညီအစ်မတွေက ယောက်တောင်မို့ ဘယ်လောက် အဆင်ပြေလိုက်သလဲ။

ကဲ … ကိုရေ … ကိုဒီပရေ … ရှင်တော့ မြူပြာ တွေကို ရင်ဆိုင်ဖို့သာ ပြင်ပေတော့။







## ၂

ဒေါ်စိန်မေသည် သားကို နမြောသလို စိုက်ကြည့်နေခဲ့သည်မှာ အကြာကြီးပင်။ သားဟာ အခုလိုမျိုး သာမန်ကာလျှံကာ မိန်းကလေးတစ်ယောက်ကို လက်တွဲတာမျိုး မဖြစ်သင့်ဘူး။

သားအတွက် ကိုယ်ရှာဖွေကြည့်ရှုထားတဲ့ မိန်းကလေးတွေဟာ မြူပြာထက် ပညာအရည်အချင်း မနိမ့်သလို ရုပ်ရည်၊ အကျင့်စာရိတ္တ၊ ဆွေမျိုးအသိုင်းအဝိုင်း၊ ငွေကြေးစည်းစိမ်တွေဆို မြူပြာ လိုက်မမီအောင်ဘောင် သာလွန်နေတာ သားလည်း ညီနေ၊ မြင်နေသားနဲ့။ ဘာကြောင့်များ မရွေးချင်သလဲ။

ဘာကြောင့် မြူပြာမှ မြူပြာ ဖြစ်နေရသလဲ။ ဒေါ်စိန်မေဟာ သားကို ရိုးရိုးသာမန်အဆင့်အတန်းထဲက မိန်းကလေးနှင့် သဘောမတူသော်လည်း သားက လိုချင်ပါသည်ပြောတော့ အတင်းအကျပ်ကြီး မတားပါ။

ပညာသားပါစွာပင် သား ဒီမိန်းကလေးကို ရွေးမယ်ဆိုရင် ဒါတွေ ဒါတွေတော့ မခံစားရဘူး။ လက်လွှတ်ရမယ်။ ဒီလိုဒုက္ခတွေ ကြုံရမယ်ဟုသာ လေအေးကလေးနှင့် ပြောခဲ့ပါသည်။

အခုတော့ သားက ဒုက္ခဆင်းရဲတွေကို မကြောက်ဘဲ ရဲရဲရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်ပြလျှင် စိတ်မကောင်းစွာပင် စောင့်ကြည့်နေရတော့လေသည်။

“မြူပြာ့ မိဘတွေက ပြောလိုက်တယ် အမေ။ မိန်းကလေးရှင်ဘက်က ထုံးစံအရ ယောကျ်ားလေးရှင်ဘက်က လာရောက်တောင်းရမ်းတာတော့ လုပ်ရမယ်တဲ့”

သားက ထိုစကားကို ထပ်ပြောနေသည်။

“သူတို့ သဘောတူပြီးသားပဲ၊ တောင်းဖို့က လိုသေးလား”





“ထုံးစံအရ လူကြီးတချို့နဲ့ မိဘတွေနဲ့ မိန်းကလေးအိမ်မှာ တွေ့ပြီး စကားနည်းနည်း ပြောရုံပါပဲတဲ့။ အဲဒီ့သဘောကို အမေ သိပါတယ်လို့ ပြောလိုက်တယ်”

“ဘာနဲ့ တင်တောင်းပါ ဆိုတာတွေ ပြောချင်လို့ ထင်တယ်”

“မဟုတ်ပါဘူး၊ မတင်တောင်းရပါဘူး၊ သား မြူပြာ့ကို အမေ့သဘောထားကို အသိပေးပြီးသားပါ၊ သူသိပါတယ်”

“အေး ... ဒါဖြင့်လည်း သူတို့ပြောတဲ့ရက် လာမယ်လို့ အကြောင်းပြန်လိုက်”

“ဟား ... ဟုတ်ကဲ့”

သား ဝမ်းသာသွားဟန်ကို မြင်လျှင် ဒေါ်စိန်မေ့ရင်ထဲတွင် ဒေါသတွေက အလိပ်လိုက် ဖြစ်လာပါသည်။

“သားတို့ဘက်က ဘယ်အမျိုး ခေါ်မှာလဲ၊ မြူပြာတို့ဘက်ကတော့ သူ့အဒေါ်သုံးယောက် ပါမယ်တဲ့၊ အဲဒီ့နေ့ကျ မနက်စာထမင်းကို သူတို့အိမ်မှာ ကျွေးမယ်တဲ့”

“အမေ့ဘက်ကလည်း မင်းအဒေါ်လင်မယား ခေါ်ပေါ့၊ ဒါပဲ ရှိတယ်၊ ဒါနဲ့ နေပါဦး၊ မင်းတို့က ဘယ်တော့လက်ထပ်မှာလဲ”

"အမေနဲ့ စကားပြောပြီးရင် လက်မှတ်ထိုးမဲ့ရက်၊ ဘုန်းကြီး
ကျောင်းမှာ ဆွမ်းကျွေးမဲ့ရက်၊ သတ်မှတ်ကြမယ်တဲ့"

"သြော် ... ငါ့သားက ဟိုတယ်ကြီးမှာ ကြီးကြီးကျယ်ကျယ်
မဆောင်ပေးနိုင်တော့လည်း ဘုန်းကြီးကျောင်းမှာ ဆွမ်းကျွေး
တဲ့အဆင့်ကို သူတို့ စိတ်ကျေလိုက်ရတာပေါ့လေ။ တော်
သေးတာပေါ့၊ အမေ မြင်ဖူးသလို ရပ်ကွက်ထဲမှာ မဏ္ဍာပ်
အသေးလေးထိုး၊ လော်စပီကာဖွင့်ပြီး မင်္ဂလာဆောင်တာ
မျိုး မလုပ်ပေလို့ပဲ၊ အဲဒါမျိုးသာဆိုရင် အမေ မလာဘူး
ရှက်ဖို့ကောင်းတယ်၊ တောမင်္ဂလာဆောင် ကျနေတာ
ဘေးကလူတွေကလည်း ကိုယ့်ကို ကြည့်နေကြတာ"

ဒီပသည် အမေ့မာနတွေကို သူပင် လိုက်မမီသည့်
အငေးသား ကြည့်နေပါသည်။

"ဒါနဲ့ မင်း နာရီက အသစ်ပါလား၊ အမေ သတိထား
တာကြာပြီ။ မင်းရဲ့ ဟိုလက်ပတ်နာရီရော"

"သားပိုင်ပစ္စည်းမို့ ရောင်းလိုက်တယ် အမေ"

"ဘာ ... မင်းက ဆယ့်ငါးသိန်းတန် နာရီကို ရောင်းပြီး
ဘာလုပ်ပစ်လိုက်လို့လဲ"





"သားတို့ အိမ်ထားနေဖို့ စဘော်တင်ရမယ် အမေ၊ အိမ်
ထောင်ပရိဘောဂတွေလည်း တချို့ ဝယ်ရတယ်၊ မင်္ဂလာဦး
ဆွမ်းကျွေးဧည့်ခံပွဲ ကိစ္စအတွက်လည်း ပိုက်ဆံကုန်စရာရှိ
တော့ သား ဒီလိုပဲ စီစဉ်လိုက်ရတယ်။ သားမှာ ဘာမှ
မပိုင်တာ၊ ကားလည်း အမေပိုင်တာ၊ ဘဏ်(ခ)အကောင့်ထဲ
လည်း အမေပိုင်ပဲ၊ သား စုထားတာ မဟုတ်ဘဲ သုံးဖို့
နောက်ဆုံး ယူထားတာကလည်း ပိုက်ဆံက သုံးသိန်းပဲရှိ
တာ၊ ဘယ်လောက်မလဲ၊ ဒါကြောင့် သားပိုင်တဲ့ နာရီတစ်
လုံးကို ရောင်းပစ်လိုက်ရတယ်၊ ဝယ်တုန်းက ဆယ့်ငါးသိန်း
နီးပါးပေမဲ့ ရောင်းတော့ ဆယ်သိန်းပဲ ရပါတယ်"

ဒေါ်စိန်မေ ရင်ဖိသွားသည်။ ရင်ထဲမှာလည်း နင့်
ါသည်။ ဒီလိုအကြံမျိုး သားဆီမှာတော့ ရှိမှာမဟုတ်။
ဲ အကြံပေးတာ ဖြစ်မယ်။ ဒေါ်စိန်မေသည် မြင်လည်းမ
ဘဲ နာမည်သာ ကြားဖူးသော မြူပြာကို တစိမ့်စိမ့် မုန်းနေ
လေသည်။

"အခု နာရီကတော့ ရှစ်သောင်းကျော် ပေးရတယ်။
ယောက်ျားဆိုတာ လက်ပတ်နာရီ ကောင်းကောင်းလေး

တစ်လုံးတော့ ရှိသင့်တယ်ဆိုပြီး မြူပြာက အတင်းပြန်ဝ
ပေးလို့ ပတ်ထားရတယ်"

"ဟဲ့ ... သူ ပြန်ဝယ်ပေးရအောင် မင်းမှာ ပိုက်ဆံမရှိ
လား"

"အသုံးစရိတ်တွေအတွက် မြူပြာ ထွက်ပြတော့ မြ
ကိုပဲ အပ်လိုက်တယ်လေ၊ ကျန်တဲ့ အိမ်ငှားတာ၊ ပရိဘော
ဝယ်တာတော့ မြူပြာနဲ့ သားကိုယ်တိုင်ပဲ စိတ်ကြိုက်ရှာ
ပိုက်ဆံက သူ့ဆီပဲ အပ်ထားလိုက်ပါတယ်"

"လက်ပတ်နာရီ ရောင်းဖို့ကို မင်းကို သူပဲ အကြံပေးတ
မဟုတ်လား"

ဒီပသည် အမေ့ မေးခွန်းကို တော်တော် အံ့သြသွ
ပါသည်။

"အမေ ဘာကြောင့် မြူပြာ့ကို အမြင်မကြည်တာလဲ၊
ဘာမှ မပြောပါဘူး၊ သူက ထိုင်မသိမ်းဝတ်ပြီး မင်္ဂလ
ဆောင်ချင်တယ်ဆိုတာ သား မလုပ်ပေးနိုင်တော့ မင်္ဂလာ
ဆွမ်းကျွေးလေးတော့ လုပ်မှဖြစ်မယ်လို့ လျှော့ပေးလိ
တာပဲ၊ အတင်းပူဆာမနေဘူး၊ ဒါနဲ့ ဆွမ်းကျွေးရင် ဘ





လောက်ကုန်မလဲဆိုတာ တွက်ချက်ပြီး အိမ်ငှားဖို့တွေ၊
ပရိဘောဂအကြောင်းတွေပါ ဆက်ပြောမိတော့ ဆက်ပြီး
စာရင်းတွက်ကြည့်မိတယ်၊ အဲဒါနဲ့ မြူပြာ့ဆီမှာရှိတဲ့ ပိုက်
ဆံနဲ့ သားမှာလက်ရှိပိုင်တဲ့ပိုက်ဆံ မလောက်တော့ သားဘာ
သာပဲ ဒီစိတ်ကူးရပြီး သူ့ကိုတိုင်ပင်ပြီး ရောင်းပစ်လိုက်
တာပါ။

ကိုယ်လက်ဆပ်ယူမဲ့ ဇနီးလောင်း တစ်ယောက်
အတွက် ဒီလောက်တော့ လုပ်ပေးသင့်ပါတယ်လို့ တွေးမိ
လို့ပါ"

"သူတို့ကလည်း၊ အကျယ်ချဲ့ပြီး ဆွမ်းကျွေးညှေ့ခံပွဲ လုပ်
နေရသေးတယ်ကွယ်၊ ကိုယ့်အခြေအနေ ကိုယ်ရောင့်ရဲတာ
မဟုတ်ဘူး"

ဒီပကတော့ အမေ့စကားကို သိပ်လက်မခံချင်သည်
ရော ပြေပြစ်စွာပင် ပြန်ရှင်းပြလိုက်မိပါသည်။

"သူ့မိဘဆွေမျိုးအသိုင်းအဝိုင်းကလည်း ရှိသေးတယ် အမေ၊
ပြီးတော့ သူတို့မှာ ညီအစ်မချည့်ပဲ ရှိတော့ သူကလည်း
သမီးအကြီးဆိုတော့ တင့်တင့်တယ်တယ် လုပ်သင့်တယ်၊

လုပ်ပြသင့်တယ်ပေါ့။ အမေ့အတွက် မြူပြာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းဟာ ပုရွက်ဆိတ်အုံလောက်ပဲ ရှိပေမဲ့ မြူပြာ တို့အတွက်ကျတော့ ကမ္ဘာတစ်ခု ဖြစ်နေတယ်လေ”

“ထားပါတော့ ... ထားပါတော့ ... ငါ့သားလည်း ယူတော့ မယူရသေးဘူး။ မှိုင်းမိနေပြီ၊ မြူပြာ့ဘက်က ကာကွယ် ပြောလိုက်ရတာ ... ပြောလိုက်ရတာ၊ ဟင်း ... အေး မင်းကလည်း မာနထားပြီး ငါ့ပိုက်ဆံ တစ်ပြားမှ ဆက် မသုံးတော့ဘူးဆိုရင် ငါကလည်း သားအမိကြားမေ့ သတ်သတ်မှတ်မှတ် လုပ်ရတော့မယ်၊ ခုရှုပ်မှ နောင်ရှင်း”

“ပြောပါ အမေ၊ ရပါတယ်”

“မင်းကို အမေ့ကုမ္ပဏီမှာ ရာထူးတစ်ခုပေးပြီး ဝင်လုပ်နိုင် တာပေမဲ့ လခအကြောင်း တစ်ခါမှ မပြောဖြစ်ဘူး၊ အခု တော့ မင်းက မင်းဘာသာ ကျေနပ်လို့ ရွေးတဲ့လမ်းကို လျှောက်ပြီ ဆိုတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရ မယ်”

“ဟုတ်ကဲ့ ... ဒါဖြင့်ရင် သား အမေ့ကုမ္ပဏီမှာ မလုပ်ရ တော့ဘူးလား”





“မင်းသဘောပဲ၊ လုပ်ရင်တော့လည်း အမေက ဘာမှမပြော ပါဘူး။ လခစားပဲရမယ်၊ အရင်ကလို ပိုက်ဆံလိုတိုင်း အမေ့ဆီက လာလက်ဖြန့်တာမျိုး မဖြစ်စေနဲ့”

“တော်ပါသေးရဲ့၊ သားက အမေ့ဆီမှာ မလုပ်ဘဲ တခြား မှာ အလုပ်သွားလျှောက်ရတော့မယ် ထင်လို့၊ သား ဒီ အလုပ်ကို ကျွမ်းကျင်နေပြီမို့ အမေ့ဆီမှာပဲ လုပ်ပါမယ်”

“ကောင်းပြီ ... ဒါဆို မင်းကို လခသုံးသောင်းပေးမယ်”

ဒီပ တွေဝေသွားပါသည်။ မြူပြာတောင် ဂိုက်လုပ်ခ၊ ချူရှင်ပြခ တစ်လစာပေါင်းရင် လေးသောင်းရတယ်ဟု သိထား ပါသည်။

ဒါတောင် မြူပြာက ကျောင်းတက်လက်စမို့ သိပ် မပြနိုင်ရာ ဂိုက်က ဆယ်တန်းကောင်မလေး တစ်ယောက်နှင့် ချူရှင်ကတော့ ဆယ်ယောက်ဝိုင်း တစ်ဝိုင်းသာ ပြနိုင်သေးသည်။ မြူပြာသာ ဝိုင်းတွေအများကြီး လက်ခံလျှင် ဝင်ငွေက မဆိုးလှ။

“အမှန်ဆို မြူပြာ ဒီလောကကို ဝင်တိုးဖို့ မလွယ်ဘူး၊ ဆေးကျောင်း ရောက်သွားတဲ့ သူငယ်ချင်းက မြူပြာ အကြောင်းညွှန်းပြီး သူပြရတဲ့ ဂိုက်အိမ်တွေကို ကြော်ငြာ

ပေးလို့ နေရာရတာ။ မြူပြာက ဆယ်တန်းအောင်တုန်းက မြန်မာတစ်ပြည်လုံးမှာ အင်္ဂလိပ်စာအမှတ် အများဆုံးဆိုတဲ့ ဂုဏ်ကြောင့် အင်္ဂလိပ်စာတော့ ပြခွင့်ရတာ။ ဝိုက်လုပ်ရတာမျိုးက များသောအားဖြင့် ဆရာဝန်လောင်း ဆေးကျောင်းသားတွေပဲ အထင်ကြီးပြီး အငှားခံရတာလေ"

ဟူ၍ မြူပြာက ပြောပြဖူးပါသည်။

ဒီပ အနေနှင့် အရင်ကတော့ မြူပြာ ဝင်ငွေလေးဟာ အမေ သူများသားသမီး မင်္ဂလာဆောင်တို့၊ မွေးနေ့ပွဲတို့၊ အမည့်ပေး ကင်ပွန်းတပ်တို့မှာ လက်ဖွဲ့တဲ့ငွေလောက်ပဲ ရှိတယ်ဟု တွေးမိပေမဲ့ အခုတော့ အမေနှင့် ဒီပတို့က စည်းတွေကမ်းတွေရှိလာရာ အမေ သိန်းထောင်နဲ့ချီပြီး ချမ်းသာခြင်းကား ဒီပနှင့် မဆိုင်တော့သလို ဖြစ်လာလေပြီ။ သူ ဒီလိုခံစားလာရလျှင် မြူပြာ ဝင်ငွေ သူ့ဝင်ငွေတို့ကိုလည်း တွက်ချက်တတ်လာတော့လေသည်။

"ဟဲ့ ... ဒီပ၊ ဘာငြိမ်နေတာလဲ၊ သုံးသောင်းရမယ်ပြောတာ ကြားရဲ့လား"

"ဟုတ်ကဲ့ အမေ၊ နည်းနေတယ်ထင်လို့ တွေးနေတာပါ"





"အဲဒီ့လခအပြင် မိုဘိုင်းလ်ဖုန်းသုံးခွင့်၊ မင်းဝယ်ထားတဲ့ Land Cruiser စီးခွင့်ရှိတယ်၊ လိုအပ်လို့ ပေးထားတာနော်၊ ရောင်းစားပစ်ဖို့ မစဉ်းစားနဲ့၊ အကုန် ငါ့နာမည်ချည့်ပဲ။ မင်းအတွက် ဖုန်းနဲ့ကားဟာ အမေ့ အလုပ်ကိစ္စတွေအတွက် မဖြစ်မနေ လိုအပ်နေလို့ ပေးသုံးထားတာ၊ အေးပေါ့လေ သူဌေးသားကို ပိုင်ရတော့လည်း မင်းရဲ့မြူပြာဟာ ဒါလေးတွေတော့ ကပ်သုံးခွင့်ရတာ အမြတ်ပေါ့"

"အမေ့အလုပ်ကိစ္စအတွက် လိုအပ်မှပဲ သုံးမှာပါ အမေ။ သားတို့ အိမ်ထောင်ရဲ့ ကိုယ်ကျိုးအတွက်တော့ မသုံးပါဘူး၊ သေရေး ရှင်ရေး အရေးကြီးမှ သုံးမှာပါ"

ဒီပကလည်း မာနလေးဖြင့် ပြန်ပြောနေသည်။ ဒေါ်စိန်မေက သားကို နှမြောစွာ ပြုံး၍ ကြည့်နေသည်။ အေးလေ ... ဒေါ်စိန်မေ မွေးထားခဲ့တဲ့ သားပဲ၊ မာနနေရာမှာတော့ အမေလောက်နည်းပါး ရှိမှာပါ။

စောင့်ကြည့်ရသေးတာပေါ့ ဒီပရေ။ မင်း အဲဒီ့ဆင်းရဲတွင်းထဲမှာ ဘယ်လောက်နေနိုင်မလဲလို့။

ကိုယ်ကတော့ သားရှင်မို့ ခပ်တင်းတင်းပဲ။ သားက သူ့သမီးကို မပေါင်းနိုင်လို့ ...။ ရှန်းကန်ရတဲ့ဒဏ်ကို မခံနိုင်လို့ ထွက်ပြေးလာခဲ့ရှင်လည်း အဆင်သင့် သားကို ကြိုရုံပဲ။

New Idea (နယူးအိုင်ဒီယာ)ကုမ္ပဏီလိမိတက် ပိုင်ရှင် ဒေါ်စိန်မေ့သား ဆိုရင် တစ်ခုလပ်ပဲဖြစ်ဖြစ် သမက်တော်ချင်တဲ့ မိဘတွေက ပေါမှပေါ ရယ်လို့ ဒေါ်စိန်မေက တိတ်ဆိတ်စွာပင် တွေးနေခဲ့ပါသည်။





ဉာဏ်ဒီပသည် ယောက္ခမလောင်းတွေကို ဘယ်လိုပြောရမှန်းမသိ ဖြစ်နေသည်။ မြူပြာ့ကို ခိုးကြည့်တော့ မြူပြာမျက်နှာမကောင်းလှတာကို သတိထားမိလျှင် လူကပိုပြီး အနေကျုံ့သွားပါသည်။

ဒီပ၏အဒေါ် (အမေ့ယောက်မ အဖေ့ညီမအရင်း) သင်မယားကတော့ အမေ့လောက်လည်း မာနမကြီး။ ဒီပကိုလည်း ကလေးတစ်ယောက်တည်း၊ အဖမဲ့သားမို့ ငယ်ငယ်ကတည်းက အိုးထိန်းကျောင်းပြီး အချစ်ပိုလာကြပြီး သူတို့ကိုယ်တိုင်မှာလည်း သားသမီး မထွန်းကားသည်မို့ ဒီပ မင်္ဂလာကိစ္စကိုတော့ စိတ်ဝင်စားစား ဝင်ပါချင်နေသည်။

အခုလည်း နှစ်ခါပင် မခေါ်ရ။ ဝမ်းသာအားရ လိုက်လာတာ ဖြစ်သည်။

"မမစိန်က ဟောက်ထားလို့ ငြိမ်နေရတာကွယ်၊ နောက်မို့ သားကို အန်တီတို့ကပဲ လက်ဖွဲ့ပြီး မင်္ဂလာဧည့်ခံပွဲကြီး လုပ်ပေးမလို့ပါ။ မမစိန်က နင်တို့ ဝင်မပါနဲ့၊ ငါ့ကိစ္စ ငါ ရှင်းမယ်၊ ငါပြောတာပဲလုပ် ဆိုလို့၊ သား ဒီလိုလေး အကျဉ်းချုံး လုပ်ရတာကို စိတ်မကောင်းစွာနဲ့ ကြည့်နေရတာကွယ်"

အန်တီလေးက တစ်လမ်းလုံး တဖွဖွ ပြောလာခဲ့သော စကားပင် ဖြစ်သည်။ အခုတော့ မြူပြာတို့အိမ်ကို တောင်းရမ်းဖို့ ရောက်လာသောအခါ ဝင်ထိုင်ပြီးသည်အထိ ဒီပ အသံတိတ်နေလေရာ လူကြီးတွေ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် မြိုးပြပြီး သူတို့ကိုယ်တိုင် ဘာစ,ပြောရမှန်းမသိ ဖြစ်နေတော့သည်။

မြူပြာ့ဖခင် ဦးကျော်ဒင်ကပဲ နောက်ဆုံးတော့ ချောင်းတစ်ချက်ဟန့်လျက် စပြောရပါသည်။

"အပေါ်ထပ် တက်လာရတော့ မောရောပေါ့၊ အရင် အအေးသုံးဆောင်လိုက်ပါဦးခင်ဗျ၊ ဪ ... ဒါနဲ့ ... ဒေါ်စိန်မေ ဆိုတာ ဘယ်သူပါလိမ့်၊ မောင်ဒီပ မိခင်က"

"ဪ ... ဒီလိုပါ၊ မမစိန် မနေ့ကညကပဲ စင်ကာပူကို





အရေးတကြီး ထွက်သွားရလို့ ပါမလာနိုင်ပါဘူး။ အလုပ်ကိစ္စ အရေးကြီးလို့ပါရှင်၊ ဒါကြောင့် ကျွန်မတို့ လင်မယားပဲ သားကိစ္စအတွက် ချိန်းထားတာ မဖျက်ချင်လို့ လာခဲ့ရတာပါ၊ ဒီလိုကိစ္စမျိုးက ခဏခဏ ချိန်းလိုက်၊ ဖျက်လိုက် လုပ်လို့မကောင်းဘူး ဆိုတော့လေ"

"ရပါတယ် ... ရပါတယ် ... အဆင်ပြေသလိုပေါ့"

"ကျွန်မ သားရဲ့အမေရဲ့ ယောက်မပါ၊ သားက ကျွန်မတစ်ဦးတည်းသော အစ်ကိုရဲ့ သားလေးပေါ့။ အစ်ကို ဆုံးသွားတော့ မမစိန် တစ်ယောက်တည်း စီးပွားရေးတွေ လုံးပမ်းနေရတော့ သားဟာ ကျွန်မနဲ့ပဲ ကြီးပြင်းလာရတော့ ကျွန်မရဲ့သားအတိုင်းပါပဲ"

ဒီပသည် ငြိမ်နေလို့ မကောင်းတော့လေရာ သူပဲ ဆက်ပြောလိုက်ရသည်။

"အန်ကယ်လ် ... ဒါက ကျွန်တော့်အဒေါ်ပါ၊ ဒေါ်နွယ်သဇင်ပါ၊ ဒါက အန်တီ့ခင်ပွန်း ဦးလင်းအောင်ပေါ့။ အမေကတော့ သူ့အလုပ်ကိစ္စအတွက် မလာနိုင်တာကို အားနာနေတယ်။ အလုပ်ကိစ္စက အရေးကြီးလို့ပါ အန်

ကယ်လ်။ အဲဒါ အန်တီလေးတို့နဲ့ပဲ ညှိပြီး မင်္ဂလာကိစ္စကို တိုင်ပင်ပေးပါ ခင်ဗျာ။

ဟို ... ကျွန်တော့်စကားထဲမှာ အမှားပါရင် ခွင့်လွှတ်ပါ ခင်ဗျာ။ ကျွန်တော် ဘယ်လိုအဆင်ပြေအောင် ပြောရမှန်း မသိလို့ပါ"

"ရပါတယ် မောင်ဒီပရယ် ... အန်တီတို့ကလည်း ဒီလိုလာမြန်းတဲ့ကိစ္စကို သဘောလောက်ပါပဲ၊ ထုံးစံအရ လုပ်တာပါလေ။ ယောကျ်ားလေးဘက်က အဆင်ပြေသလို ညှိလာရတာ ကျေနပ်ပါတယ်"

အမှန်တော့ မေမေ သိပ်မကျေနပ်ဘူးဆိုတာ မြူပြာ သိသည်။ မေမေက မြူပြာ့ကိစ္စကိုဆို သမီးကြီးမို့ တော်တော့်ကို အရေးပေးကာ ကောင်းတာတွေပဲ ဖြစ်စေချင်သူပါ။

ကိုဒီပအမေ သဘောက သိပ်မဟန်ဘူး ဆိုတာကို မေမေလည်း မြူပြာ ပြော၍ သိပြီးဖြစ်လေရာ ဒီမိန်းမကြီး တမင်ရှောင်ထွက်သွားမှန်း မသိဘဲ နေမှာမဟုတ်။

မြူပြာတို့ ညီအစ်မတစ်သိုက်နှင့် အဒေါ်အုပ်စုကတော့ မျက်စပစ် လက်ကုတ်နေကြလေပြီ ။





အိမ်ရှေ့မှာ ထွေရာလေးပါး စကားပြောနေကြသော လူကြီးအုပ်စုကို ထားပြီး၊ နောက်ဖေးတွင် ထမင်းဟင်း ခူးခပ်ပြင်ဆင်နေကြစဉ် ညီအစ်မ တစ်သိုက် အတင်းအုပ်သံတွေက တိုးတိုးတိတ်ကျိတ်။

"မမြူပြာရေ ... ဒေါ်စိန်မေကတော့ စပြီး ပညာပြနေပြီ"

"အလကား ... အိမ်လာရမှာ အောက်တယ်ထင်ပြီး၊ မလာတာ စန္ဒီရဲ့"

"စိန်တစ်ဆင်စာနဲ့ တင်တောင်းခိုင်းမှာ စိုးလို့ထင်တယ်"

"နန္ဒီ့အစ်မက စိန်တစ်ဆင်စာ မလိုပါဘူး၊ သူ့သားတစ်ယောက်လုံး ပိုင်ပြီပဲ"

"ဟဲ့ ... ကောင်မလေးတွေ၊ တိုးတိုးလုပ်ဟဲ့။ သူ့အမေကိုမကြည့်ပေမဲ့ မောင်ဒီပနဲ့ သူ့အဒေါ်ကိုတော့ အားနာဖို့ကောင်းတယ်၊ အဲဒီအမျိုးသမီးက စိတ်သဘောကောင်းပုံရပါတယ်"

"ဝတ်ထားတဲ့ စိန်တွေမှ ပြည့်နေတာပဲ၊ သူ့တူကို သူပဲ ချေ့ခံပွဲ ဝင်လုပ်ပေးပါလား၊ အဲဒါကျတော့ မလုပ်ပေးဘူး အန်တီဝါရဲ့၊ သူ့အဒေါ်လည်း ကတ်သတ်တာပါပဲ"

မြူပြာတို့အဒေါ် ဝါဝါက လူကြီးပီပီ တူမတွေရဲ့ မကျေနပ်ချက်ကို ထိန်းသိမ်းပြောလေသည်။

"သြော် ... တူလေကွယ်၊ သားမှ မဟုတ်တာ၊ သူကချစ်လို့ လုပ်ပေးချင်ပါတောင် ယောက်မဖြစ်တဲ့ ဒေါ်စိန်မေက ငါ့သားကိစ္စ နင်ဝင်မပါနဲ့ဆိုရင် ဘယ်ပါရဲမလဲ၊ အမေကိုတော့ ဘယ်သူကမှ ကျော်မလုပ်ရဲဘူးပေါ့၊ ဒါကို နားလည်ရမယ်"

"မင်္ဂလာဆွမ်းကျွေး ကျရင်တော့ ဒေါ်စိန်မေ လာပါ့မလားမသိဘူး"

"အဲဒါတော့ လာမယ်ထင်တာပဲ၊ အဲဒီလောက်ကြီး လုပ်ဖို့ မသင့်တော်ဘူးဆိုတာ သူလည်း သိမှာပါ"

ထမင်းဝိုင်းကတော့ မြူပြာတို့ အိမ်နောက်ဖေးခန်းရှိ ခေါက်သိမ်း၍ရသော ဖော်မီကာကပ် ထမင်းဝိုင်းတွင်ပဲ ပြင်ဆင်ပါသည်။

မြူပြာတို့အိမ်က ကျဉ်းသဖြင့် အိမ်ရှေ့ခန်းပြီးလျှင် အိပ်ခန်းတစ်ခန်း အလယ်မှာခြားပြီးတာနှင့် နောက်ဖေးထမင်းစားခန်း နေရာလွတ်ရှိနေပြီး ရေချိုးခန်း အိမ်သာနှင့် မီးဖိုခန်းတို့ကလည်း တော်ရုံသင့်ရုံသာ ကျယ်ပါသည်။





ရန်ကုန် အိမ်ခန်းတို့ ထုံးစံအတိုင်း ထမင်းစားပွဲကြီးချ ထမင်းစားပြီးလျှင် ခြေထောက်ရှည်တွေကို ခေါက်ကာ နံရံကပ်ထားလိုက်ရုံသာ၊ အဲဒီနောက်ဖေးခန်းက မြူပြာတို့ ညီအစ်မအားယောက် ညဘက်ဆို အိပ်ရာခင်းအိပ်သော နေရာလည်း ဖြစ်ပါသေးသည်။

ထမင်းစားသောက်ပြီး အချိူပွဲတည်းကာ မင်္ဂလာကိစ္စအနည်းငယ် ဆက်ပြောကြပြီးလျှင် ဒီပတို့လူသိုက်က နှုတ်ဆက်ကာ ပြန်ခဲ့ကြပါသည်။

ကားပေါ်ရောက်တော့ ဒီပ အဒေါ်ကပဲ သူ့ဘာသာ သဘောကျသပ်သလို စပြောလေသည်။

"သူတို့ ကြည့်ရတာ သာမန်မိသားစုလေးမှန်း သိသာတယ်၊ သိပ်ချို့ငဲ့တာလည်း မဟုတ်ဘူး၊ သိပ်ပြည့်စုံတယ်လည်း မဟုတ်ဘူး၊ တော်ရုံသင့်ရုံ နေနိုင်စားနိုင်တဲ့ မိသားစုလေးပဲနော်"

ဒီပက ဟက်ခနဲ ရယ်မိပါသည်။

"အန်တီလေးက ဘယ်လို မျှော်လင့်ထားလို့လဲ"

"မသိဘူးလေ၊ တိုက်ခန်းမှာနေတယ် ဆိုတော့ တချို့လည်း အန်တီလေး အသိတွေ တိုက်ခန်းတွေမှာ နေကြတာပဲ။ မြ နဲ့ဝန်းနဲ့တော့ မကပ်နိုင်လို့သာ တိုက်ခန်းနဲ့ နေကြတာ အိမ်တွင်းအပြင်အဆင်ကျတော့ တော်တော့်ကို ပြည့်စုံခ နားတာမျိုးလေ။ သား ကောင်မလေး မိသားစုကျတော့ အင်း ..."

"အန်တီလေး အမြင်မှာ သိပ်ကို နံချာနေမှာပေါ့၊ တ အဟောင်းလေးတစ်လုံး၊ ဒက်(ခ)လေးတစ်လုံး၊ သာ ကြိမ်ဆက်တီတစ်စုံအပြင် ဘာမှ မထူးခြားတဲ့ အိမ်ခန်းတ ဖြစ်နေတာလေ"

"အေးကွယ် ... မမစိန်ကတော့လည်း မာနသိပ်ကြီးပြီး သားလေးတစ်ယောက်တည်းမို့ အရမ်းမျှော်လင့်ထားတော လည်း သူက ဘယ်ကျေနပ်နိုင်ပါ့မလဲ"

ဦးလင်းအောင်က သူ့မိုဘိုင်းလ်ဖုန်း မြည်လာ လက်ခံပြောနေရာ တူဝရီးနှစ်ယောက် စကားဝိုင်းကို ဝင်မပါနိုင်ပေ

"အန်တီလေးကရော"





"ဩော် ... မေးနေရသေးတယ်။ အဆင့်အတန်း ဆိုတာ လူတွေက သတ်မှတ်တာပါ၊ အန်တီလေးက ဘယ်လိုမှ စိတ်ထဲမှာ မထားပါဘူး။ မြူပြာတို့ ညီအစ်မ ချောချော လေးတွေ မပြည့်မစုံ နေရတော့ ကရုဏာတောင် သက်သေး တယ်။ ကောင်မလေးတွေများ ရွှေဘောလုံးနားကပ်လေး တွေကလွဲရင် ဘာမှရှိပုံ မရဘူး။ မိန်းကလေးတွေ ကြည့် လိုက်တော့လည်း သူ့ဣန္ဒြေနဲ့ သူ့သိက္ခာလေးတွေနဲ့မို့ ချီးကျူးမိတယ်။ တချို့တွေများဆို ဝတ်ချင်စားချင်စိတ် ရမ္မက်တွေ သိပ်များပြီး မထိန်းချုပ်နိုင်တော့ မလုပ်သင့်တဲ့ အလုပ်တွေလုပ်ပြီး ဝတ်စားကြတာ မြင်ဖူးတယ်။ သူတို့ လေးတွေကတော့ မိဘအုပ်ထိန်းမှုအောက်မှာ သေသေဝပ်ဝပ် နေကြတဲ့သူတွေမို့ အဲဒီဂုဏ်ပုဒ်ကတော့ သဘောကျစရာ လေးပေါ့"

ဒီပက ကျေနပ်သဘောကျစွာ ပြုံးရင်း ...

"သူတို့ညီအစ်မတွေက ကျောင်းတစ်ဖက်နဲ့ အလုပ်ကိုယ်စီ ရှိကြတာလေ။ ညီမတွေက အဝေးသင်တက်ရင်း သူ့အဖေ အလုပ်လုပ်ရတဲ့ ကုမ္ပဏီမှာပဲ ဝင်လုပ်နေကြတာပေါ့"

"အင်း ... မြူပြာ့ကိုတော့ အန်တီလေးက ပုလဲနားကပ်
လေး တစ်ရံတော့ လက်ဖွဲ့မှာပါ၊ ပုလဲလုံးဘေးမှာ စိန်ပွင့်
သေးလေးတွေ ရံထားတဲ့ နားကပ်လေ၊ စိန်က အကြွေ
မို့ သိပ်မကျပါဘူး။ သားအတွက်တော့ အန်တီလေး
တစ်သိန်း လက်ဖွဲ့မယ်"

"ဟာ ... ရပါတယ်၊ ကျွန်တော်တို့ ဘာသာလည်း အဆင်
ပြေသလောက် ဖြစ်နေပါပြီ၊ အမေ ဆူနေဦးမယ် အန်တီ
လေးရဲ့။ အဲဒီလောက်ကြီး လက်ဖွဲ့တော့ ... သူက

"အို ... လက်ဖွဲ့တာတော့ကွယ် မမစိန် မသိလည်း ရ
တယ်"

ဦးလင်းအောင်က ဖုန်းပြောအပြီးမှာ ဝင်မေးလိုက်
ပါသည်။

"ဒါနဲ့ သားတို့က ဘယ်မှာနေမှာလဲ"

"အိမ်ငှားနေရမှာပါ"

"မမစိန်က အိမ်ခန်းလေးတော့ ဝယ်ပေးဖို့ ကောင်းပါတယ်
ကွာ"





"နေပါစေ အန်ကယ်လ်၊ ကျွန်တော်က သူ့ သဘောမတူတာ
လုပ်ချင်တဲ့လူ ဆိုတော့ ဘာမှ မတောင်းချင်တော့ဘူး၊
အမေ ကျေနပ်လို့ ပေးတာပဲ ယူတော့မယ်"

"အိမ် ဘယ်မှာငှားလဲ"

"မြို့ထဲမှာပဲ၊ ဗိုလ်ချုပ်လမ်းမပေါ်နဲ့ ရေကျော် တစ်ဝိုက်၊
နောက် လမ်း(၄၀)ကျော်ကျော် လမ်းတွေတစ်ဝိုက် လျှောက်
ကြည့်ထားတာတော့ ရှိတယ်၊ မရွေးရသေးဘူး။ မြူပြာ
ကြိုက်တဲ့နေရာ ရွေးလို့ ပြောထားတယ်"

"အိမ်က ဘယ်လို ငှားမှာလဲ"

"စဘော်နဲ့ အခန်းပဲ ရှာထားတယ်၊ စဘော်ဆိုတော့ မဆိုး
ဘူးတဲ့၊ နှစ်ချုပ်နဲ့ငှားရင် ဘာမှ အဖတ်မတင်ဘဲ ပိုက်ဆံ
ကို ရေထဲပစ်ချလိုက်သလို ဖြစ်မယ်တဲ့"

"မင်းစကားနောက်မှာ တဲ့ပါရအောင် ဘယ်သူက ပြောလို့
လဲ"

"မြူပြာ ပြောတာပဲလေ၊ ကျွန်တော်ကတော့ သူနဲ့ကျမှသာ
ဒါတွေ ကြားဖူးတာပါ၊ အရင်ကဆို ဘာမှန်းတောင် မသိ
ဘူး"

"အေးပေါ့ကွာ၊ အမြဲတမ်းကြီး တိုက်နဲ့ကားနဲ့ နေလာရတဲ့ လူက ဒီလို အခြေအနေတစ်ခုထဲ ရောက်သွားတာလဲ အတွေ့အကြုံ တစ်ခုပေါ့၊ သင်ခန်းစာ တစ်ခုပေါ့၊ ဘဝ အသစ်တစ်ခုပေါ့၊ အဲဒီထဲကနေ ကိုယ်မသိသေးတာတွေ သိလာရတာလည်း ကိုယ့်အတွက် အမြတ်ပါပဲ သားရယ်"

ဒီပသည် ရှေ့တွင် ခပ်ဝါးဝါး ထင်နေပြီဖြစ်သော သူနဲ့ မြူပြာတို့ တွဲလျှောက်ရမဲ့ လမ်းကို စိတ်လှုပ်ရှားတက်ကြွ စွာ စိတ်ကူးယဉ်နေမိပါသည်။

ချစ်သူနဲ့ အတူတူ နေကြရမဲ့ ဘဝကို ဘယ်သူက ရော မပျော်ဘဲ နေပါ့မလဲ။ စိတ်မလှုပ်ရှားဘဲ နေပါ့မလဲ။ ရင်ခု ခုန်ဘဲ နေပါ့မလဲ။

ဘာအခက်အခဲတွေပဲရှိရှိ။ ကိုယ် ချစ်ရတဲ့ ချစ်သူကို ပိုင်ဆိုင်ရရင် ဒါတွေကိုလည်း ရင်ဆိုင်ရဲလာခဲ့တာပဲလေ။ အခုဆို ဆယ့်ငါးသိန်းတန် လက်ပတ်နာရီ မပတ်ရဘဲ ရှစ်သောင်းတန် နာရီ ပတ်ရလည်း သူ နေတတ်သားပဲ။

ဒီပသည် သူ၏ အူကြောင်ကြောင် အတွေးတွေကို သူ့ဘာသာ သဘောတကျ ပြုံးနေမိခဲ့တော့လေသည်။





မင်္ဂလာဆွမ်းကျွေးမို့ ဟိုတယ်ရှိ ဧည့်ခံပွဲကြီးများနှင့် ...ယှဉ် ကုန်ကျစရိတ် အများကြီး သက်သာပေမဲ့ သူ့အတိုင်း ...အွာ သူ့နေရာနှင့် သူတော့လည်း တော်တော်လေး ကုန်ကျပါ ...သည်။

ဘုန်းကြီးကျောင်းမှာ ဆွမ်းကျွေးသည် ဆိုပေမဲ့ ...န်းကြီးကျောင်းရှိ ဧည့်ခံရာ ဓမ္မာရုံကြီးမှာ ကျွေးမွေးဧည့်ခံရပါ ...သည်၊ ဖိနပ်ချွတ်စရာ မလိုဘဲ စားပွဲကုလားထိုင် ထမင်းဝိုင်း ...ွမ္ဘီ ကုလားထိုင်ပေါ်မှာ ထိုင်ကြရသည်။

ဘုန်းကြီးကျောင်းကြီးက သတ်သတ်၊ ဓမ္မာရုံကြီးက သတ်သတ်၊ နေရာယူထားခြင်းဖြစ်ပြီး ကားရပ်စရာ နေရာလည်း ...ယ်ဝန်းလှ၏။

သူတို့၏ မင်္ဂလာဦးဆွမ်းကျွေးအလှူတွင် ထောပတ် ...မင်း၊ ကြက်သား စသည့်ဟင်းအတွဲတို့ဖြင့် ဧည့်ခံနိုင်ပါသည်။

“ကို ပေးတဲ့ပိုက်ဆံ စုစုပေါင်း ဆယ့်သုံးသိန်း ဆိုတာ ဟာ မြူပြာ ဝတ်ချင်တဲ့ ထိုင်မသိမ်းဝတ်ပြီး ဟိုတယ်ကြီး တစ်ခုမှာ မင်္ဂလာဆောင်ဖို့ ကောင်းကောင်း လုံလောက်ပေ မဲ့ မြူပြာ အဲဒီလောက်ထိ မမိုက်ချင်ဘူးလေ၊ အဲဒီငွေကို ဒီတစ်နေရာမှာ အကုန်သုံးလိုက်တာထက် ခွဲခြမ်းစိတ်ဖြာ ပြီး သင့်တော်တဲ့ မင်္ဂလာဧည့်ခံပွဲတစ်ခုရယ်၊ ငှားရမ်းစရာ အိမ်ရယ်၊ ဝယ်စရာ အိမ်ထောင်ပရိဘောဂရယ် အတွက် အသုံးချလိုက်တာဟာ မြူပြာတို့ နှစ်ယောက် မင်္ဂလာ ဆောင်ပြီးရင် ဘာမှ စိတ်ပူစရာတွေ ကြုံဖို့မရှိတော့ဘူး ပေါ့”

ဒီပသည် သူမ၏ကျောင်းမှ သူငယ်ချင်းမိတ်ဆွေ အုပ်စုကို ပြုံး၍ဧည့်ခံနေသော မြူပြာ့ကို ငေးပြီး မြူပြာ ပြောတာ တွေ ပြန်သတိရနေပါသည်။

မြူပြာက ပန်းတွေဝေနေအောင် ပန်ထားသော ဆံထုံးပုံ့ပုံ့၊ နုံ့သာရောင် ချိပ်လုံချည်၊ မြန်မာအင်္ကျီနှင့် ပဝါကို ခြုံ ထားသော အပြင်အဆင်နှင့်မို့ မြင်ရတာ တစ်မျိုးထူးခြားပြီး ပိုလှနေသည်။





“မင်္ဂလာဆွမ်းကျွေးပေမဲ့လည်း သူ့ဟာနဲ့သူတော့ သင့်တော် သလို ဝတ်စားရတယ်၊ အဝတ်အစားဖိုးက နှစ်သောင်းကျ တယ်။ အလှပြင်တဲ့သူဆီမှာ ပြင်ခက ပန်းအပါအဝင် တစ်သောင်း ပေးရတယ် ဆိုတော့ မြူပြာ့ အတွက် သုံး သောင်းကုန်တယ်။ ကို့အတွက်က တိုက်ပုံ၊ ပုဆိုးတစ်စုံမှ တစ်သောင်းပဲ ကျတယ်၊ မဆိုးပါဘူး။ ဟိုတယ်မှာဆောင် ရင် မြူပြာ တစ်ယောက်တည်းတင် တစ်သိန်းဖိုးလောက် ကုန်မယ်”

ဟုလည်း မြူပြာက သူ့ကို ဘာပဲတွက်ပြတွက်ပြ “ဟိုတယ်မှာ”ဆိုတဲ့ ကုန်ကျစရိတ်ကိုတော့ တွင်တွင်ပြောပြပါ သေးသည်။

အဲဒီစကား ကြားရတိုင်း ဒီပ ရင်ထဲမှာ မကောင်းလှ ပါ၊ သြော် ... သူ တော်တော်ဟိုတယ်မှာ မင်္ဂလာဆောင်ချင်ပုံ ရတယ် လို့ တွေးကာ သူ့ကိုယ်သူ မလုံသလို ခံစားရပါသည်။

အမေကတော့ ဧည့်သည်တွေလိုဖင် ဆွမ်းကျွေးအလှူ ပြီး တစ်နာရီလောက်ကြာမှ လူတော်တော်စည်နေမှ လက်ဖွဲ့ အိတ်ကြီးဖြင့် တစ်ယောက်တည်း ရောက်လာသည်။

အမေက ကားကို ကိုယ်တိုင်လည်း မောင်းမပေမဲ့ ဒီလိုမျိုး မင်္ဂလာဆောင်၊ အလှူ စ,တာတွေလာရင်တော့ ဒရိုင်ဘာ သုံးလေရာ အမေ့မာစီဒီးစ်ကိုတော့ ဒရိုင်ဘာက မောင်းပေးလေသည်။

"မြူပြာ ... ဒါ ကို့အမေလေ"

အခုမှပင် ယောက္ခမနှင့် ချွေးမတို့ တစ်ယောက်ကို တစ်ယောက် အသေအချာ မြင်ဖူးတာ ဖြစ်ပါသည်။ လက်မှတ်ထိုးသော နေ့ကလည်း အမေ မလာဖြစ်ပါ။ ဒီပ အဒေါ်လင်မယားဖြင့်သာ မျက်နှာပူပူနှင့် မြူပြာ့ဆီ လာရတာဖြစ်သည်။ အဲဒီနေ့ကတော့ တရားရုံးမှာသွားပြီး လက်မှတ်ထိုးခြင်းကို အမေက ဘာကြောင့် မလိုက်ရသလဲ ဆိုတာ ဒီပ စဉ်းစားမရပါ။

"အမေ ... ဒါ သားရဲ့ဇနီး မြူပြာလေ"

"ဩော် ... အေး ... အေး ..."

အမေ့ဆီက အသိအမှတ်ပြုသောအသံ ထွက်လာပါသည်။ မြူပြာကား ရင်ထဲမှာ အခါများစွာ နာနေသည်ဖြစ်ရာ တော်တော့်ကို ကြိုးစားပြီး ပြုံးလိုက်ရ၏။

"လူတော်တော်များများ ဖိတ်ထားတာပဲ၊ ဟုတ်လား"





"ဟုတ်တယ် အမေ။ သားကတော့ သူငယ်ချင်းတွေနဲ့ ကုမ္ပဏီကလူတွေ အကုန်ဖိတ်တာပဲ။ မြူပြာတို့ကတော့ သူတို့နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေ ဖိတ်ကြတယ်"

"အေးပေါ့၊ ဘုန်းကြီးကျောင်းအလှူ ဆိုတော့လည်း အဖိတ်ခံရရင် မိသားစုလိုက် လာကြတော့ များမှာပေါ့"

အမေက သူ့ကို သိပ်စကားမပြောသည့် ချွေးမကို ချစ်ချစ်ခင်ခင်ပင် ဆက်မပြောဘဲ ဒီပကိုသာ ဦးတည်ပြီး စကားပြောလေသည်။

ဒီပကတော့ အမေနှင့် ချစ်သူကြားမှာ စိမ်းနေသော ဆက်ဆံရေးကို ရင်လေးပြီး ချွေးပြန်လာသည်။

အမေက သူ့ပိုက်ဆံအိတ်ကြီးထဲမှ နံ့သာယပ်တောင်ကို ထုတ်၍ ယပ်ခတ်ရင်း ...

"ပူလိုက်တာကွယ်၊ ပန်ကာတွေလည်း လည်နေသားနဲ့၊ အေးလေ ... မမှာရုံဆိုတော့ ဒီလောက်ပဲ ထားမှာပေါ့၊ ဩော် ... ဒါနဲ့ သခင်တို့ လင်မယားက ဘယ်တုန်းက ရောက်လဲ"

"မနက်ကတည်းကပါ အမေ။ အန်တီလေးက သားညှော် သည်တွေကို သူသိတော့ ကူပြီး ဧည့်ခံပေးနေတာ"

"သူတို့မလည်း အလုပ်မရှိ အလုပ်ရှာပြီး အပင်ပန်းခံရတယ် လို့၊ ငါ့နားမှာတော့ ရောက်မလာဘူး။ ငါဟောက်မှာ ကြောက်လို့ ထင်တယ်"

ဒီပသည် မြူပြာ ငြိမ်ပြီး ရပ်နေသဖြင့် အမေ့ကို စကားပြောရတာ သူပင် စိတ်မပါတော့ပေ။

"ကို ခဏနော်၊ ဟိုမှာ မြူပြာ့တပည့်လေးတွေ လာနေလို့"

မြူပြာက ဖျတ်ခနဲ ဝင်ပြောပြီးလျှင် ချက်ချင်းလှည့် ထွက်သွားပါသည်။

"အမေ ... ဒီမှာ ထမင်းဟင်းတွေ ထည့်စားပါဦး"

"ငါ့ထဲ သိပ်မထည့်နဲ့ မစားနိုင်ဘူး၊ ဒါနဲ့ မင်းတို့ ဒီပွဲလုပ် တာ ဘယ်လောက်ကုန်လဲ"

"မသိဘူး အမေ၊ မြူပြာပဲ အကုန်ဦးဆောင်ပြီး စီစဉ်တာ ဆိုတော့ သူတော့ သိလိမ့်မယ်"

"အေးလေ ... ဒီလိုပွဲဟာလည်း သူတို့အသိုင်းအဝိုင်းထဲမှာ တော့ တော်တော့်ကို မြင့်မြင့်လုပ်နိုင်တဲ့ သဘောပေါ့၊ ဪ ... ဒီမှာ ... မင်းတို့အတွက် လက်ဖွဲ့ကို အဝင်ဝမှာ မပေးခဲ့ဘူး။ မင်းလက်ထဲ ထည့်ချင်လို့၊ ကဲ ... ရော့"





ဘူးလေးတစ်ဘူးပေမဲ့ အထဲမှာ ရတနာပစ္စည်းလည်း ဖြစ်နိုင်တာမို့ ဒီပ နည်းနည်းဝမ်းသာသွားသည်။

မြူပြာတို့ဘက်မှာ အမေနဲ့ ပတ်သက်ရင် ဘာမှနာ မည်ကောင်း မရှိသေးသဖြင့် အမေ့ဆီက မျှော်ကိုးတာ မဟုတ် သော်လည်း ထိုက်တန်တဲ့ လက်ဖွဲ့တစ်ခုတော့ ရချင်သည်။ မြူပြာ အပါအဝင် မြူပြာ့မိသားစုဘက်ကို ပြချင်သည်။

"ငွေကြေးအဆင်မပြေလို့ ရောင်းစားတာမျိုးတော့ မလုပ် နဲ့ပေါ့။ မင်္ဂလာဦးပစ္စည်းဆိုတာ ရောင်းမစားကောင်းဘူး"

"ဟာ ... အမေကလည်း သားက အဲဒီလို လုပ်မဲ့လူလား"

"မသိဘူးလေ၊ မင်းက လက်ပတ်နာရီတောင် ရောင်းတာဆို တော့"

မြူပြာ့ မိဘတွေ အဒေါ်တွေ ဦးလေးတွေကို ဒီပ အမေနှင့် လိုက်မိတ်ဆက်ပေးပေမဲ့ သိပ်ပြီး နွေးထွေးမှု၊ ရင်းနှီးမှု ရှိကြဘဲ ညှို့သည်တစ်ယောက်ကို ညှို့ခံရုံ၊ နှုတ်ဆက်ရုံ အမှု အရာထက် မပိုသော ဆက်ဆံရေးတွေကို ဒီပ လေ့လာမိပါသည်။

ဆွမ်းကျွေးညှို့ခံပွဲကို အမေက ညှို့သွားညှို့လာ ခဲ့သာလာလျက် စားသောက်ပြီး ခဏထိုင်ပြီးတာနှင့် ပြန်ပါသည်။

အလှူပြီးတော့ ဒီပတို့ လင်မယားလည်း ငှားရမ်းထားပြီးဖြစ်သော လမ်း(၅၀)မှ တိုက်ခန်းဆီ တန်း၍ပြန်လာကြပါသည်။

မြူပြာ့ ဆွေမျိုး အသိုင်းအဝိုင်းနှင့် ညီမတွေက ရွှေကြိုးတားကြ၊ မုန့်ဖိုးတောင်းကြနှင့် ဆူညံကာ ပျော်ဖို့တော့ ကောင်းပါသည်။

လက်ဖွဲ့ပစ္စည်းတွေ ချပေးပြီး အားလုံး ပြန်ကြသောအခါ သူတို့နှစ်ဦးတည်း အိမ်ခန်းတွင် လက်ပြကျန်ရစ်ခဲ့ပါသည်။

ဒီတော့မှ ဒီပက အမေပေးခဲ့သော ပန်းစက္ကူဖြင့် ထုပ်ထားသည့် ခပ်မာမာ ဘူးလေးကို တိုက်ပုံအင်္ကျီထဲမှထုတ်ကာ မြူပြာ့ကို ပေးလိုက်ပါသည်။

"ဘာလဲ ကို"

"အမေ လက်ဖွဲ့ပေးခဲ့တာ"

"ဟုတ်လား"

မြူပြာကား စိတ်မဝင်စားစွာပင် လှည့်တောင်မကြည့်ဘဲ သူမ၏ ဆံထုံးမှ ပန်းတွေကို တယုတယ ဖြုတ်နေခဲ့သည်။





"ရွှေဆွဲကြိုး တစ်ကုံးကွ၊ လော့ကတ်(ခ်)လည်း ပါတယ်၊ ပတ္တမြားလော့ကတ်(ခ)အဝိုင်းလေး လှကလှနဲ့၊ မြူပြာ ခုပဲ ဆွဲထားလိုက်ပါလား ... လာ ... ကိုယ် ဆွဲပေးမယ်"

မြူပြာက ဆတ်ခနဲ ရှောင်ထွက်ကာ ...

"အို ... နေပါ၊ မြူပြာ မဆွဲပါဘူး၊ ဒီအတိုင်းပဲ ထားလိုက်ပါ"

ဟု ပြောလိုက်လျှင် ...

"ဘာဖြစ်လို့လဲ၊ အမေက မိန်းမဆွဲတဲ့ဆွဲကြိုးနဲ့ လော့ကတ်(ခ)လေး လက်ဖွဲ့တာဆိုတော့ မြူပြာ့ အတွက် ရည်ရွယ်ပြီး ပေးတဲ့ သဘောပဲ၊ မြူပြာ ဆွဲပေါ့၊ မြူပြာ့မှာ ဆွဲကြိုးမရှိဘူး မဟုတ်လား"

ဒီပကား မိန်းမ၏ သဘောကို ရုတ်တရက် သဘောပေါက်သဖြင့် မြူပြာ့ လည်ပင်းမှလျှိုကာ ဆွဲကြိုးကို ဝတ်ဆင်ပေး၍ လက်လှမ်းလိုက်လေသည်။

မြူပြာက သူ့လက်တွေကို ဆတ်ခနဲ တွန်းထုတ်လိုက်၏။ ဒီပ လက်ထဲမှ ဆွဲကြိုးသည် မထင်မှတ်ဘဲ လွတ်ကျသွားပါသည်။

"မြူပြာ ဘယ်လိုလုပ်လိုက်တာလဲ"

ဒီပက ဒေါသတော်တော်နည်းသွားမှ လေသံအေးအေး နှင့်မေးကာ ဆွဲကြိုးကို ကောက်လိုက်ပါသည်။

"မြူပြာ မဝတ်ပါဘူး ဆိုတာကို ဘာလို့ အတင်းဝတ်ခို လဲ"

"အမေ လက်ဖွဲ့တာမို့ပါ"

"မြူပြာမှ စိတ်မဝင်စားတာကိုပဲ အဲဒီကြိုးကို သူ့ဘူးနဲ့သူ သိမ်းပြီး ဗီရိုထဲ ထည့်ထားလိုက်ပါ"

"အမေ့ကို မုန်းလို့လား မြူပြာရယ်"

"မမုန်းပါဘူး၊ စိတ်နာတာပါ၊ စိတ်နာလို့ သူ မကြည်ဖြူတဲ့ လူမြင်ကောင်းရုံ လက်ဖွဲ့တဲ့သဘောနဲ့ပေးတဲ့ ပစ္စည်းကို မဝတ်တာပါ။ မြူပြာက အကြိမ်ကြိမ် ခံထားရတဲ့သူပါ၊ သူ လုပ်လိုက်တဲ့ အကြောင်းအရာတွေက သူ့အတွက် ဘာမှ မခံစားရပေမဲ့ မြူပြာ အတွက်တော့ တစ်သက်စာ အမှတ်ရဖို့ချည့်ပဲ။ လာမြန်းတဲ့တစ်ရက် လိုက်မလာတာကို ခံနိုင်သေးတယ်၊ လက်မှတ်ထိုးတုန်းကလည်း မြို့နယ်တ ရုံးလေးမို့လား၊ တမင်ပဲ မလာချင်လို့လား မသိဘူးလေ၊





သူ ရောက်လာသင့်ရက် ရောက်မလာဘူး၊ ဆွမ်းကျွေးပွဲကို လာတာလည်း ဧည့်သည်တစ်ယောက်လိုပဲ လာတာ။ သဘောမတူရင် လုံးဝမပေးစားဘူး ပြောရင်ပြောပေါ့။ အခုလိုမျိုး မြူပြာ့ကို အရှက်ခွဲသလို လုပ်တာတော့ မကောင်းဘူး၊ မြူပြာ မိဘတွေ အဒေါ်တွေက မြူပြာ့ကို ဆူကြလို့ ရင်နာရတာထက် ကိုအမေရဲ့ လုပ်ရပ်တွေကို ခံရတာ ပိုနာတယ်"

ဒီပသည် သူမလက်ထဲမှ ပဝါကို ဒေါသတကြီးပင် အနန်းထောင့် ပစ်လိုက်သော မြူပြာ့ကို ငြိမ်၍ ကြည့်နေခဲ့ပါ သည်။

"ဒီမှာ ရှင့်အမေကို ကြုံရင်ပြောပြလိုက်ပါ၊ လူကိုချစ်လို့ ယူတာပါလို့၊ အဲဒီလူ ပိုင်ဆိုင်ခံစားရမဲ့ စည်းစိမ်တွေကို လက်ဖျားနဲ့တောင် မထိပါဘူးလို့ ပြောလိုက်ပါ၊ သူပေးတဲ့ Land Cruiser ကိုလည်း သေရေးရှင်ရေး ကြုံရင်တောင် မစီးပါဘူး၊ မိဘကိုင်းလ်ဖုန်းကိုလည်း ယောင်လို့တောင် မကိုင်ပါဘူးလို့ ပြောပြထားပါ"

"မြူပြာ ဘာလို့ ဒေါသတွေ ဒီလောက်ကြီးနေရတာလဲ"

"ကြီးတာပေါ့ ... မြူပြာက ညီအစ်မတွေထဲမှာ ဒေါ အကြီးဆုံးလူပဲ၊ လူပုံစံ ပျော့ပျော့နဲ့နဲ့ပေမဲ့ ဒေါသကတော ခပ်ကြီးကြီးပဲ။ မာနလည်း ကြီးကြီးပဲ။ မြူပြာတို့မှာ မာနနဲ့ ဒေါသပဲ ချမ်းသာကြွယ်ဝတာလေ၊ ကဲ ... ကို ဆွဲကြိုးကိစ္စ ရပ်ရင်ရပ်၊ မရပ်ရင် မြူပြာ ဒီနေ့ပဲ လမ်း သင့်ရင် ခွဲရလိမ့်မယ်၊ ဒီတော့ ကြိုက်တာရွေး"

မြူပြာသည် အလှပြင်ပေးသော မိန်းမလျှာမှတစ်ဆင့် သင့်တင့်ရုံ ငှားဝတ်ရသော အတုလက်ဝတ်ရတနာတချို့ကို တ တသေဖြုတ်ရင်း သူ့ဘူးနှင့်သူ ပြန်ထည့်နေလိုက်ပါသည်။

မှန်တင်ခုံမှ မှန်မှတစ်ဆင့် ကိုကို လိုက်ခိုးကြည့် သောအခါ သူ့အမေရဲ့ မသထာရေစာ လက်ဖွဲ့ကို အဝတ်ဗီရို ဖွင့်ပြီး ဗီရိုအတွင်းပါ အံဆွဲထဲ ထည့်သိမ်းနေတာ တွေ့ရပါသည်။

အင်း ... ငါယူခဲ့တဲ့ လူကတော့ မြန်မာပြည်မှာ အကောင်းဆုံး နာမည်အကြီးဆုံးဆိုတဲ့ ပရိဘောဂကုမ္ပဏီကြီးကို ပိုင်တဲ့လူရဲ့သားကို ယူခဲ့တာ၊ ငါ့အိမ်မှာကျတော့ ကြည့်စမ်းပါဦး ရိုးရိုးသာမန်လူတွေ ဝယ်ယူသုံးစွဲနိုင်တဲ့ ပရိဘောဂ အမျိုးအစား တွေချည့်ပဲတဲ့။






အိမ်ခန်းကျဉ်းလေးမို့ အဝတ်ဗီရိုတစ်လုံး၊ မှန်တင်ခုံသေးသေးတစ်ခု၊ ထမင်းစား စားပွဲဝိုင်းတစ်ခု၊ ကြိမ်ဆက်တီတစ်ခုံ၊ ဘုရားစဉ်တစ်ခုကလွဲလျှင် ကြီးကျယ်ခံ့ညားသော ပရိဘောဂများ ရှိမနေပါ။

သို့သော် ... ဘာပဲဖြစ်ဖြစ် မြူပြာ ပျော်တော့ ပျော်ပါသည်။ ကိုယ်ချစ်တဲ့သူနဲ့ အတူတူ နေခွင့်ရပြီး ငွေရေးကြေးရေးအတွက်လည်း သိပ်အကျပ်အတည်း မရှိဘူးဆိုတဲ့ ဘဝအစကို

မြူပြာမှ မဟုတ်။ ဘယ်မိန်းကလေးမဆို ဒီလိုဘဝမျိုးနဲ့ စတင်ရရင် ပျော်ကြမှာပါပဲ။

မြူပြာသည် ချစ်သူ့လက်မောင်းကို ခေါင်းအုံးအိပ်ရင်း သာယာလှပသော အနာဂတ်တစ်ခုကို စိတ်ကူးယဉ် အိပ်မက် မက်နေမိပါသည်။







# အပိုင်း(၂)







## ၃

မနက်ဆိုလျှင် မြူပြာက ခြောက်နာရီခွဲဆို နိုးနေ
တ်သည်။ ဒီပကား သူ့အိမ်မှာတုန်းကဆိုလျှင် ဘာဆူညံသံမှ
ကြားရတတ်သည်ဖြစ်ရာ မနက်ကိုးနာရီထိုးမှသာ နိုးတတ်ပေမဲ့
ဒီသို့ရပ်ကွက်မှာကျတော့ ခုနစ်နာရီခွဲလောက်ဆိုလျှင်ပဲ လူသံ၊
သံ၊ ဆိုက်ကားဘဲလ်၊ စက်ဘီးဘဲလ်သံ၊ ဈေးသည်တွေရဲ့အသံ
ဆူညံလာတတ်သဖြင့် မနက်ခုနစ်နာရီခွဲလျှင် မထချင်
ချင်ဖြင့် ထလာရသည်။

ဆက်အိပ်လို့လည်း မရ။ အသံတွေ၏ ဆူညံမှုကို
မယဉ်ပါးသေးရာ အိပ်ရေးမဝစွာ ထလာရတော့သည်။

မြူပြာကတော့ ဈေးခြင်းဆွဲကာ ဈေးသွားဖို့ ပြင်ဆင်နေလေပြီ ။

"အိပ်ရေးမဝသေးဘူးကွာ"

"ဒါဆိုလည်း ဆက်အိပ်လေ"

"မရဘူး၊ အိပ်လို့မရဘူးကွ၊ သိပ်ဆူတာပဲနော်"

"မဆူပါဘူး၊ ရပ်ကွက်ထဲမှာ နေတာဆိုတော့ ဒီလိုအသံကတော့ ကြားရမှာပဲ။ မြူပြာတို့ကတော့ ဘယ်လိုမှမနေဘူး၊ အေးလေ ... ကိုကတော့ အင်းလျားလမ်းမှာ ခြံကျယ်ကြီးနဲ့ လုံးချင်းတိုက်နဲ့ နေလာတာဆိုတော့ ဘယ်နေတတ်မလဲ"

ဒီပသည် သူ့ကို ရွဲ့သလိုလိုပြောသော မြူပြာကို ဘာမှဆက်မပြောတော့ဘဲ နောက်ဆို ညဘက်စောစောအိပ်ရန် စိတ်ကူးမိလေသည်။

"ကိုက ညဘက်တွေဆို အိပ်မှမအိပ်တာ၊ သိပ်ညဥ့်နက်တာပဲ၊ ဗီဒီယိုတွေ ထိုင်ထိုင်ကြည့်နေတာကိုး"

"တစ်ခါတလေလည်း စာရင်းဇယားတွေ တွက်တာပါကွာ၊ ကိုယ်က အကျင့် ဖြစ်နေပြီ၊ ညဆို နှစ်နာရီလောက်မှ အိပ်တတ်တာကွ"





"ကဲ ... ဒါဖြင့်လည်း လှဲချင်လည်း လှဲနေ၊ မလှဲချင်ရင်လည်း အိမ်စောင့်နေတော့။ မြူပြာ ဈေးသွားရဦးမယ်"

"ဘာနဲ့ သွားမှာလဲ"

"အသွားတော့ လမ်းလျှောက်မှာပေါ့၊ အပြန်ကျ ဈေးခြင်းနဲ့မို့ ဆိုက်ကားစီးရင် စီးမယ်"

"ကို ပါလိုက်မယ်လေ"

"အံမယ် ..."

"ကို ပုစွန်တုပ် စားချင်တယ်ကွ၊ မြူပြာနဲ့ကို အိမ်ထောင်ကျတာဖြင့် တစ်လရှိတော့မယ်၊ မြူပြာက တစ်ခါမှလည်း ပုစွန်တုပ် မချက်ဘူး။ အဲဒါ ကိုယ်ကိုယ်တိုင် လိုက်ဝယ်မလားလို့"

ဩော် ... ကိုရယ်။ မြူပြာသည် ကို့စကားကြောင့် တွေသွားပါသည်။

လင်မယားနှစ်ယောက် ဝင်ငွေနဲ့ထွက်ငွေ မျှတအောင်သုံးတာမို့ မြူပြာက သိပ်ဈေးကြီးသော ပုစွန်တုပ်လို ဟင်းမျိုးကို ဝယ်စားဖို့ ယောင်လို့တောင် ခြေဦးမလှည့်မိတာပင်။

သူတို့နှစ်ယောက်မှာ ရှိသမျှငွေ အကုန်လည်း မင်္ဂလာစရိတ်၊ အိမ်စဘော်ငွေ၊ ပရိဘောဂဝယ်၊ အိမ်အသုံးအဆောင်ဝယ်နှင့်မို့ လက်ထဲမှာ သိပ်အများကြီး မကျန်ပါ။

မြူပြာက မိန်းကလေးမို့ ထိုငွေလေးတစ်သိန်းကျော်လောက်ကို မသုံးရက်ဘဲ တမင်စုထားကာ မြူပြာ့ရငွေ၊ ကို့ရငွေတို့ကိုသာ ချင့်ချိန်သုံးစွဲခဲ့ပါသည်။

ဒီကြားထဲ ကို့အမေကြီးက သူ့ကား သူ့မိုဘိုင်းလ်ဖုန်း ပေးသုံးပေမဲ့ ကားခါတ်ဆီဖိုး၊ မိုဘိုင်းလ်ဖုန်းဘီလ်တွေကျပေးဖို့ သတိမရတာလား၊ တမင်မပေးတာလား မသိ။ ကိုယ်ကပဲဒါတွေကို သူ့ပိုက်ဆံဖြင့် ရှင်းနေရသဖြင့် အဲဒီစရိတ်ကလည်း မနည်း။

သူဌေးသားမို့ ကားခါတ်ဆီချွေတာဖို့ ဖုန်းအသုံးချွေတာဖို့လည်း ဂရုမပြုပုံရသော ကိုကတော့ ပိုက်ဆံတွေကို တဝေါဝေါ သုံးသုံးနေတာ တွေ့ရပါသည်။

"ကိုက ပုစွန်တုပ် သိပ်ကြိုက်တာကွ၊ တစ်ပတ်မှာ လေးရက်လောက်ကို ပုစွန်တုပ်ဟင်းနဲ့စားမှ ထမင်းမြိန်တာ"





"ပုစွန်တုပ်က သိပ်ဈေးကြီးတယ် ကိုရဲ့။ ကို စားချင်ရင် အတုပ်ကြီးတော့ မဝယ်နဲ့လေ အတုပ်သေးလေးဆို သက်သာတယ်၊ ဝယ်ပေါ့"

"မြူပြာ တစ်ခါဝယ်လာပြီး ချက်ဖူးသားပဲ၊ ကိုမှ မကြိုက်တာ။ ကိုက လက်တံတောင်လောက်ကြီးတဲ့ ပုစွန်တုပ်မျိုး စားချင်တာကွ"

"ကိုတို့ ဘယ်ကရှာဝယ်လဲတော့ မသိဘူး။ မြူပြာတို့ ဝယ်နေကျဈေးမှာတော့ အဲဒီလို အရွယ်မျိုး မတွေ့ဖူးပါဘူး။ ဟိုတယ်တွေမှာ စားရတာ မဟုတ်လား"

"မဟုတ်ဘူး၊ ကိုတို့အိမ်မှာ ချက်တာကွ"

"ကို လိုက်မနေပါနဲ့၊ ဈေးထဲက အသားငါးတန်းတွေက ညစ်ပတ်နေတာ မဖြစ်ပါဘူး"

"ဟာ ... လိုက်မယ်ကွာ၊ မြူပြာတောင် သွားသေးတာပဲ"

"ကဲ ... ဒါဖြင့်လည်း လိုက်"

မြူပြာသည် ယောကျာ်းက ဈေးလိုက်မည်ဆို၍ အိမ်၌ သိမ်းထားသော ပိုက်ဆံတချို့ကို ဈေးဝယ်လျှင်ကိုင်သော ပိုက်ဆံအိတ်ငယ်ထဲ ထပ်ဖြည့်လိုက်ပါသည်။

မြူပြာ ဘာသာဆိုလျှင် ပိုက်ဆံတွေ အများကြီး မထည့်ပါ။ ဒီနေ့ ဘာဝယ်မည်ဟု ကြိုတင်စိတ်ကူးထားသည့် ပိုက်ဆံကို အသင့်အတင့် တွက်ချက်ပြီးတော့ ထည့်တတ်သည်။

ကိုက ပုစွန်တုပ် စားချင်သည်ဆိုတော့လည်း အေး လေ တစ်လနေမှ တစ်ခါစားတာ စားပါစေတော့ဟု စိတ်ဆုံးဖြတ် လိုက်ကာ ပိုက်ဆံထပ်ထည့်လိုက်ပါသည်။

ကိုသည် အကျင့်ပါနေကျအတိုင်း ကားသော့ကို လှမ်းဖွင့်နေရာ ...

"ကို ... ဒီနားလေးကို ကားယူမလို့လား၊ မယူပါနဲ့၊ လမ်း လျှောက်သွားရအောင်ပါ"

"ဈေးက ဘယ်နားလဲ"

"ဒီလမ်း(၅၀)က အခြမ်းက ရေကျော်ဈေးနဲ့နီးတော့ အဲဒီဘက် အသွားများတယ်၊ တစ်ခါတလေကျတော့ အချိန်ရရင် (၃၈)လမ်းထိ လမ်းလျှောက်ပြီး ဈေးဝယ်တယ်"

"ဝေးပါတယ်ကွာ၊ ကားနဲ့သွားပါ"

"မြူပြာ ကို့အမေကားကို မစီးဘူးလေ၊ ကို မေ့နေပြီလား"





"ဩော် ... ဖြစ်ရပြန်ပြီ၊ ကဲ ... ကဲ ... ဒါဆိုလည်း ခင် ဗျားသဘောပါပဲ ဒေါ်မြူပြာ၊ တကယ်ပဲ ဆရာမလေးသံနဲ့ မာနေလိုက်တာ"

ကိုသည် ဒီစကားကို နောက်ပြောင်ပြီး ရှေ့တက်သလား ...ဆိုး၍ ပြောသလား မြူပြာ အကဲခတ်လို့ မရနိုင်ခင်မှာ သူပဲ ...င် အိပ်ခန်းထဲက ထွက်ပြီး တိုက်လှေကားတွေမှတစ်ဆင့် အောက်ကိုစပြီးဆင်းနေပါသည်။

မြူပြာတို့က သုံးလွှာအမြင့်မှာမို့ အဆင်းအတက်က ...ော့ သိပ်မပင်ပန်းလှပါ။ မြူပြာ အနေနဲ့ဆိုလျှင် ခုနစ်ထပ်၊ ရှစ် ...ပ်လည်း တက်နိုင်ပါသည်။ သို့သော် မြူပြာ၏ ကိုကတော့ အမြင့်ကြီး မတက်ချင်ဟု အစတည်းက ညည်းညူသဖြင့် သုံးလွှာ အမြင့်ကိုသာ ရွေးလိုက်ရတာ ဖြစ်ပါသည်။

"အောက်ဆုံးထပ်ကျတော့ ခြင်ကိုက်တယ်ကွ၊ ပြီးတော့ အပေါ်ထပ်တွေက စည်းမရှိ ပစ်ချတဲ့ အမှိုက်တွေဒဏ်ကို အောက်ထပ်ပဲ ခံရတာ။ မြောင်းနံ့ အမှိုက်နံ့ တစ်ခါတလေ မိလ္လာနံ့တွေ ရမှာကွ၊ အောက်ဆုံးထပ် မယူဘူး၊ သိပ်အမြင့် ကြီးလည်း ကို မကြိုက်ဘူး၊ သုံးလွှာလောက်ပဲ ကောင်းတယ်"

အိမ်စဘော်ပေးဖို့ ဆုံးဖြတ်တုန်းက ကို ပြောခဲ့သော စကားတွေကို မြူပြာ သတိရမိပြန်သည်။

သူ့အခုထိ ဒီလို သာမန်အဆင့်အတန်းကို နေသော မကျသေးပါလား။ မြူပြာသည် တိုက်ရှေ့လမ်းမတွင် ခါးထောက် ရပ်ရင်း သူ့ကားကို လှည့်ပတ်ကြည့်နေသော ကို့ကို ငေးရင်းတွေ လိုက်မိပါသည်။

"လာလေ ... ကို"

"ကလေးတွေကွာ၊ ကားနားမှာ စောစောစီးစီး ဂေါ်လီကော ရိုက်နေကြတယ်"

"ဟုတ်လား"

"ကားဘော်ဒီကို မှန်သွားတယ်ကွာ"

ကိုသည် ခပ်လှမ်းလှမ်းတွင် သူ့ကို ပြန်ချောင်းကြည့် နေသည့် ကလေးတစ်သိုက်ကို မျက်မှောင်ကုတ်ပြီး ဘုကြည့်ကြည့် နေသည်။

"ဒီလို လမ်းထဲမှာ ရပ်ထားတဲ့ ကားကောင်းတွေလည်း တစ်ပုံကြီးကွာ၊ အဲဒီချာတိတ်တွေ ကစားတာ ဆင်ခြင်ဖို့ ကောင်းတယ်"





"ဖြစ်ရလေ ... ဒေါ်စိန်မေ့ကားမှ ကြံဖန်မှန်ရတယ်လို့။ ဒါဖြင့်လည်း ကားကို ဒီမှာညမသိပ်ဘဲ ကို့အမေအိမ် ပြန်ထားပေါ့၊ ဒါပဲရှိတယ်။ ကလေးဆိုတာကတော့ ကစားမှာပဲ၊ ပြောလည်း ခဏပဲရမှာ"

ကားဘော်ဒီဘေးက တစ်နေရာမှာ ဂေါ်လီလုံး မှန်သွားရာ အချိုင့်လေးကို မြူပြာကတော့ ဘယ်လိုမှ မခံစားရစွာ တစ်ချက်သာ ကြည့်မိသည်။

"မြူပြာကလည်းကွာ၊ ဘာလို့ အမေ့နာမည်တပ်ပြီး ပြောရတာလဲ"

"အို ... ကိုဉာဏ်ဒီပ ကားမှ မဟုတ်တာ၊ ဒေါ်စိန်မေ့ကားပဲ။ ဘယ်သူ့နာမည်တပ် ပြောရမှာလဲ"

"ကား ဒီလောက်လေး ပွန်းတာ ချိုင့်တာလောက်တော့ ကိုလည်း ဘာမှ မခံစားရသလို အမေလည်း ခံစားရမှာ မဟုတ်ဘူး။ ကိုက ကလေးတွေကို မပြောဘဲ ဒီတိုင်းကြည့်နေရင် တော်ကြာ တန်ဖိုးကြီးတဲ့ မီးလုံးတို့ မှန်တို့ ထိရင် ဘယ်နှယ်လုပ်မလဲ။ သူတို့မိဘတွေလည်း လျော်နိုင်တာ မဟုတ်ဘူး၊ ကို နမြောလို့ ပြောတာတော့ မဟုတ်ပါဘူး၊ ကစားတာ စည်းကမ်းရှိဖို့ ပြောတာပါ"

မြူပြာသည် ဒေါ်စိန်မေ့ကို အလိုလို အမြင်ကတ်နေသည်ဖြစ်ရာ သူ့ကား ဒီလောက်ဖြစ်တာတောင် နည်းသေးတယ်ဟု စိတ်ပုပ်စွာ တွေးနေမိခဲ့သည်။

ဈေးရောက်တော့ မြူပြာက ချဉ်ပေါင်ရွက်၊ မျှစ်စသည်တွေကို အရင်ဝယ်နေစဉ် ကိုကတော့ ပုစွန်တုပ်သည်ကို ရှာဖွေနေခဲ့သည်။

"မြူပြာ ဒီနေ့ ဘာဝယ်မှာလဲ"

"ချဉ်ပေါင်နဲ့ မျှစ်ကို မနေ့ကကျန်တဲ့ ဝက်သားဆီပြန်နည်းနည်းနဲ့ ချဉ်ရည်ပြန်ချက်ပြီး ငါးရှဉ့်ဖြစ်ဖြစ် ကြော်မလို့"

"ကိုက ပုစွန်တုပ်ပဲ စားချင်တယ်"

"ဒါဖြင့် ကိုပဲ စားပေါ့၊ မြူပြာ မစားဘူး"

"အဲဒီလို မလုပ်ပါနဲ့ကွာ၊ စားမဲ့စား နှစ်ယောက်အတူတူစားပါ။ သီးသန့်ကြီး မခွဲပါနဲ့၊ ကိုကတော့ အကောင်းစားပြီး မြူပြာက မစားရင် ဘယ်တရားပါ့မလဲ၊ ဟော့ ... ဒီမှာကွာ ၊ ကိုတို့လည်း ဒီလောက်ကြီး ကျပ်တည်းနေတာမှမဟုတ်တာ။ တစ်ခါတလေ ဝယ်စားတာ စားလိုက်ပေါ့။ မြူပြာက ဘာကြောင့် ပိုက်ဆံတွေ စွတ်ပြီးစုနေတာလဲ"





"မြူပြာတို့ ဒီလိုပဲ အိမ်ကိုငှားနေလို့ မဖြစ်ဘူးလေ၊ အိမ်ဝယ်လာနိုင်အောင် ကြိုးစားရမယ်။ ပြီးတော့ မိသားစု ဆိုတာလည်း ရှိသင့်တယ်။ မြူပြာတို့ ကလေးနှစ်ယောက်လောက်တော့ ယူမှဖြစ်မယ်၊ အဲဒါတွေအတွက် ပိုက်ဆံကတော့ မဖြစ်မနေ ကြိုစုရမှာပဲ၊ ဒါပေမဲ့ ဒီနေ့တော့ ကို့သဘောပါ။ ကို စိတ်ချမ်းသာသလိုပဲ လုပ်တော့၊ ပုစွန်သည်လိုက်ရှာရအောင်၊ ပုစွန်တုပ်ကတော့ ကိုပြောသလောက်ကြီးတော့ ရှိမယ်မထင်ဘူး"

သို့သော် ... ထိုနေ့ကတော့ ဒီပ က်ကောင်းသွားသည်။ ပုစွန်သည် တစ်ယောက်ထံတွင် သူ စားချင်သလိုအရွယ်ရှိသည့် ပုစွန်တုပ်တော့ မပါပေမဲ့ တော်တော့်ကိုကြီးသောတစ်ခါတလေ မြူပြာ ဝယ်လာတတ်သော ပုစွန်တုပ်သေးတို့ထက် အများကြီး ကြီးသော) ပုစွန်တုပ်တွေကို ဝယ်လို့ရခဲ့သည်။

ဒီပကတော့ ဝမ်းသာနေပေမဲ့ မြူပြာကတော့ ဒီနေ့ဈေးဖိုးကို ရင်မ,နေခဲ့ရပါသည်။

အပြန်ကျတော့ မြူပြာသည် ဈေးခြင်းနှင့်မို့ ကို့ကိုလည်း အကြာကြီး မဆွဲခိုင်းလို၊ မြူပြာလည်း မဆွဲနိုင်၍ ဆိုက်ကားစီးဖို့ ဆိုက်ကားဂိတ်ကို လျှောက်လျှင် ...

"မြူပြာ ... ဘယ်လဲ"

ဟု ကိုက ခြင်းတောင်းဆွဲရင်း လှမ်းမေးလေသည်

"ဆိုက်ကားစီးမယ်လေ၊ အလာကစောလို့ နေသိပ်မပူသေး အပြန်ကျ နေပူနေပြီ၊ မြူပြာ ဈေးကပြန်ရင် အမြဲဆိုက် ကားစီးနေကျလေ၊ စီးမလို့ပေါ့၊ ပြီးတော့ မြူပြာ အသွား လျှောက်နိုင်တာ၊ အသွားရော အပြန်ရော လျှောက်ရ ခြေဖဝါးတွေ သိပ်နာလို့ အပြန်ဆို ဘယ်တော့မှ မလျှော ဘူး"

"ဟာကွာ ... ဒါဆိုလည်း ကားယူခဲ့မယ် ပြောသေ မြူပြာက လက်မှမခံတာ၊ ယူခဲ့ရင် ကောင်းသား"

"ဆိုက်ကားစီးရတာ ပိုကောင်းပါတယ်"

"မကောင်းပါဘူးကွာ၊ ကို မစီးချင်ဘူး မြူပြာ"

"ဘာဖြစ်လို့လဲ"

"ရှက်တယ်ကွ"

"ဟောတော့"

မြူပြာသည် ယောက်ျားဖြစ်သူ၏ ထူးဆန်းသေ စကားကို အံ့ဩသွားပါသည်။





"ကိုကတော့ ယောက်ျားကြီးတန်မဲ့ သူ့အင်အားနဲ့ နင်းတာကို ဖိမ်နဲ့ထိုင်စီးလိုက်ရမှာ ရှက်တယ်၊ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ဆိုက်ကားသမားကတော့ မောပန်းတကြီး ကိုယ့်ကို တင်နင်းနေရချိန်မှာ ကိုယ်က အခန့်သား လိုက်ရတာကွာ"

"မဟုတ်သေးပါဘူး၊ ဘယ်လို အတွေးအခေါ်ကြီးလဲ၊ ကြံဖူးပေါင်"

"ကို တစ်ခါမှ ဆိုက်ကားမစီးဖူးဘူး"

"ဘယ်စီးဖူးမလဲ၊ ရှင်က မွေးကတည်းက ကိုယ်ပိုင်ကားစီးလာတာကိုး"

"အဲဒါကြောင့်တော့ မဟုတ်ပါဘူး။ ကိုယ် ဆိုက်ကားစီးတဲ့လူတွေကို မြင်ရင် အဲဒီလိုပဲ တွေးပြီးခံစားရတာပါ"

"ကိုလိုမျိုး လူတွေတွေးကုန်ရင် ဆိုက်ကားနင်းတဲ့လူတွေတော့ ထမင်းငတ်ကုန်မှာပဲ၊ လူဆိုတာ သူ့ဘဝနဲ့သူပါ၊ သူကျရာအလုပ်ကို သူလုပ်ပြီး စားဝတ်နေရေးကို ဖြေရှင်းရတာပါ၊ သူ့ကို မတရားကြီးခိုင်းပြီး နှိပ်စက်တာမှ မဟုတ်တာ။ သင့်တော်တဲ့ အခကြေးငွေ ပေးတယ်၊ သူ

လည်း ကျေနပ်တယ်၊ ဒါကြောင့် ဒီအလုပ်ကို လုပ်တယ်လေ၊ ပြီးတာပဲ။ ဘာမှ အတွေးခေါင်စရာ မလိုဘူး။ ဆိုက်ကားစီးတဲ့လူကို ဘယ်သူကမှလဲ မကဲ့ရဲ့ဘူး။ လူတစ်ယောက်ကို အလကား နှိပ်စက်ညှင်းပန်းနေတယ်လို့လည်း ဘယ်သူကမှ မမြင်ပါဘူး”

မြူပြာသည် ဒီပကို အများကြီး ရှင်းပြလိုက်ပြီးလျှင် သူမသဘောနှင့်သူမ ဆိုက်ကားငှားနေလေပြီ။

ဒီပကား သူ့စကားဆို သိပ်နားမထောင်ဘဲ သူလုပ်ချင်ရာ ဇွတ်လုပ်တတ်သော မြူပြာကို စိတ်ကုန်စွာ ငေးနေပါသည်။

“မြူပြာပဲ စီးသွားနော်၊ ကို လမ်းလျှောက်ပြီး ပြန်လာခဲ့မယ်”

“ပြီးရော ... သဘောပဲ”

မြူပြာသည် မစီးချင်သူကို အတင်းခေါ်မနေတော့ချေ။ သူမဘာသာ တစ်ယောက်တည်း ဈေးခြင်းတောင်းခြင်း ဆိုက်ကားစီးကာ အိမ်ပြန်လာခဲ့ပါသည်။ ဒါကြောင့် လူတွေက ပြောတာ၊ လောကကြီးမှာ အခြေအနေ အလွှာမတူတဲ့ လူနှစ်





ယောက်ဟာ အတွေးအခေါ်ချင်း သဟဇာတဖြစ်ဖို့ သိပ်မလွယ်ဘူးဆိုတာ သိပ်မှန်တာပဲ။

အခုပဲကြည့် ... မြူပြာတို့ လင်မယားတောင် ဘာဖြစ်တာလေးနဲ့ ...။

ဒီပ အိမ်တံခါးမှဘဲလ်ကို နှိပ်လိုက်လျှင် တံခါးလာဖွင့်သူမှာ မြူပြာ မဟုတ်ပေ။

"ဟော ... ညိုပြာ ပါလား၊ အလည်လာတာလား"

"မဟုတ်ဘူး အစ်ကိုဒီပ၊ မြူပြာက ဆေးခန်းသွားချင်တယ်ဆိုလို့ အဖော်လာခေါ်တာနဲ့ ဆေးခန်းလိုက်ပေးပြီး ညိုပြာက အစ်မအိမ်မှာ ခဏရောက်လာနေတာပါ"

"မြူပြာ ဘာဖြစ်လို့လဲ"

ညိုပြာသည် သူ့အစ်မကို တစ်ချက်လှည့်ကြည့်ပြီးလျှင် ...

"ညိုပြာ မပြောတော့ဘူး၊ မြူပြာပဲ ပြောလိမ့်မယ်၊ အစ်ကိုဒီပ ပြန်လာပြီဆိုတော့ ညိုပြာ မြူပြာကို စောင့်ပေးမနေတော့ဘူး။ ပြန်တော့မယ်နော်"





ဟု ချက်ချင်းပင် သူမ၏ လက်ကိုင်အိတ်လေးကောက်ကိုင်ကာ ထသည်။

"ဟာ ... နေပါ ရပါတယ်၊ အေးအေးမှ ပြန်ပေါ့၊ ငါလိုက်ပို့ပေးပါ့မယ်"

"ရပါတယ် အစ်ကိုဒီပရယ်၊ မြူပြာကိုပဲ ဂရုစိုက်လိုက်ပါ၊ ညိုပြာက လမ်းလျှောက်ပြန်ရင် ခဏလေးနဲ့ ရောက်တာပါ၊ ညိုပြာတို့ ဒီလိုပဲ လမ်းလျှောက်ပြန်နေကျ"

"ထမင်းစားသွားဦးလေ ညိုပြာ"

"နေ ... နေ ... မြူပြာ၊ မစားတော့ဘူး၊ ခုနတင် မြူပြာက မုန့်တွေ ကော်ဖီတွေ ကျွေးထားတာ ဘယ်စားနိုင်ပါ့မလဲ၊ ကဲ ... အစ်ကိုဒီပရေ ညိုပြာ သွားပြီနော်"

"အေးကွာ ... ကျန်တဲ့ ညီမတွေကိုလည်း နှုတ်ဆက်လိုက်တယ်လို့ ပြောလိုက်ဦး။ ဪ ... နေဦး၊ ငါကလည်း လူကြီးတွေကိုတော့ ချန်ထားမိတယ်၊ ဖေဖေနဲ့ မေမေရော နေကောင်းကြလား"

"ကောင်းတယ် ... ကောင်းတယ်။ ဒီအပတ်တနင်္ဂနွေနေ့ကျ လာခဲ့ဦးလေ။ မေမေက ထမင်းဟင်းတွေ ချက်ထားမယ်တဲ့"

"လာမှာပေါ့၊ မေမေ့ လက်ရာက စားလို့ကောင်းတာပဲ၊ လာစားမှာပေါ့"

ညိုပြာ နှုတ်ဆက်ပြီး ပြန်သွားလျှင် ဒီပသည် လိမ္မော်ရည်တစ်ခွက်နှင့် ထိုင်နေသော မြူပြာ့ကို တယုတယ ထွေးပွေ့လိုက်ပါသည်။

"မြူပြာ နေမကောင်းလို့လား"

"နေကောင်းပါတယ်"

"ဒါဖြင့် ဘာဖြစ်တာလဲ"

"မြူပြာ ကိုယ်ဝန် ရှိ၊မရှိ သေချာချင်လို့ ဆေးခန်းမှာ O.G နဲ့ သွားပြတာပါ"

"ဟင်"

ဒီပသည် အံ့သြသလို ရေရွတ်လိုက်ပါသည်။

"အဲဒါ O.G က ဘာပြောလဲ"

"ဟုတ်တယ်တဲ့"

ဒီပ စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားကာ လှုကငြိမ် နေမိပါသည်။ ဒါကို မြူပြာက ရိပ်မိလျှင် သူ့ ရင်ဘတ်ကို တစ်ချက်ပိတ်ထုပစ်လိုက်မိတော့သည်။





"ဟ ... ဘာလို့ အလကား ထုရတာလဲ"

"ကိုက ဘယ်လိုကြီး ဖြစ်သွားမှန်းမှ မသိတာ"

"ဟုတ်တယ် ... ဘယ်လိုဖြစ်သွားမှန်းတော့ မသိဘူး"

"ဘာလဲ ... ကလေး မလိုချင်လို့လား"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ ကိုက တစ်ခါမှ မကြုံဘူးတော့ ရင်ထဲမှာ ဘာဖြစ်မှန်းကို မသိတာပါ"

"ဩော် ... မြူပြာကတော့ ကြုံဖူးတယ်ပေါ့လေ"

"မင်းကကွာ၊ စကားကို အထအန တယ်ကောက်တာပဲ၊ ကို ပြောတာက အိမ်ထောင်ပြုရင် တစ်နေ့ကျ ကလေးယူရမယ်ဆိုတာ သိပေမဲ့ ဒီလောက်မြန်မြန်တော့ ယူဦးမယ် မထင်တော့ ဝမ်းသာဖို့ကို ကြိုပြီးမပြင်ဆင်ထားမိဘူး၊ အဲဒီတော့ ရုတ်တရက် မထင်မှတ်ထားတာ ကြားလိုက်ရတော့ လူက ဘာဖြစ်မှန်း မသိတာကွာ၊ ပြောရခက်တယ်"

"စောစောပဲ ယူတာကောင်းမယ်၊ မြူပြာ့ အသက်က နှစ်ဆယ့်ငါး ပြည့်ပြီးပြီ၊ သုံးဆယ်မကျော်ခင် ကလေးမွေးရတာပဲ ကောင်းတယ်၊ ပြီးတော့ ကိုယ်လုပ်နိုင်ကိုင်နိုင်တုန်း မွေးရတာ ကောင်းတယ်၊ ဒါကြောင့် စောစောပဲ ယူလိုက်

တာ။ မြူပြာ ပြောထားပြီးသား၊ သုံးဆယ်မကျော်ခင် ကလေးနှစ်ယောက် ယူမယ်"

"ယူပါကွာ ယူပါ၊ ကိုက မတားပါဘူး၊ မြူပြာ ပင်ပန်း မှာစိုးလို့ပါ၊ ကိုက သယ်ပိုးပြီး မွေးရတဲ့လူ မဟုတ်ဘူးလေ၊ ကလေးမွေးလာမှသာ ဝိုင်းပြီးပြုစုစောင့်ရှောက်လို့ ရတာ၊ အဓိက ပင်ပန်းရမှာက မြူပြာပဲမို့ သနားလို့ ပြောတာပါ"

ဒီပသည် ဇနီးသည်ကို ချော့မော့ရင်း မွေ့ဖက်ထား လိုက်ပါသည်။ မြူပြာသည် ဒီပ လက်မောင်းပေါ် မျက်နှာအပ် ရင်း တိုးတိုးထပ်မေးပါသည်။

"ကိုက မချစ်ဘူးလား"

"ဘယ်သူ့ကိုလဲ"

"ကလေးကို ပြောတာလေ"

"ချစ်တာပေါ့၊ ဒါပေမဲ့ မမြင်ရသေးတော့ ဘယ်လိုချစ်ရ မှန်း မသိဘူးကွာ၊ စိတ်ထဲက အသိထဲမှာတော့ ကိုယ့်သွေး သားဆိုပြီး ချစ်ရမယ်ဆိုတဲ့အသိနဲ့ ချစ်သလိုလိုတော့ ဖြစ် တာပေါ့၊ အပြင်ရောက်လာပြီး မြင်ရမှ သေသေချာချာ ချစ်တတ်လာမယ် ထင်တယ်"





"ကိုက ဘာလေးလိုချင်လဲ"

"ဘာပဲရရကွာ၊ ချစ်တာက ချစ်မှာပဲ၊ အင်း ... အမေ့ကို ပြောရဦးမှပဲ၊ အမေတော့ မြေးရတော့မယ်ဆိုပြီး ဝမ်းသာ သွားလိမ့်မယ်"

"ဟုတ်ပါ့မလား"

"ဟုတ်ပါတယ်၊ ဘာလို့မဟုတ်ရမှာလဲ၊ အမေ့မှာ သားသမီး ဆိုလို့ ကို တစ်ယောက်တည်း ရှိတာကွာ၊ အဲဒီတစ်ယောက် တည်းက မွေးတဲ့ကလေးပဲ၊ မြေးတော်ရမှာ။ သူ ချစ်မှာ ပေါ့၊ သူများတွေဆို ညီအစ်ကို မောင်နှမများတော့ သူတို့ ကမွေးတဲ့ ကလေးတွေနဲ့ မြေးချင်းပြိုင်ပြီး သူ့ပိုချစ်တယ် ငါပိုချစ်တယ်တွေ ပြိုင်ရသေးတယ်။ ကို့မှာတော့ ပြိုင်စရာ တခြားမောင်နှမမှ မရှိတာ။ အမေ ဒီမြေးပဲ ချစ်ရမှာ ပေါ့"

မြူပြာသည် တိုကသာ အားတက်သရော ပြောနေ ...မဲ့ စိတ်ထဲကတော့ သိပ်မထင်ပါ။ ချွေးမအဖြစ် သိပ်တောင် ...လိုလားလား မရှိတဲ့မိန်းမ၊ ဗိုက်ထဲက ထွက်လာမဲ့ မြေးတော်ရဲ့ ...လေးကို ဘယ်လိုလုပ် ချစ်နိုင်ပါ့မလဲ။

ဒေါ်စိန်မေ့ သဘောကို အကဲဖမ်းလို့ ရသမျှတော့ သူ့သားနဲ့ တစ်နေ့ကျရင် ကွဲလာပါစေရယ်လို့တောင် မျှော်လင့်ထားမဲ့ပုံစံပဲ။

အခုတော့ သံယောဇဉ် တိုးလိုးတွဲလောင်းတွေ ရောက်လာတော့မယ်ဆိုတာများ ကြားရရင် အဘွားကြီး ဆွေ့ဆွေ့ခုန်သွားတော့မလားပင် မသိ။

"မြူပြာ ဒီနေ့ကစပြီး သွားစရာ လာစရာရှိရင် အိမ်ကကားကို မစီးချင်ဘူး ဆိုတာတောင် တက္ကစီနဲ့တော့ သွားပါကွာ၊ ဗိုက်တစ်လုံးနဲ့ ဘတ်(စ)ကားတိုးစီးနေရမှာ ကိုမမြင်ရက်ဘူး၊ တစ်ခါတလေ ကို ကားမောင်းသွားရင်း ဘတ်(စ)ကား မှတ်တိုင်လေးတွေမှာ ကားရပ်စောင့်နေတဲ့ လူတွေကို မြင်ရင် မြူပြာကို သိပ်သတိရတာပဲကွာ ...

ကိုကတော့ သူဌေးဘဝက မဆင်းဘဲ သိန်းထောင်နဲ့ချီတဲ့ ကားကို စီးနေရတဲ့ အချိန်မှာ ကို့မိန်းမကတော့ ဘတ်(စ)ကား တိုးစီးနေရတယ်ဆိုတာ တွေးမိတိုင်း ရင်နာတယ် ...





- မာနဆိုတာ မရှိသင့်ဘူးတော့ မဟုတ်ဘူးပေါ့၊ ရှိသင့်ရှိထိုက်သလောက်ပဲ ရှိတာကောင်းတယ်၊ သိပ်မာနထားလွန်းရင်လည်း အဲဒီမာနက ကိုယ့်ကို ပြန်ဒုက္ခပေးတတ်တယ် မြူပြာ"

မြူပြာသည် အသံတိတ် ပြုံးနေပါသည်။ ဒီစကား သူ့စကားကိုဆို ဘယ်တော့မှ အသာတကြည် နားမထောင်သော မြူပြာကို ဆက်မပြောတော့ဘဲ လက်လျှော့ပြီး ကြည့်နေတော့လေသည်။ ပြီးမှ တစ်ခွန်းဆက်ပြောသည်။

"မြူပြာ ... ကို့ကို ကတိပေးကွာ၊ ဘယ်သွားသွား တက္ကစီစီးပါမယ်လို့ ကို့ကို ချစ်ရင် ဒီတစ်ခုလေးတော့ ကတိပေးထားပါ"

"ပေးပါတယ် ... ပေးပါတယ် ... မြူပြာလည်း အဲဒီလောက်ကြီးတော့ ကိုယ့်ကိုယ်ကိုယ် အပင်ပန်းမခံပါ ဘူး။ သုံးသင့်တဲ့ နေရာရောက်ရင် ပိုက်ဆံကို သုံးမှာပါ ... စိတ်ချ"

"အိုကေ"

ဒီပသည် မြူပြာ နှာသီးထိပ်လေးကို ချစ်စနိုး ချွဲ
လိမ်လိုက်ရင်း စိတ်အေးစွာ ပြုံးလိုက်မိပါသည်။ မနက်ဖြန်ကျရင်
တော့ အမေ့ကို ဝမ်းသာသွားအောင် ပြေးပြောမယ်ဟု တွေးနေမိ
ခဲ့သေးသည်။





"ဟဲ့ ... မင်းမိန်းမကလည်း အိမ်ထောင်ကျတာဖြင့် မကြာ
သေးဘူး"

အမေ့ စကားကို ဒီပကား ထိတ်ထိတ်ပျာပျာ ပြန်
ဖြေရှင်းမိသည်။

"သားနဲ့ရတဲ့ ကိုယ်ဝန်ပါ အမေရဲ့၊ အခုမှ ခြောက်ပတ်
လား ရှိသေးပါတယ်"

"အေးပါ ဒီပရယ်၊ မင်းနှယ် အတွေးခေါင်ရန်ကော၊
အမေက သူ တခြားယောကျ်ားနဲ့ရပြီး မင်းကို ကောက်ယူ
ပြီး ချက်ချင်း ပိုင်ရှင်နာမည် တပ်တယ်လို့လည်း မပြော
ရသေးပါဘူး၊ ဖြေရှင်းနေလိုက်တာ"

"မသိဘူးလေ၊ အမေက အိမ်ထောင်ကျတာဖြင့် မကြာသေး
ဘူးလို့ ပြောတာကို"

"အမေ ပြောတာက လေးငါးလပဲ ရှိသေးတာကို ပြောတာ ပါကွယ်၊ ကလေးယူတာ စောလွန်းလို့ ပြောတာ။ ငါက သူလည်း ခေတ်ပညာတတ် မိန်းကလေးဆိုတော့ နှစ်နှစ် လောက်နေမှ ကလေးယူမယ်ထင်လို့လေ၊ အခုတော့ ဖော စောကြီး ယူပစ်လိုက်တယ်၊ ဘယ်လိုလဲ"

"မြူပြောက သူ သုံးဆယ်မကျော်ခင် ကလေးယူချင်တယ် တဲ့။ ကလေးနှစ်ယောက် ယူမယ်လို့လည်း ပြောထားတယ်"

"အိမ်ပိုင်ရာပိုင်တောင် မရှိသေးဘူး၊ ကလေးတွေ နင်းကန် မွေးချင်တယ်"

ဒေါ်စိန်မေသည် ချွေးမ၏ သဘောကို အကဲခတ်လို့ မရပေမဲ့ ကလေးရတော့မည် ဆိုတာ ကြားရတော့ နည်းနည်းစိတ် ပျက်သွားပါသည်။

သားဟာ အမေ့ဘက်ပါဖို့ထက် ဟိုဘက်ပါဖို့က ပိုများသွားပြီ။ ဟိုဘက်မှာက သံယောဇဉ်တွေ တစ်ပုံကြီး ဖြစ်ကုန် ပြီ။

အင်း ... ကောင်မလေးဟာ မြေးရရင် ဘွားအေ တော့ဖြင့် စိတ်တွေလျှော့ပြီး ဘာလေးညာလေး ဝယ်ပေးနိုးမှား မျှော်ကိုးသလား မသိ။





အို ... ဝေးပါသေးတယ်။ ချွေးမဗိုက်ထဲက ထွက် လာသဲ။ ကိုယ့်သားရဲ့သွေးတော့ ထက်ဝက်ပါပေမဲ့လည်း တော်ရုံ အင်္ဂရုံပဲ ချစ်မှာပေါ့။ သမီးအရင်းရဲ့ ဗိုက်ထဲကထွက်တဲ့မြေးဆိုရင် တော့ တစ်မျိုးပေါ့လေ။

ငါ့နှယ် သားသမီး နည်းခဲ့ရန်ကော။ နောက်ထပ် သမီးတစ်ယောက်လောက်များ မွေးထားခဲ့မိရင် ကောင်းသား။ အဲဒါဆိုရင် သမီးကမွေးတဲ့ မြေးကိုပဲ စုပုံချစ်ပြလို့ ရတယ်။

"အမေ"

"ဟေ ... ဘာလဲ"

"အဲဒါ အမေက မြေးရတော့မှာ ဆိုတော့ ဘယ်လိုခံစား ရလဲ"

"ဘယ်သိမလဲ၊ ငါ့မှာမြေးမှ တစ်ခါမှ မရှိဘူးတာ။ ဒါပေမဲ့ အမေက သားလောက် ဘယ်သူ့မှ ပိုမချစ်ပါဘူးကွယ်၊ အမေ့ အရင်းနှီးဆုံးက သားပဲ၊ မြေးမှ မဟုတ်တာ ... သားကိုပဲ ပိုချစ်မယ်"

ဒီပသည် အမေ့မျက်နှာရိပ် မျက်နှာကဲကို ရိပ်မိလျှင် စိတ်မကောင်း ဖြစ်သွားပါသည်။

"မြေးရလို့ အမေ့ဆီကလည်း ဘာမှ မမျှော်ကိုးပါ
အမေရယ်၊ မြူပြာကလည်း တော်တော် မာနကြီးပါတယ်
သူက ကားတောင် တစ်ခါမှ လိုက်မစီးဘူး ...

သူ ဖုန်းဆက်ချင်ရင်တောင် အိမ်မှာ ဖုန်းမရှိ
မိုဘိုင်းလ်ဖုန်းတော့ ရှိပေမဲ့ လုံးဝမသုံးဘူး။ သူ့ဘာသ
အိမ်အောက်ထပ်က စတိုးဆိုင်မှာ သွားဆက်တယ်၊ မြေ
အောင် တမင်ယူပြီး အမေ့ဆီက တစ်ခုခုများ ရမလား
လည်း သူ မမျှော်လင့်ဘူးဆိုတာ သား သိပါတယ်၊ အ
တို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် အမြဲတ
မယုံသင်္ကာစိတ်တွေ၊ သံသယတွေနဲ့ ဘယ်ဘဝက ရေစ
လည်း မသိဘူးဗျာ"

ဒေါ်စိန်မေသည် သား၏စကားကို ကြားလိုက်ရ
ချွေးမကို ပိုပြီးတော့တောင် အမြင်ကတ်သွားပါသည်။

ဪ ... သူကလည်း မာနလေးနဲ့ပေါ့လေ။ ပိုက်
ဆံရှိတဲ့လူနဲ့ ပိုက်ဆံမရှိတဲ့လူ ဘယ်သူက မာနပိုကြီးနိုင်မ
ကြည့်ကြသေးတာပေါ့။





"ကဲ ... ဒီပရေး၊ ငါ့ကို တရားလာဟောမနေနဲ့၊ နောက်
အပတ် စကော်ပူလွှတ်ဖို့ကိစ္စ မင်းကို လွှဲထားတယ်၊ အဲဒါ
မင်း သွားမယ်မဟုတ်လား၊ မိန်းမရပြီးကတည်းက အမေ
ကိုလွှတ်ဖို့ ဘယ်ဟာမှ ခိုင်းလို့မရဘူး ဖြစ်နေတယ်၊
ဒီတစ်ခါတော့ သွားပေးဦး။ သိပ်အကြာကြီးမှ မဟုတ်တာ၊
တစ်ပတ် ဆယ်ရက်ပါ"

"ရပါတယ်၊ သားသွားပါ့မယ်၊ မြူပြာ့ကိုတော့ သူ့မိဘအိမ်
ပြန်အိပ်ခိုင်းလည်း ရပါတယ်၊ ဒါမှမဟုတ် သူ့ညီမတွေ
အဖော်လာနေလည်း ရတယ်၊ အဆင်ပြေပါတယ်"

"သူ့မိဘအိမ်က တော်တော်နီးလား"

"ရေကျော်ထဲမှာ အမေ။ နီးတော့ နီးတာပေါ့"

"ငါလည်း အဲဒီ့လိုနားတွေ သိပ်မသိတော့ မင်းတို့အိမ်နဲ့
သူ့မိဘအိမ် နီး,မနီး သိတောင်မသိဘူး"

"နီးပါတယ်၊ မြူပြာက တမင်ပဲ နီးတဲ့နေရာ ရွေးငှားတာ။
တစ်ခုခု အရေးကိစ္စရှိရင် အဆင်ပြေအောင်ပေါ့"

ဒေါ်စိန်မေသည် သားကို တစ်ချက်ခပ်စိုက်စိုက်ကြည့်

ရင်း ...

“သားမလဲ အိမ်ထောင်ပြုတဲ့ကိစ္စက စပြီး နေရေး ယိုင်ရေး အထိ မိန်းမကချည်း ဦးဆောင်လုပ်နေတာ ခံရတာတော့ မကောင်းပါဘူး ...

သိပ်အလွှမ်းမိုး မခံနဲ့ကွယ်၊ ကိုယ်လည်း ယောကျ်ား တစ်ယောက်အနေနဲ့ အစွမ်းအစတွေရှိပြီး သူ့ထက်တောင် အမြင်ကျယ်သေးတာပဲ။ မင်းစိတ်ကူးနဲ့လုပ်တာ ဘာတစ်ခု မှ အမေ မကြားသေးတော့ ဘဝင်မကျဘူး။ ဘယ့်နှယ် မင်္ဂလာဆွမ်းကျွေးလည်း သူပဲစီစဉ်၊ အိမ်ငှားတာလဲ သူပဲ နေရာရွေး၊ ယောကျ်ားလက်ပတ်နာရီလည်း သူနဲ့ပဲတိုင်ပင် ပြီးရောင်း၊ အခုလည်း ကလေးယူပြန်တော့လည်း သူ့စိတ် ကူးနဲ့သူတဲ့၊ အမေ တစ်ခါမှ မင်း သဘောတူလို့ သူလိုက် လုပ်တယ်ဆိုတာ မကြားရသေးပါလား ဒီပရယ် ...

ဘာကြောင့် အဲဒီလောက် ညံ့နေရတာလဲ၊ စိတ်ထား ပြင်ဦး၊ သိပ်ပျော့မနေနဲ့”

ဒီပသည် အမေ့စကားကို ကြားရတော့ ရယ်ပဲရယ် နေခဲ့ပါသည်။ အမေလည်း အမေမို့၊ မြူပြာလည်း မြူပြာမို့ သူ တို့ဘက်က သူတို့အမြင်တွေနဲ့ မှန်နေသည့် အကြောင်းအရာများ ကို သူ ငြင်းခုန်မနေတော့ပါ။





ဒီပသည် သူကိုယ်တိုင်အရတော့ ထက်ထက်မြက် မြက်တွေးပြီး ဦးဆောင်နိုင်ပေမဲ့ သူက စိတ်သဘောထား အေးဆေး ပြီး စိတ်ချမ်းသာစွာ နေချင်သူ၊ နားပူမခံလိုသူလည်းဖြစ်ရာ သူ့ ဘဝ တစ်သက်တာတွင် အမေနှင့် ဇနီးတည်းဟူသော မိန်းမနှစ် ယောက်တို့၏ လွှမ်းမိုးမှုတွေကို အလိုလို ခံယူနေမိသလို ဖြစ်နေ ပါသည်။

သို့သော် သူက ဤအတွက် တခြားယောကျ်ားတွေ လို လူမဆန်စွာ ယောကျ်ားမာန၊ ယောကျ်ားအာဏာ စသည်တွေ နဲ့ပြီး ပြန်လှန်လွှမ်းမိုးဖို့လည်း စိတ်ကူးမရှိပါ။

လောကတွင် မိန်းမတွေဘက်ကကြည့်လျှင် သနား စရာ ကရုဏာသက်စရာ၊ ညာတာထောက်ထားစရာ၊ ဂုဏ်ပြုလေးစားချင် စရာ အချက်အလက်တွေ အများကြီးရှိကြောင်း မြူပြာ့ကိုလည်း [illegible]ာင်း။ ယခင်ကတော့ အမေ့ကိုလည်းကောင်း အသေအချာ [illegible]လာရင်းမှ သိမြင်လာရာ ဒီပသည် မိန်းမသားတွေအပေါ် [illegible]တ်နိုင်သမျှ သူတို့စိတ်ချမ်းသာအောင် သူ့ဘက်ကပဲ အလျှော့ ပေးလိုက်ဖို့ စိတ်ဆုံးဖြတ်ထားသော ယောကျ်ားကောင်းတစ်ယောက် ပင် ဖြစ်လေသည်။

အမေ့အိမ်က ပြန်လာသောအခါ ဒီပသည် မြူပြာ မမှာသော်လည်း သူမသောက်ဖို့ အိုဘီမင် အားတိုးဆေးကို ဝယ်လာခဲ့ပါသည်။

မြူပြာ ခုတစ်လောမှ အစားအသောက် ပျက်ပြီး ပိန်ချုံ့တာအန်တာတွေ ဖော်တော်ဆိုးလာသည်ကို သူ မကြည့်ရက်ပါ။

မြူပြာ ဘာစားချင်သည်ဟု ပါးစပ်က ဟောင်လို့ပင် မတာ့ရ။ သူက အလိုလို ပြေးဝယ်ပေးပြီး ဖြစ်နေခဲ့သည်။

ယခုလည်း မြူပြာတွင် အားဆေးရှိ့မရှိ ဝယ်ပြီး မပြီး သူ မသိသော်လည်း သူ သတိတရပင် ဆေးဆိုင်မှာ ဆင်းဝင်လာခဲ့သည်။

သူ တိုက်ရှေ့ကားရပ်ပြီးဆင်းလျှင် သူတို့ရဲ့သုံးလွှာ အမြင့်ရှိ တိုက်ခန်းလေးကို မော့ကြည့်မိပါသည်။ မြူပြာက ဝရန်တာတွင် လက်ထောက်ရပ်၍ သူ့ကိုမျှော်နေသလို ပြုံးကာကြိုတော့ သူ့ရင်ထဲ အေးချမ်းသွားခဲ့ပါသည်။





၄

မြူပြာ့ ကိုယ်ဝန် လရင့်လာသောအခါ မြူပြာသည် ...ရှင်တွေကို ဆက်မပြတော့ဖို့ ဆုံးဖြတ်ကာ အတန်းတွေနားပေ... တချို့တပည့်တွေက ...

"တီချာနဲ့ပဲ ဆက်သင်ချင်တယ်၊ အဲဒါ တီချာ့အိမ် လာသင်ဆိုလည်း သင်ပါ့မယ်၊ လေးငါးဆယ်ယောက်တော့ လက်ခံပါ"

ဟူ၍ စုပြီးပြောလာလျှင် မြူပြာသည် အပြင်မသွား...ဘဲ အိမ်မှာသင်ရတာ သက်သာပါတယ်ဟု တွေးပြီး လက်ခံလာ...သည်။

မြပြာက အော်နာစ်အတန်း ပြီးသော်လည်း ကျ
ဝမ်း၊ ကျူတူး အတန်းတွေကို ဆက်မတက်တော့ဘဲ ကျူရှင်ဆရာမ
လုံးလုံး ဖြစ်နေလေပြီ။

ကိုကတော့ ...

"မြပြာ့ကို အလုပ်မလုပ်စေချင်ဘူး၊ တကယ်တော့ ကိုသာ
ဒီကုမ္ပဏီကို ပိုင်တယ် ဆိုရင် မြပြာက ကုမ္ပဏီပိုင်ရှင်
ကတော်ပဲ၊ ဘာမှ အပြင်ထွက် အလုပ်လုပ်စရာ မလို
ဘူး ...

မြပြာ ပျင်းတယ်၊ အလုပ်လုပ်ချင်တယ် ဆိုရင်တော်
ကုမ္ပဏီကိစ္စ ဝင်လုပ်လို့ ရတာပဲ"

ဟု တစ်ခါတလေတွေမှာ ဒီအခြေအနေ၊ အဖြစ်
အပျက်ကို ဘဝင်မကျသလို ပြောတတ်ပါသည်။

"ဗိုက်ကြီးတကားကားနဲ့ တက္ကစီစီးပြီး ကျူရှင်လှည့်ပတ်ပြေ
မနေပါနဲ့တော့ကွာ၊ နားလိုက်ပါတော့။ ကို မြပြာ့ကိုမြင်
ရင် သိပ်သနားတာပဲ၊ အိမ်မှာလည်း ချက်ပြုတ်လိုက်
ကျူရှင်ပြေးပြလိုက်နဲ့၊ အလုပ်တွေက ဆက်တိုက်ဖြစ်နေပြီ
မလုပ်ဘဲ နားလိုက်ပါတော့ကွာ၊ မြပြာလည်း ဗိုက်ဆံတွေ





ကြိုစုထားတာပဲ၊ ထိုင်စားလို့လည်း မကုန်ပါဘူး၊ ကိုလည်း
အလုပ်ရှိတာပဲ။ ဟော့ ဒီမှာ ... ကိုကတော့ မလုပ်ရဲဘူး
မထင်နဲ့၊ အမေ ဘာပြောပြော အမေ့ကားကြီးကို ရောင်း
ပစ်ရဲတယ် သိလား။ မလုပ်ချင်လို့၊ သိပ်ခက်ခဲလာရင်တော့
ရောင်းမှာပဲ"

လွန်ခဲ့တဲ့ တစ်နေ့ကတော့ ကိုက အဲဒီလိုတွေ ပြော
ဘာပါသည်။

"မြပြာလည်း ကြာကြာရပ်ပြီး မသင်နိုင်တော့ပါဘူး။
သွားရလာရတာလည်း လေးလာတော့ ကျူရှင်မပြတော့ပါ
ဘူး၊ စိတ်ချပါ။ ဟေး ... ဒီမှာ ကိုရယ်၊ ယောက္ခမကြီး
ကားတော့ မရောင်းပါနဲ့၊ ကို့ဘာသာ စိတ်ကူးနဲ့ လုပ်တာ
တွေ ရှိပေမဲ့ တစ်ခုခုဆိုရင် မြပြာ့ပဲ မကောင်းမြင်တာ
မခံချင်ဘူး။ မြပြာ ပစ္စည်းဥစ္စာကိုမက်လို့ သူ့သားကိုယူ
ဘာ မဟုတ်ဘူး၊ ချစ်လို့ယူတာ ဆိုတဲ့ အသိကို သူ့ခေါင်း
ထဲမှာ သိလာစေချင်တယ်၊ ဒီတော့ မရောင်းပါနဲ့နော်"

"ကဲ ... ကောင်းပြီ၊ မရောင်းဘူး၊ ဒါပေမဲ့ မြပြာ အပြင်
ထွက်ပြီး အလုပ်မလုပ်နဲ့"

ထိုသို့ သဘောတူညီချက် ရယူပြီးသောအခါ မြူပြာ ကျူရှင်အတန်းတွေ အပြတ်ဖြတ်လိုက်ပေမဲ့ သံယောဇဉ်ရှိသော တပည့်တချို့ကြောင့် အိမ်မှာ နေ့လယ်ဘက် တစ်ဝိုင်းတော့ သင်ပေးဖို့ လက်ခံလာမိသည်။

ကိုကို အသိပေးလျှင် ကိုက သဘောမကျစွာပင် –

"မြူပြာကလည်းကွာ၊ ကောင်းကောင်းနားတာ မဟုတ်ဘူး၊ အလုပ်တွေ အိမ်ကို သယ်လာသေးတယ်"

ဟု ခပ်တိုးတိုး ညည်းလေသည်။

"နေ့လယ်ဘက် နှစ်နာရီလောက် သင်ရတာပါ။ ပြီးတော့ အဲဒီတပည့်တွေက အရမ်းပြောလွန်းလို့ အားနာပြီး လက်ခံလိုက်တာပါ"

"တော်ကြာ သူတို့ကတစ်ဆင့် ပြန့်သွားရင် များလာဦးမယ်"

"ကျန်တဲ့ ကျောင်းသားတွေကို မသိစေနဲ့လို့ မှာထားပါတယ်၊ အစတည်းကလည်း အားလုံးကို ကြေညာပြီးသားပဲ၊ မြူပြာ ဒီအချိန်ဆို နားမယ်ဆိုတာ အားလုံးသိကြတော့ မြူပြာ မသင်ဖြစ်တော့ရင် တခြားဆရာနဲ့ ဆက်သင်ကြဖို့ သူတို့ စီစဉ်ပြီးသားပါ၊ စိတ်ချပါ၊ မြူပြာ အများကြီး လက်ခံတာမှ မဟုတ်တာ၊ တစ်ဝိုင်းတည်းပါ"





ကိုကတော့ မြူပြာကို ပြောလည်းရမှာမှ မဟုတ်တာ ...သော အတွေးဖြင့် ကျူရှင်တစ်ဝိုင်း အိမ်မှာခေါ်သင်သည့်ကိစ္စ ...ို ဆက်ပြောမနေတော့ပါ။

စာသင်ပေးရသော ကိစ္စသည် မြူပြာအတွက် ဘာ ...ောက်ခဲလှသည့် တာဝန်မို့ မြူပြာကတော့ ကျေနပ်သဘောကျ ...စွာပင် နေ့ခင်းဘက် တစ်နာရီမှ သုံးနာရီထိ ကျူရှင်တစ်ဝိုင်းကို ...ဖြစ်အောင် ဆက်ပြပါသည်။

ကျူရှင်က တစ်ပတ်ကို လေးရက်သာ ပြရတာဖြစ် ...ါသည်။

တစ်ရက်တော့ ကျူရှင်မပြရသည့် နေ့ခင်းဘက်တွင် ...ြူပြာသည် ကလေးပစ္စည်းတချို့ ဝယ်ချင်တာနှင့် မြို့ထဲသို့ ...တက္ကစီဖြင့် အိမ်မှ ထွက်လာခဲ့ပါသည်။

အရောင်းကုန်တိုက်ကြီး တစ်ခုတွင် ဆင်းပြီး ဈေး ...ယ်ဖို့ ကုန်တိုက်ထဲ ဝင်လျှင် မျက်နှာချင်းဆိုင်မှ လျှောက်လာ ...နေသော လူတစ်ယောက်ကို မြင်ပြီး ရုတ်တရက် ခြေလှမ်းတွေ ...တန့်သွားမိပါသည်။

မြူပြာသည် ကို့အမေ ဖြစ်သူ ဒေါ်စိန်မေကို မင်္ဂလာဆွမ်းကျွေးစဉ်က တစ်ခါသာ ဆုံဖူးပေမဲ့ မြင်မြင်ချင်းပင် မှတ်မိပါသည်။ ကို့ထံတွင်ရှိသော သူ့မိဘဓာတ်ပုံတချို့နှင့် မင်္ဂလာဆွမ်းကျွေးစဉ်က ရိုက်ထားသော ဓာတ်ပုံ၊ ဗီဒီယိုတို့ကို မြူပြာ မကြာခဏ ကြည့်မိသည်ဖြစ်ရာ အဲဒီထဲတွေမှာ ဒေါ်စိန်မေကို မှတ်မိနေ၍ ယခုလို အပြင်မှာ မြင်တော့ ကိုနှင့် တော်တော်တူဆင်တူသည့် အမျိုးသမီးကြီးအား အလွယ်တကူပင် မှတ်မိသွားပါသည်။

ထို့အတူ ဒေါ်စိန်မေသည်လည်း သူမနှင့် မျက်နှာချင်းဆိုင်တွင် ဝင်လာသော မြူပြာ့ကို ဘာကြောင့်ရယ်မသိ မြင်လိုက်လျှင်ပင် ဒါဟာ သူမရဲ့ချွေးမ မြူပြာဟု ချက်ချင်း မှတ်မိလေသည်။

ဒေါ်စိန်မေကတော့ မြူပြာ့ကို မင်္ဂလာဆွမ်းကျွေးစဉ်က စမြင်ဖူးခဲ့ပြီး နောက်ပိုင်းတွေမှာတော့ နှစ်ခါလောက် လမ်းသွားနေရင်း ဖျတ်ခနဲလိုလို တွေ့ထားသဖြင့် (ပထမတစ်ခါက တော့ သားနဲ့အတူမို့ အဲဒီတစ်ခါမှာ အလှမပြင်ထားသော သာမန်အပြင်အဆင်နှင့် ရုပ်ရည်ကို မှတ်မိသွားကာ နောက်တစ်ခါ





ကတော့ မြူပြာ့ကို ဘတ်(စ)ကားမှတ်တိုင်တွင် ရပ်နေစဉ် သူမ က ကားနဲ့လမ်းမပေါ်က ဖြတ်အသွားမှာ မြင်ခဲ့တာ ဖြစ်ပါသည်) မှတ်မိလွယ်တာ ဖြစ်သည်။

ပြီးတော့ မြူပြာကား ရုပ်ရည်လေး တစ်မျိုးထူးခြားချက် ချောလည်းချောတာမို့ သူမ မှတ်မိလွယ်တာလည်း ဖြစ်ပါသည်။

တစ်ယောက်နဲ့တစ်ယောက် ပြုံးပြရမလို၊ တည်နေရအောင် ကြည့်လိုက်မိကြပေမဲ့ မြူပြာကတော့ ကိုယ်ကလည်း ငယ်ဖြစ်နေပြီး ကို့မျက်နှာကို ထောက်ရမည်ဟု ချက်ချင်းဆုံးဖြတ်၍ ရလေရာ မြူပြာကပင် စပြီးပြုံးပြမိပါသည်။

တစ်ခါမှ ခေါ်ပြောဖူးခြင်း မရှိပေမဲ့ "အမေ"ဟူသော အခေါ်အဝေါ်ကိုပင် မြူပြာ စိတ်ရှင်းစွာ ခေါ်ဖို့လည်း ဆုံးဖြတ်နိုင်ကာ ...

"အမေ ... ဘာဝယ်ဖို့ လာတာလဲ"

ဟု စပြောလိုက်ပါသည်။

ဒေါ်စိန်မေမှာ ရုတ်တရက်မို့ ကြောင်အန်းအန်း ဖြစ်နေသည်။

"အမေ တစ်ယောက်တည်းလား"

မြူပြာ ဆက်မေးမှ သူမ စကားပြောဖို့ သတိရသေ
သည်။

"အေး ... တစ်ယောက်တည်းပဲ၊ ဒီဘက်လာရင်း လမ်းကြ
လို့ ခဏဝင်တာပါပဲ၊ ဝယ်စရာရယ်လို့တော့ သိပ်မရှိပါဘူ
ဒါနဲ့ မြူပြာကရော"

"မြူပြာက ကလေးပစ္စည်းလေးတွေ စဝယ်ပြီး စုနေတော့
အဲဒါ ဝယ်ဖို့ လာတာပါ"

ကိုယ်ဝန်ကြီးနှင့်ပေမဲ့ ရုပ်ကလေးနပြီးချောလှသည်
မိန်းကလေးများလားဟု ဒေါ်စိန်မေ တွေးနေပါသည်။ သားအိမ်
လည်း အာလ်ထရာဆောင်း ရိုက်ထားတယ်၊ ဘာလေး ညာလေး
ဆိုတဲ့ အသံမျိုး မကြားရ၍ ချွေးမဗိုက်ထဲက ဘာလေးမှန်း မသိ
ရသေးပါ။

"တစ်ယောက်တည်း လာတာလား၊ အဖော် မပါဘူး
လား"

"ညီမတွေလည်း အလုပ်နဲ့မို့ မအားကြဘူးလေ၊ မြူ
'ကက'နဲ့ လာတာပါ၊ အဆင်ပြေပါတယ်"





"အေး ... အေး ... လမ်းဂရုစိုက်သွားပေါ့၊ သိပ်လည်း
လျှောက်မနေနဲ့။ နေ့လယ်နေ့ခင်း အိပ်သင့်တယ်"

"မြူပြာ အိပ်ပါတယ်၊ နေ့တိုင်း အိပ်ဖြစ်ပါတယ်၊ ဒီနေ့
တော့ ဈေးဝယ်ချင်လို့ ထွက်လာတာပါ"

"ကဲ ... ဒါဖြင့် သွား ... သွား"

"အမေရော ဝယ်ပြီးပြီလား"

"ပြီးပြီ"

"ဟုတ်ကဲ့ ... ဒါဆို မြူပြာ ဝင်ကြည့်လိုက်ဦးမယ်"

ကောင်မလေးက ကောင်းကောင်းမွန်မွန် စကားပြော
နှုတ်ဆက်သဖြင့် ဒေါ်စိန်မေ နည်းနည်းဘဝင်ကျသွားပါသည်။
မြူပြာ အပေါ်ထပ်ကို ဖြည်းဖြည်းတက်သွားတာကို ခဏရပ်
ကြည့်နေရင်း ငါ့ကားနဲ့ ပြန်လိုက်ပို့မယ်လေ ဟူ၍ ခေါ်သင့်
မခေါ်သင့် တွေဝေနေမိသည်။

မြူပြာကတော့ အပေါ်ထပ် အရောင်းခန်းမထဲ ဝင်
ပျောက်ကွယ်သွားလေပြီ။ ဒေါ်စိန်မေကတော့ ဝေခွဲမရသေး။
နောက်မှ မခေါ်တော့ဖို့ ဆုံးဖြတ်ကာ အပြင်ထွက်လာခဲ့မိသည်။

ခေါ်လည်း သူက မာနကြီးပြီး မလိုက်ပါဘူး အမေဆိုရင် ကိုယ်ပဲ အရှက်ကွဲမှာ။ မခေါ်တာပဲ ကောင်းတယ်။ အင်း ကောင်မလေးက မဆိုးပါဘူး။ လူကြီးသူမကို ရိုသေတတ်တယ် ဆိုတာဟာ မိဘအဆုံးအမကောင်းလို့၊ မိကောင်းဖခင်သားသမီးပီသလို့ပေါ့။

အေးလေ ... ဒါလေးတစ်ခုကတော့ ဘဝင်ကျစရာပေါ့။

အခုတော့ သားနဲ့ ပတ်သက်ပြီး ကလေးတော်တော့မဲ့ဟာ။ မတော်ချင်လို့ မရတဲ့ ချွေးမကို ဒီလောက်လေးတော့ ခေါ်ပြောရဦးမယ်။

ဒေါ်စိန်မေသည် သားနှင့် မြူပြော စပြီး ယူကြခါ ကလောက် သူတို့ တစ်နေ့ကွဲရင် ကောင်းမယ်၊ ငါ့သားကို ငါ သဘောကျတာနဲ့ ပြန်ပေးစားမယ် ဆိုသော အတွေးမျိုးလည်း ယခုအခါ သိပ်မရှိတော့သည်ဖြစ်ရာ အခုလေးတင် ဆုံခဲ့ရသော ဗိုက်ဖုံးအင်္ကျီလေးနှင့် ချွေးမအကြောင်းကို တစိမ့်စိမ့် ပြန်တွေးသာ မိပါသည်။





ကောင်မလေးက ဆွဲကြိုး၊ လက်ကောက် ဘာညာ သည်း ဝတ်မထားပါလား။ ငါ ဆွဲကြိုးတစ်ကုံး လက်ဖွဲ့ထားတာ ဘာကြောင့် မဝတ်လဲ။ နားကပ်ကတော့ ပုလဲနဲ့ စိန်ကွပ်ထား နားကပ်လေး လှသား။ အဲ ... ဒါက နှယ်သဇင် လက်ဖွဲ့တာ သူ ငါ့ကို ပြောဖူးတယ်။ ဒါဆို ငါ့ဆွဲကြိုးတော့ မဝတ်ဘူးဆို ဘာကြောင့်များလဲ။ ရှိရော ရှိသေးရဲ့လား။ ရောင်းစားပစ် ပြီလား။

ဒေါ်စိန်မေသည် ဘာကိစ္စလေးပဲဖြစ်ဖြစ် လူတစ် ဘက်ကို သံသယဖြင့် ကြည့်တတ်သည် ဖြစ်ရာ သူမ လက်ဖွဲ့ သော ဆွဲကြိုးကိစ္စကို တွေးပြီး သံသယဝင်နေပြန်ပါသည်။

မြူပြာက ကို့ကို ပြန်ပြောပြသော်အခါ ကိုသ
အံ့ဩသလိုဖြင့် ...

"ဟုတ်လား ... အမေနဲ့ကို ခုလေးတင် ဆုံခဲ့သေးတာ
ဘာမှလဲ မပြောဘူး"

ဟု ရေရွတ်လိုက်လျှင် မြူပြာကပင် ပြန်၍အံ့ဩ
လေသည်။

ဒေါ်စိန်မေ ဘာကြောင့်များ ငါနဲ့တွေ့တာကို မပြော
လဲ။ အရာမဝင်လို့ ပြောစရာမလိုဘူးလို့ ယူဆလို့ပဲလား။ မြ
သည်လည်း မြူပြာမို့ ဒါကို စိတ်ခုကာ ဒေါသဖြစ်လာပါသည်

"သူ့အတွက် မြူပြာ့ကို တွေ့လာတာဟာ လမ်းမှာ
တစ်ကောင် တွေ့လာသလောက်ပဲ သဘောထားလို့
မှာပေါ့"





ဒီပသည် အထအနကောက်လှသော မိန်းမ၏
သဘောကို ချက်ချင်းရိပ်မိလေသည်။

"မေ့သွားလို့လည်း ဖြစ်ရင်ဖြစ်မှာပေါ့၊ ကိုနဲ့က ခဏလေး ဆုံလိုက်တာပါ၊ နောက်အပတ် စင်ကာပူသွားရမဲ့ကိစ္စ ပြောပြရုံတင်ဆိုတော့ အလုပ်ကိစ္စတွေနဲ့ ဆိုတော့ မေ့သွားလို့ ဖြစ်မယ်၊ အမေက အဲဒီလိုပဲ၊ သူနဲ့အေးအေးဆေးဆေး စကားထိုင်မပြောရရင် သိပ်အရေးမကြီးတဲ့ အကြောင်းအရာတွေကို ပြောပြဖို့ မေ့တတ်တယ်"

"အေးပေါ့ ... ရှင့်အမေ ဆိုတော့ ရှင်က ကာကွယ်ပြီး ပြောပိုင်ခွင့် ရှိပါတယ်၊ မြူပြာ အပြစ်မတင်ပါဘူး။ ဒါပေမဲ့ သူ မေ့ပြီး မပြောဘူး ဆိုတာကို ဘယ်လိုမှ မယုံဘူး"

ဒီပသည်လည်း အမေ့သဘောကို နားမလည်သည်
ဖြစ်ရာ မြူပြာ့ကို အငြင်းမပွားတော့ဘဲ တခြားစကား လွှဲလိုက်ပါ
သည်။

"မြူပြာ ... ဒီနေ့ ကျူရှင်မသင်ရတာ အားနေတော့ အိပ်မေ
ထင်တာကွာ အပြင်လျှောက်သွားနေတယ်၊ ဈေးဝယ်သွားဲ

ကိုရှိတဲ့နေ့မှ သွားလည်း ရတာပဲ၊ မင်းက တကယ်ပဲ။ ခြေထောက်ဖွေပါပုံရတယ်၊ တစ်နေ့ရာရာမှာ ငြိမ်ငြိမ်မနေချင်ဘူး"

"ကိုကို ဈေးဝယ်ဖို့ ခေါ်သွားရင် ဈေးသိပ်ကြီးတာတွေပဲ ဝယ်လွန်းလို့ မခေါ်ချင်ဘူး။ မြူပြာ ဘာသာဆို သင့်တော်တာပဲ ဝယ်တယ်"

"ကိုက အကျင့်ပါနေလို့ပါကွာ၊ ဩော် ... ဒါနဲ့ မြူပြာ ဒီနေ့ ဘာချက်လဲ"

"ကြက်သားနဲ့ အာလူး၊ ပြီးတော့ ကင်ပွန်းချဉ်ရွက်နဲ့ ကန်စွန်းရွက်ချဉ်ရည်"

"မြူပြာကလည်းကွာ၊ ပုစွန်တုပ် ချက်တာ မဟုတ်ဘူး ဟိုတစ်ခါ ကိုလိုက်ပြီး ဈေးဝယ်တုန်းက တစ်ခါပဲချက်တယ် အခုဆို ကြာလှပြီ၊ လုံးဝမချက်ဘူး"

"ဈေးသိပ်ကြီးပါတယ် ကိုရယ်၊ ကြက်သားလည်း ကောင်းပါတယ်"

"ကိုက မြူပြာနဲ့အတူတူ ထမင်းစားချင်လို့ အမေ အိမ်ခေါ်ပြီး ထမင်းလိုက်စားဖို့ ပြောတာတောင် မလိုက်သွားဘူး





အမေက ကိုကိုသတိရလို့ဆိုပြီး ပုစွန်တုပ်ဟင်း ချက်ထားတယ်တဲ့။ အမေက ပုစွန်မကြိုက်ဘူးကွ၊ ကိုကြိုက်လို့သာ ခဏခဏ ချက်ခိုင်းတာ၊ အမေက မီးဖိုချောင်မဝင်ပေမဲ့ ဈေးတော့ ကိုယ်တိုင်ဝယ်ပြီး အိမ်ကခိုင်းတဲ့လူတွေကို ချက်ခိုင်းတာပေမဲ့ ကိုက ပုစွန်တုပ်ဆိုရင် ဘယ်လိုချက်ချက် ကြိုက်တာပဲ"

"အဲဒီလောက် တမ်းတ‚နေရင်လည်း လိုက်သွားပြီး စားပေါ့၊ မြူပြာကို ဘာငဲ့နေစရာလိုလဲ၊ အစတည်းကကို သိဖို့ကောင်းတယ်၊ မြူပြာကိုယူရင် ကိုခံစားနေရတဲ့ စည်းစိမ်ချမ်းသာတွေ တော်တော်များများတင်မက အကုန်လုံးကို လက်လွှတ်ရမယ်ဆိုတာ မသိဘူးလား"

"မြူပြာကလည်းကွာ၊ ဘာတွေ လျှောက်ပြောနေတာလဲ။ ကို အခုလို မြူပြာနဲ့အတူတူ နေရတာလည်း ပျော်နေသားပဲ၊ ပိုက်ဆံကို တိုင်းထွာပြီး သုံးနေရလည်း ကို ဘယ်မှာညည်းညူလို့လဲ။ မြူပြာလက်ထဲ ပိုက်ဆံအကုန်အပ်ပြီး မြူပြာ ပြန်ပေးတာပဲ လောက်အောင်သုံးတာပဲ၊ ဘယ်တုန်းက ညည်းဖူးလို့လဲ"

"မသိဘူးလေ၊ ကိုကြည့်ရတာ မြူပြာ အမြင်တော့ ဒီ
နေရတာကို တစ်နေ့တခြား စိတ်ပျက်လာတယ်လို့
ထင်လာတာ"

"ကိုက ဘယ်လိုဖြစ်နေလို့လဲ"

ဒီပသည် ဗိုက်ဖုံးအကျီလေးနှင့် ထိုင်နေသော မြူ
ကို ငေးရင်းမေးလိုက်မိသည်။ ငါကတော့ ချစ်လိုက်ရတာ သူ
တော့ ငါ့အပေါ် သံသယနဲ့ စောင့်ကြည့်နေခဲ့တာပါလား။ ကြ
ပါဦး သံသယတွေနဲ့ မြူပြာဟာ ဘာကြောင့် ခုထိသူ့အချစ်
မယုံသလဲ။

အမေလည်း ဒီလိုပဲ အမြဲတမ်း လူတစ်ယောက်
သံသယနဲ့ ကြည့်တတ်တယ်။ မြူပြာလည်း ဒီလိုပဲ သံသယ
စောင့်ကြည့်တတ်တယ်။ ဒီမိန်းမနှစ်ယောက်တို့ရဲ့ အမူအကျ
တွေဟာ တိုက်တိုက်ဆိုင်ဆိုင် တော်တော့်ကို တူနေတာပါလာ

"မသိဘူးလေ ကိုက ဗီဒီယိုဖွင့်ကြည့်တိုင်း ပြောတတ်တယ်
အိမ်မှာ Sound System နဲ့ ပတ်သက်တာ ဘာမှမရှိ
ရုပ်ရှင်ကြည့်ရတာ ဖီလင်အောက်တယ်ကွာတဲ့။ ကို့အိမ်
ဆို ကို့အခန်းထဲမှာ Home Theatre System လုပ်





တော့ ရုပ်ရှင်ရုံမှာ ကြည့်ရသလိုပဲတဲ့။ အဲဒါ ရုပ်ရှင်ကြည့်
တိုင်း ပြောပြီး၊ အမြဲပဲ ကိုကသာ သတိမထားမိတာ မြူပြာ
က သတိထားမိတယ်"

ဒီပက သူ ဘာရယ်မဟုတ် ပြောမိတာကို မြူပြာက
အနကောက်ပြီး ထည့်ပြောလိုက်သဖြင့် မျက်ခုံးပင့်မိသည်။

"ပြီးတော့ ... သုံးလေးရက် တစ်ခါလောက် ညည်းတယ်၊ တီဗီ၊
ဗီဒီယိုတွေ ကြည့်တာ ပျင်းလိုက်တာကွာတဲ့၊ Satellite
ကြည့်ချင်တယ်၊ အခုချိန်ဆိုရင် ဘာဘောလုံးပွဲ ရှိနေပြီတို့၊
ဝင်ဘယ်လ်ဒန်တင်းနစ်ပွဲ စနေပြီတို့၊ MTV က ဘယ်လို
ကောင်းတာတို့ ပြောတတ်တယ်။ နောက်တစ်မျိုးက ရေခဲ
သေတ္တာအသေးလေးကို ဖွင့်ရတိုင်း ညည်းညူ သလိုလိုနဲ့
ရေကလည်း သိပ်မအေးသလိုပဲတို့၊ ရေခဲက နည်းနည်းပဲ
ခဲထားလို့ ရတယ်နော်တို့။ ငါ့ ဘီယာပုလင်းတွေ ထည့်
ထားတာ ခုထိ အေး,ကို မအေးသေးဘူးတို့ ပြောပြန်ပြီ။
ရေချိုးရင်လည်း ရေချိုးခန်းထဲမှာ ရေပန်းတပ်ရင်ကောင်း
မယ်တို့၊ ရေချိုးကန်ထဲမှာ စိမ်နဲ့စိမ်ပြီး အနားယူချင်တယ်
တို့၊ အုတ်ကန်ထဲကရေကို ခပ်ချိုးရတာ တစ်မျိုးကြီးပဲတို့၊

အမြဲ တစ်ခုမဟုတ်တစ်ခု ပြောတယ်၊ ဆပ်ပြာခဲ သုံးရ
ကို မသုံးတတ်ဘူး၊ ခဏခဏ လွှတ်ကျထားတာ ပိန့်
လွန်းလို့ မြူပြာက ဆပ်ပြာကုန်တယ် ပြောတော့ ကို
ဘာပြန်ပြောတယ်မှတ်လဲ"

ဒီပသည် အသေးစိတ်ကို အပြစ်တင်နေသော မြ
ခို ရယ်ချင်စိတ်ဖြင့် နားထောင်ရင်း သူမ မေးတာကို မဖြေ
ခေါင်းခါပြလိုက်မိပါသည်။

"မသိရင် မမှတ်မိရင် ပြောပြမယ်၊ ကိုက ဘာပြန်ပြော
ဆိုတော့ ကိုက ဆပ်ပြာခဲနဲ့ ဆပ်ပြာတိုက်ပြီး ရေချိုးနေ
အကျင့်မရှိလို့ပါတဲ့။ ကိုက အိမ်မှာဆိုရင် Shower G
သုံးတယ်တဲ့။ ရေချိုးဆပ်ပြာဘူးကို တံဆိပ်အမျိုးမျိုးလျှော
သုံးတတ်တာတဲ့ ကြားရပြန်ပြီ တစ်ခါ ...

ကုန်ကုန်ပြောမယ်၊ အိမ်သာဝင်ရင်တောင် တက
သူပဲ ပြောတတ်တယ်၊ အိမ်သာထိုင်ရတာ ဆောင့်ကြော
အကြာကြီး မထိုင်နိုင်ဘူး၊ ခြေထောက်ကျင်တာနဲ့ မြန်မြ
ပြီးလိုက်ရတော့ ဗိုက်ကမရှင်းဘူးတဲ့၊ အိမ်မှာဆိုရင်တော
ဘိုထိုင်အိမ်သာဆိုတော့ စာအုပ်ဖတ်ရင်းတောင် အိမ်သာ





တာတဲ့၊ ဟင်း ... အဲဒါတွေ ကြားရလေ ရှင့်ကို တစ်စ တစ်စ အမြင်ကတ်ပြီး သံသယ ဝင်လာလေလေပဲ"

ဒီပက စိတ်မဆိုးဘဲ သူ့အကြောင်းသူ ပြန်ကြားရသော ပုံပြင်တစ်ပုဒ်လိုထင်ကာ တဟားဟား ရယ်ပါသည်။

"အမြင်က ဘာကြောင့်ကတ်တာလဲ"

"ကတ်တာပေါ့၊ လူလူချင်းကို သူက ချမ်းချမ်းသာသာဘဝမှာ မွေးလာရလို့ ဒီလိုဇိမ်ခံပစ္စည်း သုံးဖူးတာနဲ့ပဲ အခုလို သာမန်လူတန်းစားဘဝကို ဆင်းရတဲ့အခါ လူ့ဘဝချင်းနေရတာ အတူတူတောင် မနေတတ်သလိုလို ဖြစ်ပြနေတာကိုး။ ပိုက်ဆံဆိုတဲ့ အရာတစ်ခု ပိုပြီးပမာဏများများ ပိုင်တာနဲ့ပဲ အခြေအနေ နေထိုင်ရပုံချင်းက အဲဒီလောက်တောင် ကွာခြားရသလားဆိုပြီး ဒေါသလည်း ဖြစ်တယ်"

"ကိုကို ဘာတွေ သံသယဝင်စရာရော တွေ့လို့လဲ"

"အို ... ရှင် အဲ့ဒီလိုညည်းတိုင်း မြူပြာက စိတ်မကောင်းဖြစ်တာပေါ့၊ ဪ ... သူ ငါနဲ့ယူရတာ ဒီလိုမပြည့်စုံတာ၊ အဆင်မပြေတာတွေမြင်ပြီး နောင်တရနေပြီ၊ ငါ့ကို တစ်နေ့ကျရင် ထားခဲ့တော့မှာပဲ ထင်တယ် ဆိုပြီး"

"မြူပြာရယ် ... ဗိုက်ထဲမှာ ကလေးတစ်ယောက်ထည့်ထားပြီး ဘာတွေ အတွေးခေါင်နေတာလဲကွာ၊ ကို ချစ်လို့ယူထားတဲ့မိန်းမကို ဘာကြောင့် ဖစ်ပြေးရမှာလဲ။ မှတ်ထားကိုဆိုတဲ့ကောင်က စိတ်ထဲမှာ ဘာမှမရှိဘဲ အဲဒီလိုတွေပြောမိတာပဲ ရှိတယ် ...

တကယ်တော့ ကို ဒီလိုနေခဲ့ရတာတွေကို တမ်းတနေတာ မဟုတ်ပါဘူး။ ဒီလိုနေချင်လို့ အရင်ဘဝ ပြန်သွားဆိုလည်း သွားဖို့စိတ်မကူးပါဘူး ...

ကို မြူပြာ့ကို ဘယ်အရာနဲ့မှ မလဲနိုင်ဘူး။ ကို တကယ်ချစ်တာပါ၊ အဲဒီလို အမှတ်မထင် ပြောမိတာတွေကို စိတ်ထဲမှာ ခံစားမနေပါနဲ့ကွာ။ ကိုက ဒီဘဝကို စိတ်ပျက်လို့ ညည်းတာမဟုတ်ပါဘူး၊ ဒီလိုပဲ ဘာမှမရည်ရွယ်ဘဲ ပြောလိုက်မိတာပါ ... ဆောရီး"

ဒီပသည် မြူပြာ့ကို ပွေ့ပိုက်၍ ချော့မော့နေမိပါသည်။ အင်း ... နောက်ဆိုရင် စကားပြော ဆင်ခြင်မှ ဖြစ်တော့မယ်လို့လည်း တိတ်တိတ် ဆုံးဖြတ်နေမိပါသည်။





မြူပြာက တကယ်မလွယ်ဘူး။ တစ်ဖက်လူရဲ့စကားကို အထအန ကောက်တတ်သလို ကျိတ်ပြီး သံသယတွေနဲ့ အတွေးခေါင်တတ်တယ်၊ အဲဒီသံသယတွေနဲ့ သူ့ဘာသာသူ ပြန်စိတ်ဆင်းရဲနေတာ၊ မလွယ်ဘူး။

မြူပြာ့ ရှေ့မှာ စကားပြောတာ သတိထားမှ ဖြစ်တော့မယ်။ သူကတော့ စိတ်ထဲမှာ အမြဲရှင်းလင်းပြီး နေရတဲ့ဘဝမှာ စိတ်ချမ်းသာနေပေမဲ့ သူချစ်တဲ့ မြူပြာကတော့ စိတ်ထဲမှာ ကိုယ့်အတွေးနဲ့ကိုယ် ကျိတ်ရှုပ်နေပြီး စိတ်ဆင်းရဲနေမယ်ဆိုရင် ဘယ်မျှတပါ့မလဲ။

ကို စိတ်ချမ်းသာရသလို မြူပြာလည်း ထပ်တူထပ်မျှ စိတ်ချမ်းသာစေချင်တယ် မြူပြာရယ်။

ကျူရှင်ပြီးချိန်တွင် မြူပြာသည် ကော်ဖီဖျော်သောက်ဖို့ ပြင်ဆင်နေလျှင် ရုတ်တရက် ထိတ်လန့်သွားပါသည်။

"အမယ်လေး ... ရေတွေဆင်းလာပြီ"

မြူပြာသည် လန့်အော်ကာ နေရာမှာတင် ထိုင်ချလိုက်မိသည်။ ပြီးမှ ငါ ဒီလို ထိုင်ပြီး ကြောက်လန့်နေလို့ မဖြစ်သေးဘူးဟု ကိုယ့်ကိုယ်ကိုယ် သတိပေးကာ ချက်ချင်းပင် အဝတ်လဲစရာရှိတာလဲ။ အဆင်သင့် ပြင်ထားသော အထုပ်တွေ ခြင်းတွေကို ထပ်စစ်ဆေးကာ ပိုက်ဆံအိတ်ဆွဲပြီး အောက်ထပ်စတိုးဆိုင်လေးကို ဆင်းပါသည်။

ကို့ရဲ့မိုဘိုင်းလ်ဖုန်းကို မခေါ်ချင်၍ ကုမ္ပဏီရုံးခန်းဖုန်းကိုခေါ်လျှင် ကိုက မရှိပါ။ စက်ရုံဘက် သွားသည်ဟု ပြောရာ စက်ရုံကို လှမ်းဆက်တော့လည်း မရောက်သေးဟု သိရပါသည်။





မြူပြာ့တွင် ကို့အမေအိမ်ရဲ့ ဖုန်းနံပါတ်က လုံးဝမရှိပါ။ မြူပြာက မလိုအပ်ဘူးထင်၍ မတောင်းထားသဖြင့် ရှိမနေခြင်းပင်။

နောက်ဆုံးတော့ မိုဘိုင်းလ်ဖုန်းကိုပဲ ခေါ်လိုက်ရပါသည်။ ဖုန်းနံပါတ်တွေ နှိပ်နေစဉ် ဗိုက်က အခုမှ တဖြည်းဖြည်းနာလာသည်။ မိုဘိုင်းလ်ဖုန်းကို ခေါ်တော့ ခေါ်မရပါ။ ဖုန်းပိတ်ထားသည်ဟု ကြားရသည်။

"ဖုန်းကို ကို အမြဲဖွင့်ထားပါတယ်၊ ဒါပေမဲ့ တစ်ခါတလေကျ ဖုန်းက ဘက်ထရီအားနည်းနေရင် ခေါ်မရတတ်ဘူး မြူပြာ"

ဟု ကိုက ပြောထားဖူးသည်ကို သတိရ၍ မြူပြာ ထပ်မခေါ်တော့ပါ။ မြူပြာ့မိဘအိမ်မှာ ဖုန်းတော့မရှိပေမဲ့ မြူပြာတို့လိုပဲ တိုက်အောက်ထပ်ရှိ စတိုးဆိုင်မှ တစ်ဆင့်ခေါ်ခိုင်းလျှင် ရတာမို့ အဲဒီဖုန်းကိုပင် ခေါ်လိုက်ရပါသည်။ လူသွားခေါ်ချိန် ငါးမိနစ်မျှ စောင့်ရသော အချိန်ကို တော်တော်ကြာသလို ခံစားရပါသည်။

နောက်မှ တစ်ဖက်မှ ...

"မမြူပြာလား"

ဟု အသံတစ်သံကို ကြားရလျှင် ဝမ်းသာသွားပြီး ...

"အေး ... ဟုတ်တယ်၊ ဘယ်သူလဲ၊ ညိုပြာလား စန္ဒီလားနန္ဒီလား"

"မဟုတ်ဘူး အစ်မ။ ဒီဆိုင်ကလေ မီးငယ်ပါ"

"ဪ ... အေး ... အေး ... မီးငယ်၊ အစ်မအိမ်က ခေါ်မရဘူးလား"

"သမီး အောက်ကနေ ကြိုးဆွဲခေါ်တာလည်း မရဘူးမောင်လေး အပေါ်ထပ်ထိ တက်သွားပြီး ကြည့်တော့တံခါးနှစ်ထပ်လုံး သော့ပိတ်ထားတယ်လို့ ပြောတယ်"

"အင်း ... အင်း ... ဟုတ်မှာပေါ့၊ ဒီအချိန် အလုပ်ကပြန်မရောက်ကြသေးဘူးဆိုတာ အစ်မ မေ့သွားတယ်အေး ... မီးငယ် ကျေးဇူးပါပဲ၊ အစ်မ ဖုန်းချလိုက်ပြီနော်တကူးတကကတော့ မစောင့်နဲ့ပေါ့၊ အကယ်၍များပေါ့အစ်မအိမ်က တစ်ယောက်ယောက် ပြန်လာတာ မြင်လိုက်ရင် ပြောပေးပါနော်၊ အစ်မ ဗိုက်နာလို့ ဆေးရုံသွားပြီလို့"





"ဟာ ... ရပါတယ်၊ ပြောပေးရမှာပေါ့ မမြူပြာရယ်၊ သမီး အားနေတာပဲ၊ ထိုင်စောင့်ပြီး ပြောပေးမယ်၊ မမြူပြာမွေးပြီးရင်လည်း လာကြည့်မယ်"

"အေး ... မီးငယ်၊ အစ်မ ဆေးရုံသွားပြီနော်၊ ဖုန်းချလိုက်ပြီနော်"

မြူပြာသည် အပေါ်ထပ် ပြန်တက်စရာပင် မလိုပါ။ စိတ်လောကြီးပြီး အိတ်တွေ ခြင်းတွေကို ဆွဲချလာမိရာ သူမနားတွင် ရှိနေသော အထုပ်တွေကို ဆိုင်မှာခဏအပ်ကာ ကက တစ်စီး လာနေတာကိုမြင်၍ ထွက်တားလိုက်ပါသည်။

"ဗဟိုအမျိုးသမီးဆေးရုံကြီးကို သွားချင်လို့ပါ"

"ဪ ... ရပါတယ်၊ တက် ... တက် ... အိတ်တွေထားလိုက်ပါ။ ဦးလေးသယ်ပြီး ကားပေါ်တင်ပေးပါ့မယ်၊ ငါ့တူမ သက်သာသလိုသာနေ"

"ကျေးဇူးပါပဲရှင်"

ကကမောင်းသူ ဖေဖေတို့အရွယ် လူကြီးက မြူပြာမျက်နှာရှုံ့မဲ့နေတာမြင်လျှင် ဗိုက်တော်တော်နာနေပြီဟု ရိပ်မိကာအားကို တတ်နိုင်သလောက် မြန်မြန်မောင်းပေးသည်။

"တူမ တစ်ယောက်တည်းကွယ်"

"ဟုတ်တယ်ရှင်၊ ကျွန်မ အမျိုးသားအလုပ်ကို ဖုန်းဆက်တာလည်း မရဘူး၊ မိဘနဲ့ ညီမတွေလည်း အလုပ်သွားနေကြတာ ကိုယ်စီမို့ တကူးတက လှမ်းခေါ်မနေတော့ဘဲ ကျွန်မဘာသာပဲ ဖွတ်ထွက်လာတာပါ။ ညနေလည်းရောက်ပြီဆိုတော့ သူတို့တွေ အကုန်အလုပ်က ပြန်လာရင် ဆေးရုံလိုက်ခဲ့ကြမှာပါ"

"အေးကွယ် ... သတ္တိရှိလိုက်တာ ကလေးမရယ်၊ ကဲ ... ကဲ ... ဆေးရုံရောက်ပြီ၊ တူမ ကိုယ်လွတ်လက်လွတ် ဆင်းပါ၊ ဦးလေး အထုပ်တွေ ခြင်းတွေ သယ်ပေးပါ့မယ်"

"ကျေးဇူးတင်လိုက်တာ ဦးလေးရယ်၊ ကန်တော့နော် ... ကန်တော့"

"ရပါတယ် ... ငါက ဘာအိတ်ဆွဲရဆွဲရ အယူမသီးပါဘူး"

မြူပြာသည် ဆေးရုံကိုရောက်တော့ လူက အဲဒီတော့မှ စိတ်အေးသလို ဖြစ်သွားပါသည်။ ဆေးရုံမှ Ward တစ်ခုထဲတွင် ခုတင်တွေ တန်းစီထားရာ မြူပြာ့ကို တစ်ခုတင်မှာ သွားနေစေသည်။ အခုကျမှ ကိုယ့်ဘေးက ဘဝတူ မိန်းမတွေကို ကြည့်





ဗိုက်နာရတာပင် ပိုပြီး အားရှိသလို ဖြစ်လာသည်။ အော်သံ၊ ည်းညူသံများကြားတွင် မြူပြာကတော့ ရှက်လည်းရှက်တတ်နေရာ ဗိုက်နာလို့ ညည်းတာတောင် တိုးတိုးလေးညည်းပြီး ကြိတ်နေခဲ့ပါသည်။

ညနေ တော်တော်ကြီးကို စောင်းမှ ဉာဏ်ဒီပနှင့် တူ မိဘညီမတစ်သိုက် အလောတကြီး ရောက်လာကြသည်။

မြူပြာကတော့ အဲဒီအချိန်မှာ နာလို့အကောင်းဆုံး နေလေရာ သူတို့ရောက်လာတာပင် ဝမ်းမသာအားပါ။

ကိုက စိတ်မကောင်းစွာ တဖွဖွ ပြောနေပါသည်။

"မနက်ထဲက မြူပြာ ပြောနေတာ၊ ကိုကလည်း သတိမထားမိဘူး။ ဘာများစားမိလို့လဲ မသိဘူး၊ ဝမ်းသွားချင်သလို ရစ်နာနေတယ် ဆိုတာ၊ အဲဒါ ဗိုက်စ,နာချင်နေတာနော်၊ ကို့မိုဘိုင်းလ်ဖုန်းလည်း ဘက်ထရီအားပြည့်နေပါတယ်၊ ဘာလို့ ခေါ်မရလဲ မသိဘူး။ တစ်ခါတလေ အဲဒီလို ဖြစ်တတ်တာ ခက်တယ်"

"ရပါတယ် ... အခု မြူပြာလည်း မမွေးသေးပါဘူး၊ ဘာမှလဲ ဖြစ်တာမှ မဟုတ်တာ"

"Due date ထက် နှစ်ပတ်စောနေလို့ မေမေက မွေးမယ် မထင်သေးတာနဲ့ စိတ်ချနေတာကွယ်"

"မြူပြာက သတ္တိသိပ်ကောင်းလွန်းပါတယ် မေမေရယ်"

"ဟုတ်တယ် မောင်ဒီပ၊ သမီးကြီးက အားလုံးထဲမှာ သတ္တိအကောင်းဆုံးပဲ"

မြူပြာက ခေါင်းခါရင်း ...

"ဘယ်ကလာ သတ္တိကောင်းရမှာလဲ၊ မြူပြာ ကြောက်တာ ပေါ့။ ရေမြွှာပေါက်ပြီမှန်း သိကတည်းက လူက တုန်ယင် နေတာ၊ ဘာတွေဘယ်လိုလုပ်မိမှန်း မသိပါဘူး"

"မမြူပြာက ကြောက်တတ်လေ ပိုပြီး သတ္တိကောင်းဆေ ဖြစ်တဲ့ မိန်းမမျိုး မေမေရဲ့"

"ကဲ ... ကဲ ... သမီးကြီးလည်း မမွေးသေးဘူးဆိုတော့ တို့ အောက်ဆင်းစောင့်မှ ဖြစ်မယ်။ နာ့(စ်)က ဖေဖေ့ ငယ်ချင်းဆိုတော့ တောင်းပန်ပြီး ခဏတက်ကြည့်ခွင့်ရတာ နောက်မို့ ဒီ 1st Stage Room ထဲကို ဘယ်သူမှ ပေးထ တာ မဟုတ်ဘူး။ သူ့ကိုတော့ ဒီလို ဒီလို ဖြစ်ပြီး သမီး တစ်ယောက်တည်း ရောက်လာတယ် ပြောလိုက်လို့ ခဏဆေ ဝင်ခိုင်းတာဆိုတော့ တို့က အလိုက်သိရမယ်"





"ဟုတ်တယ် ဖေဖေ။ ရပါတယ်၊ မြူပြာ့ကို ထားခဲ့ပါ၊ ဖေဖေတို့လည်း အိမ်ပြန်နားနေပါ၊ မြူပြာက ညရှစ်နာရီ ကိုးနာရီလောက်မှ မွေးမှာတဲ့"

"ဖေဖေနဲ့ မေမေ၊ ညီမတွေရော ပြန်ရင်ပြန်လေ၊ ကျွန်တော် ပြန်ပို့ပေးမယ်၊ ကျွန်တော်ကတော့ ဒီပြန်လာပြီး မြူပြာ့ကို ဆေးရုံအောက်ကနေ စောင့်နေပါ့မယ်။ အခြေအနေ သိချင် ရင် ဖေဖေတို့ ကျွန်တော့်မိုဘိုင်းလ်ဖုန်းကို ခဏခဏဆက် မေးရင်လည်း ရပါတယ်။ ကျွန်တော်လည်း ဖုန်းဆက်ပြီး ပြောပြပါ့မယ်"

မြူပြာ့အိမ်က လူတစ်သိုက် သူတို့ဘာသာ တိုင်ပင် အောက်ပြန်ဆင်းသွားပါသည်။ မြူပြာ အပ်ထားသော ၀.၆ တ လာစမ်းသပ်ရင်း အားပေးလေသည်။

"သမီးလေး မွေးမှာနော်၊ နာမည်ပေးဖို့ စဉ်းစားပြီးပြီလား။ အင်း ... အဖေချော အမေချော ဆိုတော့ သမီးလေးလည်း ချောချောလေး ဖြစ်မှာပဲ"

"မြူပြာ Normal ပဲ မွေးမှာနော်၊ မမ ... ရတယ်မဟုတ် လား"

"ရပါတယ် ... ရပါတယ်၊ အခုခေတ်မှာ ဗိုက်ခွဲမွေးကြ
ခေတ်စားနေပေမဲ့ ငါ့ညီမကတော့ Normal မွေးဖို့ကို စိတ်
အားထက်သန်နေတာ ချီးကျူးဖို့ ကောင်းတယ်"

ညကိုးနာရီ မထိုးခင်လေးမှာ သမီးကို မွေးပါသည်။
သမီးဟာ မွေးခါစလေးနဲ့တောင် ရုပ်ကလေးက ပေါ်ပြီး ချော
လေးဟု မြူပြာ ထင်မိပါသည်။

ကိုယ့်သားသမီးမို့ ကိုယ် ဒီလိုအထွက်ကြီးပြီး တစ်
သတ်မြင်တာလည်း ဖြစ်ရင်ဖြစ်မည်။

မနက် လူနာတွေ့ချိန်ကျမှ မြူပြာ့အိမ်က တ
တစ်မကြီးတွေဖြင့် မြူပြာ သီးသန့်လူနာခန်းက ပြည့်ကျပ်နေ
သည်။ အခုလောလောဆယ် ရောက်မလာသေးဘူး ထင်ထားသော
ဒေါ်စိန်မေကား ထူးထူးဆန်းဆန်းပင် မွေးပြီးပြီးချင်းရက်
ရောက်လာပါသည်။

ခမည်းခမက်တို့ အသီးသီး ပြုံးပြုံးတက်ဆက်ကြ
လွဲလျှင် ဘာစကားမှ ပြောစရာမရှိသလို ဖြစ်နေကြသည်။

ကလေးကို နို့တိုက်ဖို့ လာပေးထားချိန် ဖြစ်
အားလုံးက အရုပ်တစ်ရုပ်ရသလို ကြည့်ကောင်းနေကြချိန်
ဒေါ်စိန်မေကတော့ တစ်ချက်သာ ကြည့်ပါသည်။





"မိန်းကလေး မွေးမယ်လို့ အမေ ကြိုမသိခဲ့ဘူး"

ဒေါ်စိန်မေက ဒီပကို ပြောသလိုလို၊ မြူပြာ့ကို
ပြောသလိုလိုနှင့် စကားစပါသည်။

"အာလ်ထရာဆောင်း ရိုက်ကတည်းက သိထားတာပါ၊
ကိုဒီပက အမေ့ကို ပြန်မပြောဘူးလား"

ဒေါ်စိန်မေက မြူပြာ့ကို ခေါင်းခါပြပါသည်။

"အေးလေ ... မြူပြာတို့ဘက်က မိန်းကလေးများတော့
မိန်းကလေးမွေးဖို့ ပိုပြီး ဖြစ်နိုင်ချေရှိမယ်လို့တော့ တွက်လို့
ရပါတယ်"

"မမြူပြာ ... သမီးငိုပြီ၊ နို့တိုက်မလား"

စန္ဒီက တုမသေးလေးကို တယုတယ ချီလာပေး
သော့ မြူပြာလည်း အရည်ကြည်လေးတွေသာ ထွက်စပြုသေးသော
နို့ကို တိုက်နေစဉ် သူမ၏သားကို ခပ်တိုးတိုး ကျိတ်ပြောသော
ဒေါ်စိန်မေ့ အသံကို ကြားဖြစ်အောင် ကြားလိုက်ပါသည်။

"သားရယ် ... မင့်မလဲ မိန်းမဘက်လိုက်ပြီး မိန်းကလေး
ပဲ မွေးရတယ်လို့၊အမေက ယောက်ျားလေး လိုချင်နေ
တာ"

ဒီပ,က သူ့အမေစကားကို ပြုံးနေပေမဲ့ မြူပြာ

တော့ ဒေါသလည်းဖြစ်၊ စိတ်မကောင်းလည်း ဖြစ်ရပါသည်

"ယောက်ျားလေးမွေးမှ မြတ်တာကွယ်"

"အမေကလည်းဗျာ၊ မြေးဖြစ်ကာတောင် ယောက်ျားလေး

အောင်နေတော့ရော ရမှာမို့လား။ ဘုရားကပေးတဲ့အတိုင်း

ရတာပဲ"

မြူပြာသည် ဒီစကား တိုးတိုးကျိတ်ကျိတ်တွေ

ကြားမိသော သူမကိုယ်သူမပင် အပြစ်တင်မိပါသည်။ မကြား

ရင် အကောင်းသား၊ ကြားလိုက်ရတော့ လူက သွေးနုနု သား

နဲ့တောင် စိတ်က မပျော့ဘဲ ဒေါသဖြစ်လာမိတယ်။

ဘယ်လောက် တစ်ဖက်သတ်ဆန်တဲ့ မိန်းမကြီး

ဘယ်လောက် တစ်ယူသန်တဲ့ ဒေါ်စိန်မေလည်းဆိုတာ ကြည့်

ပါဦး။ အဲဒါ တမင်ပြောတာ။ ငါ့ကို နှိမ်ပြောတာ။

ဘာယောက်ျားလေးမွေးမှ မြတ်တာလဲ ယောကျ်ား

လေးမွေးတဲ့ မိန်းမကမှ မြတ်တာလို့ ရည်ရွယ်ချင်တဲ့ သဘော

ဒီတော့ ငါကတော့ မိန်းကလေးမွေးလို့ မမြတ်ဘူးလို့ ဆိုလို

တာပဲပေါ့။





သူ့ မျက်စိထဲမှာ ငါ့ကို ဘယ်လိုမှ မေတ္တာထားလို့

မရလို့ကို ဒီလို နှိမ်ပြော ပြောလိုက်တာ။

ယောကျ်ားလေး မွေးတော့ရော ဘာပိုထူးခြားမှာမို့

လဲ။ သားယောကျ်ားလေး မွေးထားပြီး ဆိုးတော၊ ဘိန်းမွဲ၊ ရန်ဖြစ်၊

မိဘကို ဒုက္ခပေးနေလို့ စိတ်ဆင်းရဲနေတဲ့လူတွေ တစ်ပုံကြီး။

အဲဒါမျိုးသာဆိုရင် မိန်းကလေး မွေးလိုက်တာကမှ

ကောင်းဦးမယ်ဆိုပြီး နောင်တရမိမယ်။

သမီးမိန်းကလေး မွေးလိုက်ပေမဲ့ အဲဒီသမီးဟာ

သားတစ်ယောက်ထက် မိဘက ပိုအားကိုးလို့ရတယ်၊ အစွမ်းအစ

ရှိတယ်၊ ထက်မြက်တယ်၊ မြင့်မြတ်တယ် ဆိုရင် ဘယ်လိုပြောမလဲ။

လောကကြီးမှာ ရှိတဲ့လူတွေဟာ တော်တော့်ကို

အတွေးအခေါ် ကြောင်ကြတာပဲ။ သားမွေးမှ မြတ်ရတာနဲ့။

ကိုယ့်ဘက်က အသာစီးရမှာနဲ့ တွက်ကြတာ။

သမီးမွေးရင်တော့ ကိုယ်ကပဲ ရှုံးသလိုလို။ အနှိမ်ခံ

ရသလိုလိုနဲ့။

လူဖြစ်လာပြီးရင် ဘယ်သူကမှ ဘယ်သူ့ထက်

ပိုမမြတ်ကြပါဘူး။ မိန်းမ၊ ယောကျ်ား အတူတူပဲ။

ယောက်ျားလေးမို့ ကိုယ်တိုင် သာသနာ့ဘောင်ဝင်ပြီး သာသနာပြုနိုင်တာ တစ်ခုလေးပဲ ပိုပြီးအခွင့်အရေး ရတာပါ။ ကျန်တာ အတူတူပဲ။ ငါကတော့ သမီးပဲ ချစ်တယ်။ သမီးအကြီး လေးမှ အမေ အားကိုးလို့ ရတယ်။ အမေ့ကို ကူတတ်ကြတယ်။

သမီး ...။

မြူပြာသည် ရင်ခွင်ထဲမှ သမီးငယ်ကို ငုံ့ကြည့်၍ စိတ်ထဲမှ တိုးတိုးခေါ်လိုက်ပါသည်။

သမီးဘွားအေ ဒေါ်စိန်မေက မချစ်ရင် နေပါစေ။ သမီးကိုချစ်မဲ့ ဖေဖေ၊ မေမေ ရှိတယ်။ ဘိုးဘိုး၊ ဘွားဘွား ရှိတယ်။ အန်တီလေးတွေလည်း ရှိတယ်၊ သမီး ဘာမှအားမငယ်နဲ့။ သမီး အဲဒီ အဘွားကြီးအိမ်လည်း ဘယ်တော့မှ မသွားနဲ့။ ဖေဖေခေါ် ရင်လည်း လိုက်မသွားနဲ့နော်။

မြူပြာသည် မွေးတာဖြင့် တစ်ရက်မပြည့်သေးသော သမီးကို ငုံ့ကြည့်လျက် ယောက္ခမ ဒေါ်စိန်မေကို အမြင်ကတ်ကတ် ဖြင့် သမီးကို တိုင်တည်ကာ စိတ်ထဲမှာ လျှောက်ပြောနေခဲ့ပါသည်။





## ၁

သမီးမွေးပြီးသောအခါ မြူပြာ ကလေးတစ်ဖက်နှင့် မှီ တော်တော့်ကို ပင်ပန်းသဖြင့် အိမ်မှာလက်ခံသင်သည့် ကျူရှင် ကိုပင် လုံးဝမသင်နိုင်တော့ပါ။

အဲဒီအခါမှာ မြူပြာ့ ဝင်ငွေက လုံးဝမရှိတော့သော အခါ မြူပြာတို့ အိမ်စရိတ်ကား မလောက်မင ဖြစ်လာတော့လေ သည်။

ဒေါ်စိန်မေက ကားနှင့် မိုဘိုင်းလ်ဖုန်းသာ ပေးသုံး သမှဲ့ သူ့သားကို လခသုံးသောင်းသာ အတိအကျ ပေးလေရာ အဲဒီသုံးသောင်းက ဘယ်လိုမှ မလောက်ပါ။

မြူပြာ အစကတော့ ကို့ဝင်ငွေ သုံးသောင်းမျှကို သိပ်ဂရုမစိုက်မိပါ။ သူမ ကိုယ်တိုင်က လခသောင်းနဲ့ချီရသော ကျူရှင်တော်တော်များများကို သင်နိုင်၍ သိပ်ဂရုမစိုက်ခဲ့မိတာ ဖြစ်ပါသည်။ သို့သော် ယခုကျတော့ ဂရုစိုက်လာရသည်။ ကို့ဝင်ငွေသည် ဓာတ်ဆီဖိုး၊ မီဘိုင်းလ်ဖုန်းဘီလ် ပေးလိုက်တာနှင့်တင် ပြောင်တလင်း ခါနေပြီ။

အဲဒီအခါ မြူပြာ ပြောလာရတော့သည်။

"ကို"

ကိုက နို့ဝ၍ အိပ်နေသော သမီးကို တစိမ့်စိမ့်ကြည့်နေရင်းမှ မြူပြာ ခေါ်တာကို ပြန်မထူးဘဲ မေးဆတ်ရုံ အမူအရာ ပြပါသည်။

"မြူပြာ့မှာ စုထားတဲ့ ပိုက်ဆံလေ""

"အင်း"

"တစ်သိန်းကျော်တယ်၊ တစ်သိန်းခွဲလောက်ပေါ့ ရှိတယ်"

"မြူပြာ ဘာဝယ်ချင်လို့လဲ"

"အမယ်လေး ... ဘုရား ... ဘုရား၊ ကိုမို့ စိတ်ကူးရတယ် ဒီအခြေအနေနဲ့ မြူပြာက ဘာဝယ်ဖို့မှတောင် စိတ်ကူးမယ့် ရဲဘူး"





"ဘာဖြစ်လို့လဲ"

"ကိုရယ် ... ပိုက်ဆံက ထုတ်ထုတ်သုံးနေတာ၊ ကုန်တော့မယ်လေ၊ အဲဒါ ပြောချင်တာ"

"ဟုတ်လား"

"သမီးမွေးတုန်းက သူများတွေလို တခမ်းတနားကြီး ဟိုရက်ဒီရက် ဒီအချိန် ဒီနာရီမှဆိုပြီး ဗေဒင်ယတြာနဲ့ တွက်ချက်ပြီး ဗိုက်ခွဲမွေးတာလည်း မဟုတ်ဘူး။ O.G ကို နင့်နေအောင် ပိုက်ဆံကုန်တော့ပြီး အဲဒီ့ရက်အတိုင်း မွေးလိုက်တာလည်း မဟုတ်ပါဘူး။ ရိုးရိုးဒီအတိုင်းပဲ သူ့ဘာသာ ဗိုက်နာပြီး မွေးရတာကို ကြိုက်လို့ မွေးခဲ့တာလေ။ အဲဒါတောင် ဆေးရုံမှာ အခန်းငှားခ ဆေးဝယ်ခ နာ့(စ်)ငှားခ ဘာညာနဲ့ O.G ဒေါက်တာမလေးကိုလည်း သင့်တော်သလောက် ကန်တော့ရတာနဲ့ ဆိုတော့ ခြောက်သောင်းကျော်လောက် ကုန်သွားတယ်"

"အင်း ... ဟုတ်တာပေါ့၊ ကို တွေ့တာပဲ၊ မြူပြာ အိတ်ထဲကနေ ထုတ်ထုတ်ပြီး သုံးနေတာ ကုန်မှာပေါ့၊ ဒီခေတ်မှာ ဒီလောက်တော့ ကုန်မှာပေါ့၊ ကို နားလည်ပါတယ်"

"ပြီးတော့ မြူပြာလည်း သမီးမွေးပြီးကတည်းက အလုပ် မလုပ်နိုင်တော့ ဝင်ငွေမရှိဘူးလေ"

"ဩော် ... မြူပြာရယ်၊ အလုပ်လုပ်ဖို့ မစဉ်းစားပါနဲ့၊ ပင်ပန်းပါတယ်"

ကိုသည် တကယ့်ကို သူဌေးသားပီသသူ ဖြစ်သည်။ မြူပြာ ညည်းညူပြောဆိုသည်တို့၏ လိုရင်းအဓိပ္ပာယ်ကို ခုထိ သူ မသိသေး။ သူက လခကို မီန်းမလက်ထဲအပ်၊ သူလိုအပ်ရင် ပြန်တောင်းနှင့် သူပေးတဲ့ ပမာဏနှင့် ပြန်တောင်းတဲ့ ပမာဏကို လည်း တွက်မိပုံမပေါ်။

မြူပြာ သူ့ကို အပြစ်မတင်ပါ။ မြူပြာကလည်း ပြောမှမပြောမိတာ။ ပြောမှသိတော့မဲ့လူကို ပြောရတော့မှာပေါ့။ ဒါပဲ ဒီနည်းလမ်းပဲ ရှိတယ်။

"မြူပြာ့မှာ ဝင်ငွေမရှိတော့ စုထားတဲ့ပိုက်ဆံထဲက ထုတ်သုံးနေရတာ၊ အခု တစ်သောင်းလောက်ပဲ ကျန်တော့တယ်"

"အေးပေါ့ ... သမီးမွေးတာဖြင့် နှစ်လကျော်ပြီ၊ ကုန်ရောပေါ့"





"ကုန်ရောပေါ့ လုပ်မနေနဲ့။ ကို့ကို တိုင်ပင်စရာရှိလို့"

"ပြောလေ"

"ကို့အမေက ကို့ကို သုံးသောင်းပဲ လခပေးတာ နည်းတယ်နော်"

"အေးကွာ ... ကိုလည်း သိပါတယ်၊ ဒါပေမဲ့ ဘယ်လိုလုပ်ပြောပြီး တိုးတောင်းရမှန်း မသိဘူး။ သူက ကားနဲ့မိုဘိုင်းလ်ဖုန်း ပေးသုံးမယ်လို့ စကားခံထားတာကိုး"

"နေပါဦး၊ ပေးသုံးပေမဲ့ သူက ဘာလို့ ဓာတ်ဆီဖိုးတို့ ဘီလ်တို့ကျ တာဝန်ယူပြီး မရှင်းလဲ"

ကိုက ဒီအချက် အခုမှ သတိရသွားသလိုဖြင့် ငြိမ်ဆွဲနေပါသည်။

"တကယ်တော့ အဲဒါတွေ သူပေးသင့်တယ်၊ ကားနဲ့မိုဘိုင်းလ်ဖုန်းက သူ့ရဲ့အလုပ်ကိစ္စတွေအတွက်ပဲ ဒိုင်ခံအသုံးပြုတာပါ၊ မြူပြာတို့ မိသားစုအရေးကို တစ်ခါမှ မသုံးဖူးဘူး၊ မှတ်မှတ်ရရ မြူပြာ ဆေးရုံကဆင်းတုန်း တစ်ခါပဲစီးလိုက်ပါတယ်၊ ဒါတောင် ကိုက အတင်းအကျပ်ပြောလို့ မြူပြာ ဆေးရုံထဲမှာ အငြင်းမပွားချင်လို့ အောင့်အီးသည်းခံပြီး

စီးလိုက်ရတာပါ။ ကျန်တဲ့အချိန်တွေမှာ မြူပြာ 'ကက'ဲပဲ စီးတယ်"

"ကို အမေ့ကို ပြောဖူးပါတယ်"

"အဲဒါ ထားပါတော့။ ကို တစ်ခုခုတော့ လုပ်သင့်တယ်။ ကို့ဝင်ငွေက အဲဒီ့အသုံးစရိတ်တွေမှာ ပြန်ကုန်သွားပြီလေ။ ဒီတော့ မြူပြာ မုထားတာ ထုတ်သုံးရတယ်၊ ထိုင်စားရတယ်၊ ကြာတော့ ပါးလာပြီပေါ့၊ ဘယ်လိုလုပ်ခံမလဲ။ အဝင်မရှိဘဲ အထွက်ချည့် ရှိနေတာ"

"ကို အမေ့ကို ဘာပြောရမှာလဲ"

ဒီပသည် ငွေကြေးအခက်အခဲ ဆိုတာတွေ ကြားရတော့ သူ တော်တော့်ကို စိတ်ရှုပ်နေပါသည်။

သူ့ တစ်သက်တာတွင် သိန်းဆယ်ဂဏန်းမျှသော ငွေကြေးကိုပင် သိပ်မတွက်ချက်ဘဲ သုံးခဲ့သမျှ အခုကျမှ ဒီလို အခက်အခဲကြီးကို ကြုံရတာဖြစ်၍ ချွေးပင်စို့လာသည်။

မြူပြာ့ကို ကြည့်လိုက်တော့လည်း သူ့လိုပင် စိတ်ညစ်ပြီး မျက်နှာလေးငယ်နေတာ တွေ့ရ၍ သူ ပို၍စိတ်မကောင်းဖြစ်ရသည်။





မြူပြာက တော်ရုံဘန်ရဲ့ ငွေကြေးကိစ္စကိုပင် သူ့ကို ပြောပြီး မညည်းညူဖူးပါ။ သူမသဘောက သူမ့ပဲ ကျူရှင်ပြ၊ ရာကြီးပြီး ဖြေရှင်းတတ်သူပင်။

ယခုတော့ သူမလည်း ကလေးကိစ္စနှင့် လုံးပန်းနေ၍ အလုပ်ထွက်မလုပ်နိုင်တာကြောင့် ဒီပကို ဖွင့်ပြောလာခြင်း ဖြစ်ပါသည်။

"အမေ့ကို လခတိုးတောင်းလိုက်မယ်ကွာ။ အဲဒါဆိုရင်ရော"

"လခ တိုးတောင်းရုံတင် မကဘူး၊ ခုနပြောတဲ့ ဓာတ်ဆီဖိုးနဲ့ ဖုန်းဘီလ်တွေကို သူပေးဖို့ ကို ကြည့်ကျက်ပြောပေါ့"

"တကယ်လို့ အဲဒီ့စရိတ်တွေ သူ့ပေးရမယ်ဆိုရင် သူက ကားနဲ့ဖုန်း မသုံးရတော့ဘူးလို့ ပြောရင်ရော"

"မသုံးနဲ့ပေါ့"

"ဒါဖြင့် ကုမ္ပဏီရုံးခန်းကို ဘာနဲ့သွားမလဲ၊ တစ်ခါတလေ စက်ရုံဘက်သွားရင် ဘယ်လိုသွားမလဲ"

"ကားငှားသွား"

မြူပြာ စိတ်တိုပြီး ရွဲ့ပြောလျှင် ဒီပက သူ့ကိုရွဲ့လို့ မှန်း မသိပေ။

"ကားဗျားသွားရင်ရော ကကဖိုး အမေက မပေးဘူးဆိုရင် လခတိုးတာနဲ့ ပြန်ကုန်မှာပဲ ထင်တယ်"

"ကို ... အဲဒါဆိုလည်း ရှင့်အမေ အလုပ်မှာ ဝင်လုပ်မနေနဲ့တော့၊ ဒါပဲရှိတယ်၊ ကိုယ့်ကုမ္ပဏီမို့ ကိုယ်က နေရာတကာ ဝင်ပါရတာပါ။ သူများကုမ္ပဏီမှာ လုပ်ရင် ထားပါတော့ ကိုယ်က မန်နေဂျာဆို မန်နေဂျာ အလုပ်ပဲ လုပ်ရမယ်။ စက်ရုံဘက် သွားပေးရတာတို့။ ဖောရိန်နာ လာလို့ လေဆိပ်သွားကြိုရတာတို့၊ ဒင်နာလိုက်ကျွေးရတာတို့ ဘယ်ရှိမလဲ"

"ကဲပါ ... ကို ကြိုးစားပြီး ပြောကြည့်ပါ့မယ်၊ မြူပြာက လခ ဘယ်လောက်တိုးစေချင်လဲ"

"ခြောက်သောင်း ခုနစ်သောင်း တစ်ခုခုပေါ့၊ အဲ့ဒီ့လောက်ဆို မဆိုးပါဘူး၊ မြူပြာလည်း သမီး လေး,ငါးလရရင် ကျူရှင်ပြန်ပြမှာပါ၊ ဒီအတိုင်းကြီး အိမ်မှာ ကလေးထိန်းလို့တော့ မရနိုင်ဘူး၊ နှစ်ယောက် ဝင်ငွေရှိမှ ငွေကြေးအဆင်ပြေတာ"

"ကျူရှင်ပြရင် သမီးကို ဘယ်မှာထားမှာလဲ"





"မြူပြာ ညနေပိုင်းနဲ့ ညပိုင်းပဲ ပြမှာ၊ အဲ့ဒီအချိန်ဆို ညီမလေးတွေလည်း အလုပ်ကပြန်လာပြီ၊ သူတို့နဲ့ ခဏသွားထားလိုက်မယ်"

"ကိုကတော့ မလုပ်စေချင်ဘူး။ အမေ့ဆီက တစ်သိန်း နှစ်သိန်း တောင်းလည်း ရတာပဲ။ လခဆိုတာ အမေ့ပါးစပ်က သတ်မှတ်တာပါ၊ ကိုက မလောက်ဘူး နှစ်သိန်းတော့ ပေးပါဆိုလည်း ..."

မြူပြာက ခပ်မဲ့မဲ့ပြုံးကာ ဒီပ စကားကို ဖြတ်ပြောပါသည်။

"နေပါစေ တန်ရာတန်ကြေးပဲ ယူပါ၊ နှစ်သိန်းတောင်းလည်း ပေးမှာ မဟုတ်ပါဘူး။ သူက မြူပြာ စားမှာကို မသဒ္ဓါတော့ ကို့စကားပဲ အဖတ်တင်မယ်၊ သူက ပေးမှာ မဟုတ်ဘူး။ ပြီးတော့ လခတိုးတောင်းတဲ့ကိစ္စလည်း မြူပြာ ပြောတာ၊ ဓာတ်ဆီဖိုး၊ ဖုန်းဘီလ်လည်း မြူပြာက ပေးခိုင်းတာလို့ ကို့အမေကို သွားမပြောနဲ့နော်၊ သူက မြူပြာ့ကို ဆို အမြင်မကြည်ရတဲ့အထဲ"

"အမေက အဲ့ဒီ့လောက်ကြီးလည်း သဘောမဆိုးပါဘူးကွာ၊

သမီးလည်း ရနေပြီပဲ၊ မြူပြာ့ကို တစ်မျိုးမထင်တော့ပါဘူး မြူပြာ၊ ကိုကို တကယ်ချစ်လို့ ယူတယ်ဆိုတာ သူ လက်ခံ ပါပြီ"

"မထင်ပါဘူး။ သူဌေးသားကို ယူတော့ ငါလည်း တစ်နေ့ ကျ သူဌေးကတော်တော့ ဖြစ်လာမှာပဲဆိုပြီး မြူပြာ စိတ်ကူးတွေ ကျိတ်ယဉ်နေမယ်လို့ သူ သံသယရှိကိုရှိ လိမ့်မယ်"

သမီးက အဲဒီအချိန်မှာ အဲ့ခနဲငိုပြီး လူးလွန့် သဖြင့် ကိုသည် ပျာပျာသလဲပင် ကောက်၍ပွေ့လိုက်ပါသည်

"သမီးကို အမေ ခုထိ ထပ်မမြင်ရသေးဘူး။ တစ်နေ့ ကို ခေါ်သွားပြီး ပြချင်တယ်"

"သူ သမီးကိုမှ မချစ်တာ၊ ပြဖို့မလိုဘူး"

"မြူပြာ ဘယ်လိုဖြစ်ပြီး ရန်ထောင်နေတာလဲ။ အမေလည်း ဘွားအေပဲကွ၊ သူ ချစ်မှာပေါ့၊ ဘာကြောင့် တစ်ဖက်သတ် မုန်းနေတာလဲ၊ မြူပြာ့ မိဘတွေတော့ သမီးကို ချစ် အမေတော့ မချစ်ရစေနဲ့ ဆိုတဲ့ စိတ်မျိုး မထားပါနဲ့"

ဒီပသည် မြူပြာက အမေ့ကို တစ်ဖက်သတ်စ

နေသည်ဟူ၍ ခံစားမိလာလျှင် တစ်ခါမှ မအော်စဖူး ဒေါသဖြစ် ပြီး အော်လိုက်မိပါသည်။

မြူပြာကလည်း မြူပြာမို့ မခံပါ။ သူ့ကိုပြန်၍ ခပ် စူးစူးကြည့်လျက် ...

"ဒီမှာ မြူပြာ ပြောတာ ဘာမှမမှားဘူး၊ ရှင့်အမေက မြေး မိန်းကလေးမို့ မချစ်ဘူး။ မြေးယောကျ်ားလေးတော့ လိုချင် တယ်လို့ ပြောတယ် ...

ယောကျ်ားလေး မမွေးလို့ မမြတ်ဘူးလို့လည်း ပြောတယ်၊ အဲဒါတွေ မြူပြာ နားနဲ့ဆတ်ဆတ်ကြားထား တာပါ။ ရှင်လည်း သိထားပါတယ် ကို ...

မြူပြာ သမီးမွေးပြီး ပထမဦးဆုံးတစ်ရက် ဆေးရုံ ကို လာကြည့်တဲ့နေ့က သူ ရှင့်ကို တိုးတိုးပြောတာ မြူပြာ ကြားတယ်။ တမင်သက်သက်ကို မြူပြာ့ကို အဘက်ဘက်က လိုက်နှိမ်နေတဲ့ ရှင့်အမေကို မုန်းတယ်၊ အဲဒါ ရင်ထဲမှာရှိတဲ့အတိုင်း ပြောတာပဲ။ မြူပြာ မညာတတ် ဘူး။ မြူပြာက စိတ်ရှင်းတယ်၊ ချစ်ရင်ချစ်တယ်၊ မုန်းရင် မုန်းတယ်ပဲ။ သူဌေးယောက္ခမမို့ သူ ဘာပြောပြော ခေါင်း




စေတနာစာပေ

ငုံ့ခံပြီး သူ့ဆီက မသဒ္ဒါရေစာရမဲ့ တစ်ခုခုကို မျှော်လင့်မနေဘူး"

ဒီပသည် မျက်ရည်တွေဝဲလျက် ဒေါသတကြီး ပြောလိုက်သော မြူပြာ့ကို ချော့မနေတော့ပါ။ သမီးကို ပွေ့ချီကာ အခန်းအပြင်သို့ ထွက်လာခဲ့ပါသည်။ ဝရန်တာမှ ပက်လက်ကုလားထိုင်တွင် လှဲ၍ထိုင်ပြီး သမီးကိုတော့ သူ့ရင်ဘတ်ပေါ်တွင် မှောက်ရက်ကလေး အိပ်စေကာ ပြန်သိပ်နေခဲ့ပါသည်။

သူ့ရင်ထဲတွင် မကောင်းပါ။ အမေ့ကိုလည်း ချစ်သလို မြူပြာ့ကိုလည်း ချစ်ပါသည်။

မြူပြာ ပြောတာတွေဟာ မှန်သင့်သလောက် မှန်နေပေမဲ့ ကိုယ့်မိခင်ကို ပြောတော့လည်း သားတစ်ယောက်ပီပီ စိတ်ထဲမှာ မကျေမနပ် ဖြစ်သွားတာပင်။

အမေနဲ့ မြူပြာ တည်းဟူသော သူချစ်ရသော မိန်းမနှစ်ယောက်ကြားက ဘာရယ်မှန်း မယ်မယ်ရရ အမည်တပ်မရသည့် အငြိုးအတေး အဖုအထစ်ကို တစ်ချိန်ချိန်မှာတော့ ပြေပျောက်သွားစေရန်သာ ဒီပ ကျိတ်၍ ဆုတောင်းနေခဲ့မိတော့သည်။





ဒေါ်စိန်မေသည် သူမ မျှော်လင့်ထားသလို ကြားရတော့ ပြုံးလိုက်ပါသည်။ သူမ ဤသို့ တွေးထင်ထားကြောင်းလည်း သားကို ပြောလိုက်သေးသည်။

"ထင်သားပဲ၊ တစ်နေ့နေ့ကျရင် ဒါမျိုး ကြားရတော့မယ်လို့"

ထိုအခါ ဒီပ အနည်းငယ် ထိတ်လန့်သွားခဲ့ပါသည်။

"အမေက ဘာလို့ ဒီလို ထင်နေတာလဲ"

"ဪ ... ငါက လူကြီးပါ ဒီပရယ်။ ဒီခေတ်ကြီးထဲမှာ ဒီလိုဝင်ငွေနဲ့ ဆိုတာဟာ မိသားစု စားလောက်ရုံပဲရှိတာ၊ အပိုတွေ ကုန်လာရင် ဘယ်ခံနိုင်မလဲ ...

ကောင်မလေး အစက မပြောလို့ ချီးကျူးနေတာ၊ သူ ဒါတွေကို ဘယ်လိုများ ဖြေရှင်းပါလိမ့်လို့ တွေးမိတယ်။ အခုတော့ မရတော့ဘူးလေ၊ နောက်ဆုံးတော့ ငါ့ဆီ

ဝိုက်ဆံထပ်လာတောင်းနိုင်းတော့တာပဲ မဟုတ်လား
တကယ်ဆို သူလည်း သူ့မာနနဲ့ နေချင်တယ်ဆိုရင် ကလေး
တစ်ယောက် ကောက်မွေးလိုက်ဖို့ မသင့်ဘူး ...

ကလေးရှိလာတော့ မာနဆိုတာလည်း ထားချင်တာ
တောင် ထားလို့မရတော့ဘူးပေါ့"

အမေစကားကြောင့် ဒီပ စိတ်မကောင်းဖြစ်သွား
သည်။ အမေက မြူပြာ့ကို ပြိုင်ချင်တာနဲ့ပဲ ဒီဘက်က တောင်း
လာမှာကို ထိုင်စောင့်နေတဲ့ သဘောပေါ့။ ဘာကြောင့်များ အမေ
ဒီလိုစိတ်မျိုး ရှိလာတာလဲ။

မနေ့က မြူပြာ အမေ့ကို မုန်းတယ်ပြောတုန်း
သူ စိတ်ဆိုးမိတာတောင် မှားသလိုလို ဖြစ်နေပြီ။ အမေကလည်း
မြူပြာ့ကို အလကားနေရင်း မုန်းလို့ ဒီလို အခက်အခဲတွေ
အောင် စောင့်ကြည့်နေတဲ့ သဘောပင်။

"အမေ ဒါတွေ သိရက်သားနဲ့ သားကို အစတည်း
ကူညီဖို့ကောင်းတယ်"

"မသိဘူးလေ ... မင်း မိန်းမက သူ့ကျူရှင်ပြလ
တစ်ပဲခြောက်ပြားနဲ့ ဟန်လုပ်နေတာကိုး၊ သူ ဒါကို





နင်းတယ်ထင်လို့ ကြည့်နေတာပေါ့၊ မင်းမှာ လိုအပ်တယ်
ထင်လည်း အမေ့ကို ပြောပါလား၊ အမေရေ ဓာတ်ဆီဖိုး
ကဖြင့် ဘယ်လောက်၊ ဖုန်းဘီလ်က ဘယ်လောက်ဆိုတာ
ပြောပေါ့၊ ပြောမှ မပြောတာ"

"ထားပါတော့၊ သား အမှားပဲထားပါ၊ အခုတော့ အမေ့ကို
သား တင်ပြလာပြီဆိုတော့ အမေဘယ်လို ဖြေရှင်းပေးမှာလဲ"

ဒေါ်စိန်မေသည် ချွေးမကို မကြည်သော်လည်း
သူမ၏ တစ်ဦးတည်းသော သားမှာ အခုလို ငွေကျပ်ကျပ်တည်း
တည်း ပြဿနာနဲ့ ရင်ဆိုင်ရပြန်တာကျတော့ မကြည့်ရက်။

သို့သော် သား စိတ်ချမ်းသာ ပြေလည်သွားဖို့ ငွေ
ကြေးပမာဏမျိုးကိုလည်း မပေးလို။ ချွေးမက တောင်းလို့ရမှန်း
သိရင် ပိုပိုတောင်းလာမှာမျိုးတွေလည်း ထည့်တွက်ရပါမည်။

"လခ ခြောက်သောင်းပေးမယ်၊ ဓာတ်ဆီဖိုး၊ ဖုန်းဖိုး ငါပဲ
ပေးမယ်၊ ကဲ ... ကျေနပ်လား"

ဒီပသည် အမေက တစ်သိန်းလောက်များ ပေးမလား
ဟု မျှော်လင့်နေမိရာ သောင်းဂဏန်းမျှသော လခကို ကြားရတော့
စိတ်ပျက်သွားပါသည်။

"မင်း မျက်နှာကလည်း ကြည်ကြည်လင်လင် မရှိလိုက်တာ"

"အမေ ပေးတာနည်းလို့ပါ၊ သား တော်တော်များများ စုံစမ်းကြည့်ပြီးပြီ များသောအားဖြင့် ရှစ်သောင်းနီးပါး တာတဲ့၊ တချို့ဆို FECနဲ့ ပေးတော့ ပိုတောင်ရသေးတယ်"

"မင်းက ဘယ်လောက်လိုချင်လို့လဲ"

"တစ်လ,လခ တစ်သိန်းလောက်များ ရမလား"

မိခင်နှင့် သားကြားတွင် အလုပ်ရှင်နှင့် အလုပ်သမား ကဲ့သို့ဖြစ်ကာ လခတိုးတောင်းနေရသော အဖြစ်ကို ဒီပ အင်မတန် မှ စိတ်ရှုပ်လာသည်။

တကယ်ဆို ဒါတွေ မရှိသင့်ဘူး။ အမေ့စည်းစိမ် တွေဟာ ဒီသားတစ်ယောက်တည်းအတွက်ပဲ။ သား လိုအပ်သလို ယူသုံးရော ... ဟဲ့ ... ဘာညာနဲ့ ဘဏ်(မ)အကောင့် တစ်ခုထပ်ဖွင့် ပေးလိုက်ရင် ရသားနဲ့။

အမေကလည်း ကပ်ကိုကပ်တယ်။ အမေက ချမ်းသာ လို့ အမေဆီက မျှော်ကိုးတာဟာ သားသမီးတစ်ယောက်အတွက် သဘာဝကျပါတယ်။ အထူးသဖြင့် သူ့လို လူမျိုးပေါ့။ ဘဝတူ လို လူမျိုးက တစ်သက်လုံး ငွေကြေးချမ်းသာလာခဲ့ပြီး ဒုက္ခဆိုတာ





မခံစားဖူးသူ။ ပညာပြည့်စုံတော့လည်း အလုပ်ဆိုတာ တပင်တပန်း လိုက်မရှာရဘဲ မိဘပိုင် ပရိဘောဂအင်ပို့အိစ်ပို့ ကုမ္ပဏီကြီးမှာ ရာထူးကြီးကြီးယူပြီး ဝင်လုပ်ရုံ။ ကားဆို နောက်ဆုံးပေါ်မှန်သမျှ ဝယ်စီးပြီး လက်တင်မောင်းရုံ၊ အဲဒီလို ဘဝတွေမှာ ဖြတ်သန်း လာရသူဖြစ်ရာ ငွေကြေးအဆင်မပြေခြင်း၊ သုံးရတာ မလောက်ငှ ခြင်း၊ နေရေးထိုင်ရေး ဇိမ်မရှိခြင်းတို့ကို ခံနိုင်ရည် မရှိချင်ပါ။

သမီးလေးမွေးတော့ အမေ့ဆီက ဘာသံများ ကြား ရမလဲ။ ဘွားအေတို့မည်သည် သား၊ ချွေးမတို့ကို ဘယ်လောက် မကြည်ဖြူပါစေ မြေးကျတော့ ကြည်ဖြူကြတာပဲ။ ချစ်ပြီး ဟို ဟာပေး ... ဒီဟာပေး ရှိကြတာပဲ ဆိုတဲ့ မျှော်လင့်ချက်နဲ့ အမေ့ ဆီက စောင့်စားဖူးပေမဲ့ အမေကား သမီးမွေးပြီး နှစ်လကျော်အထိ မြေးနဲ့ ပတ်သက်ပြီး ဘာပေးမယ်၊ ညာပေးမယ်ဆိုတဲ့ လေသံပင် မဟပါ။

အမေ မြေးကို မချစ်တတ်ဘူးလား။ ဒီပသည် အမေ့ကို သံသယဝင်လာပါသည်။ မြူပြာ ပြောတာတွေ အခုတော့ လည်း မှန်နေတာပဲ။ အမေက သူ မကြည်ဖြူတဲ့ ချွေးမဗိုက်ထဲက မွေးတဲ့ မြေးမို့ ချစ်လို့မရဘူး ထင်ပါရဲ့။

မြူပြာ့ မိဘတွေကတော့ မကြာခဏ တွေ့ခွင့်ရ ကိုယ်တိုင် ထိန်းခွင့်ရလို့ ထင်ပါရဲ့။ သမီးကို သည်းသည်းလှု ချစ်လိုက်ကြတာ။ သူတို့ရဲ့ မလောက်မငှဝင်ငွေလေးထဲက ဘယ် လိုကဘယ်လိုစုပြီး ဝယ်လာသလဲ မသိတဲ့ ကလေးဝတ် ရွှေလက် ကောက်လေးတစ်ခုတောင် လက်ဆောင်ပေးကြတယ်။

"ကလေးက ငယ်သေးတော့ ဝတ်လို့မရသေးဘူးပေါ့ တစ်နှစ်သမီးလောက်ဖြစ်မှ ဝတ်ဝတ်ပေး။ မြေးကို လာဘ် ကောင်းအောင် ရွှေနဲ့ ထိတွေ့ပေးတဲ့ သဘောပေါ့၊ ရွှေဆို တာ လူနဲ့တည့်တဲ့ဓာတ်လည်းဖြစ်တယ် မောင်ဒီပရဲ့။ ဒါကြောင့် မြေးအတွက် မရမက သွားဝယ်ကြတာ"

ဟုလည်း မြူပြာ့မိခင်က ပြောပြပါသည်။ အမေ တော့ သာမန်မိတ်ဆွေတွေ လက်ဆောင်ပေးသလိုပင် အကျီ တစ်စုံ၊ ပေါင်ဒါဘူးလေးတစ်ဘူးဖြင့် အသိအမှတ်ပြုဖော်ရပါသည်။

"မောင်ဒီပ ... ဘာတွေ ငိုင်နေတာလဲ"

အမေက ဒီပ ငိုင်တွေနေလျှင် လှမ်းခေါ်လိုက်ပါ သည်။ အမေသည် တစ်ခါတစ်ရံတော့ သူ့ကို မောင်ဒီပဟု ခေါ် တတ်ပါသည်။





"အမေ လခ ဘယ်လောက် တိုးပေးမှာလဲ သိချင်လို့ ပါ"

"တစ်သိန်းတော့ မဖြစ်နိုင်တာ၊ မပေးပါဘူး။ တစ်သိန်းပေး တယ်ဆိုတာဟာ မင်းရဲ့ မိသားစုတစ်စုလုံးကို ထောက်ပံ့ နေတဲ့သဘော ဖြစ်သွားမှာပေါ့ကွဲ့။ သူများတွေ လခ ရသလိုပဲ ရမှာပေါ့။ အမေ ခြောက်သောင်းပေးမယ် ပြော ပြီးပြီလေ။ မင်းဘက်က သာပါတယ်ကွယ်၊ ကားလည်း ရှိတယ်၊ ဖုန်းလည်းရှိတယ်၊ အဲဒီ့ကုန်ကျစရိတ်တွေလည်း အမေက ပေးဦးမှာပဲ"

"ကောင်းပါပြီ သားကို အမေ ဒီလောက်ပဲ ပေးချင်တာကို လက်ခံရမှာပေါ့ ...

ဒါပေမဲ့ ကားတွေ ဖုန်းတွေဟာ မြူပြာတို့ သားအမိနဲ့ ဆိုင်တာ သိပ်မသုံးသလောက်နီးပါးပါပဲ၊ သားပဲ အသုံး များတာပါ"

"သူ့သဘောနဲ့သူ မသုံးတာလေ၊ အမေက ပေးထားတယ်ဆို တာဟာ ဘယ်သူသုံးသုံး ဂရုမစိုက်တော့ဘူး၊ ငါ့သားကို သနားလို့။ မင်း လမ်းပေါ် လျှောက်နေရမှာစိုးလို့ ပေးလိုက်

တာပဲ။ မြူပြာပဲသုံးသုံး၊ သူ့မိဘ၊ သူ့ညီမ သူ့ဆွေမျိုးတွေ ဝိုင်းသုံးသုံး အမေ ဂရုမစိုက်ပါဘူး။ ပြောလိုက်ပါ မင်းမိန်း ကို ကားကို စိတ်ချလက်ချ စီးပါလို့"

ဒေါ်စိန်မေသည် ပြောရင်း ဒေါသလည်းဖြစ် သား ဖြစ်သူက ကိုယ့်ဘက်မှာ မရှိသလောက်နီးနီး ဖြစ်နေသဖြင့် ဝမ်းနည်းလာကာ မျက်ရည်ကျလာပါသည်။

"အမေ ဘာလို့ မျက်ရည်ကျတာလဲဗျာ၊ အဲဒီ့လိုမြင်ရတော့ သားစိတ်မကောင်းဘူး။ မိဘ မျက်ရည်ကျအောင် လုပ်မိပြီ ဆိုပြီး ကိုယ့်ကိုယ်ကိုယ် စိတ်မလုံတော့ဘူး"

"ဒေါသလည်း ဖြစ်တယ်၊ စိတ်မကောင်းလည်း ဖြစ်တယ် အဲဒါတွေကြောင့် ငါ မျက်ရည်ကျတာပေါ့။ မင်းသာ ဘယ်ခံစားရမလဲ။ ငါက အမေပါ၊ အမေဆိုတာ ကိုယ့်သား ကို ကောင်းတာပဲ မြင်စေချင်တယ်၊ ကောင်းတဲ့ ဘဝထဲမှာ ထားချင်တယ်၊ အခုတော့ မင်းက အမေ့ရင်ဝကို ခြေ ကန်ထွက်ရုံတင်မကဘူး၊ တစ်ခုခုဆိုရင် အမေ့ဘက်ထက် မင်းမိန်းမဘက်က ပိုမှန်မယ်ထင်နေတဲ့ အမြင်တွေ တွေ့ရတော့ ရင်နာတာပေါ့"





"သား ... အဲဒီ့လို မထင်ပါဘူး။ အမေလည်း အမေဘက် က မှန်သလို သူလည်း သူ့ဘက်က မှန်တယ်ဆိုပြီး မြင် တတ်ပါတယ် ...

သားကတော့ အားလုံးကို ပြေပြေလည်လည် ဖြစ် စေချင်ပါတယ်၊ ကဲ ... ကဲ ... အမေရယ် တိတ်ပါ၊ ဒီပြဿနာ တွေအားလုံး သားကြောင့် ဖြစ်ရတာပါ၊ သားမှားတယ်လို့ပဲ ထားလိုက်ပါ။ သား အမေ့ကို နောက်ဆို အခုလို မျက်ရည် ကျရအောင် မလုပ်တော့ပါဘူး"

ဒီပသည့် အမေ ငိုတော့လည်း သူပါ ရောပြီး စိတ် ကောင်းဖြစ်ရပါသည်။ အမေက တော်ရုံတန်ရုံ ငိုခဲ့သည်။ မေငိုတာ သူ့ဘဝမှာ မြင်ဖူးတယ်ဆိုလို့ လေးငါးခါထက် မပို။

အဖေမှာ ကင်ဆာဖြစ်နေပြီလို့ သိရတုန်းက သူ့ကို င်ငိုတာတစ်ခါ။ အဖေဆုံးတုန်းကတစ်ခါသာ ပြင်းပြင်းထန်ထန် တာ။ ကျန်တဲ့ သုံးခါလောက်ကတော့ သာမန်မျက်ရည်ကျရုံ င်တွေပါ။ အခုလည်း အမေ ငိုတာတော့ မဟုတ်ပေမဲ့ မျက် ည်ကျတော့ သူ တော်တော့်ကို စိတ်မကောင်း ဖြစ်သွားပါသည်။

"တကယ်တော့ သားကို အမေ အရမ်းချစ်ပါတယ်၊ အမေ့နားမှာ ခေါ်ထားချင်ပါတယ်။ ဒါပေမဲ့ အချိန်တန် အရွယ်ရောက်လို့ ကိုယ့်လမ်းကိုယ်လျှောက်သွားတော့လည်း ဘယ်လိုတားလို့ရမလဲ၊ အမေက ဒါကို နားလည်ပါတယ်"

"အမေ့ဆီ သား အမြဲလာနေတာပဲ၊ ပြီးတော့ အမေ့တို့ သမီးလေးလည်း ခေါ်လာပြီး ပြရဦးမယ်၊ သမီး အခု အရမ်းချစ်စရာကောင်းနေပြီ၊ အဖေအမေလည်း အရမ်းသိနေပြီ၊ သားအလုပ်က ပြန်လာလို့ သားအသံကြားတာနဲ့ ခေါင်းက လည်နေအောင် လိုက်ကြည့်တာ၊ အမေမြင်ရင် သိပ်ချစ်မှာပဲ"

"ဘာနေ့သမီးလဲ ..."

"ဟာ ... အမေ မသိဘူးလား ... သမီးက သောကြာသမီးလေ၊ ဒါကြောင့် မြူပြာက သီရိကျက်သရေ ဆိုတဲ့ နာမည် ပေးထားတယ်"

"နာမည်ပေးတာတောင် မင်းက ပေးတာရယ်လို့ ကြားမလားအောက်မေ့ပါတယ်ကွယ်၊ အခုတော့ မြူပြာပဲ"





"မဟုတ်ပါဘူး အမေရယ်၊ မြူပြာက နာမည်တွေ ချရေးပြီး ရွေးတဲ့အထဲမှာ သားကြိုက်တာကို သူ လက်ခံလိုက်တာပါ။ သားက ယောက်ျားဆိုတော့ နာမည်လည်း သိပ်မစဉ်းစားတတ်ဘူး၊ လျှောက်ပြောနေတာနဲ့ မြူပြာပဲ စဉ်းစားရတာ"

ဒေါ်စိန်မေသည် မြေးကို သိပ်စိတ်ဝင်စားမှု မရှိလေရာ သားခေါ်လာလျှင် ချီပြုနေရမှာစိုး၍ ခေါ်မလာခိုင်းဖို့ ပြောဆိုက်လေသည်။

"ကလေး ငယ်ပါသေးတယ်ကွယ်၊ ခေါ်မလာပါနဲ့ဦး၊ အမေလည်း မအားပါဘူး၊ ကလေး မကြည့်အားဘူး"

ထိုသို့ ကြားလိုက်လျှင် ဒီပ စိတ်မကောင်းစွာပင် ငြိမ်နေခဲ့ရပါသည်။ အမေက မြေးကို မချစ်ဘူးဆိုတာ တကယ်ပဲ ဟုတ်နေပါလား။ မြူပြာ ပြောသလိုပဲ မြူပြာ့ကလေးမို့ အမေ ချစ်မှာ မဟုတ်ဘူးဆိုတာ တကယ်များ ဖြစ်နေပြီလား။

သမီး ငါးလရသောအခါ မြူပြာ့ကို ဘယ်လို တားတားမရပါ။ ကျူရှင်ပြန်ပြမည်ဆိုကာ ကျူရှင်သင်ဖို့ ပြင်ဆင်လေသည်။

ကျူရှင်ချိန်တွေကို ည(၇)နာရီမှ ည(၉)နာရီထိ သတ်မှတ်ကာ တစ်ပတ်မှာ ခြောက်ရက်ပြပါသည်။ ဆက်ရှင်တစ်ခုဒါမှမဟုတ် ဝိုင်းတစ်ဝိုင်းကို တစ်နေ့သင်ချိန် နှစ်နာရီဖြင့် တစ်ပတ်နှစ်ရက် သင်ပေးရသော ထုံးစံရှိသဖြင့် မြူပြာ့အတွက် ဝိုင်းသုံးဝိုင်းလက်ခံနိုင်ကာ တစ်ဝိုင်းစီအတွက် တစ်ပတ်နှစ်ရက်စီ ပေးလိုက်ရာ မြူပြာ့နားရက်က တစ်ရက်သာ။

ထိုတစ်ရက်ကိုတော့ တမင်ပင် တနင်္ဂနွေတစ်ရက်ကို ချန်လိုက်ပါသည်။ တနင်္ဂနွေသည် ဒီပလည်း အလုပ်အားသဖြင့် ထိုသို့သောရက်တွင် အိမ်၌ မိသားစုလေး စုံစုံညီညီ ဖြစ်စေလို၍ မြူပြာ တမင်ရွေးလိုက်တာ ဖြစ်ပါသည်။





မြူပြာ့ ကျောင်းသားတွေကတော့ မြူပြာ ဘယ်ရက်သင်သင် လာတက်မည့်လူချည့်ပင်။ မြူပြာက စာသင်သက်လည်း တော်တော်ရပြီဖြစ်သလို အင်္ဂလိပ်စာ အသင်အပြလည်း ကောင်းနေခြင်းကြောင့် မြူပြာ့ဝိုင်းကိုဆို လာတက်ချင်သည့် တပည့်က များလှပါသည်။

ကျူရှင်ပြရသော ရက်တွေဆို မြူပြာက အိမ်မှ ညနေခြောက်နာရီထွက်ကာ သမီးကို အဘိုးအဘွားအဒေါ်တွေ အိမ် ပို့ထားပြီး အသွားကိုတော့ ဘတ်(စ)ဖြင့် သွားလိုက်သည်။

အပြန်မှာ ညဘက်လည်း ဖြစ်နေ၍ မြူပြာသည် တက္ကစီကို မနှမြောဘဲ ငှားစီးပါသည်။ ကားပါသော တပည့်တွေက လိုက်ပို့ချင်ကြပေမဲ့ မြူပြာက အတင်စီးမခံချင်သဖြင့် လက်မခံပါ။

မြူပြာ့တပည့်တွေက ဆယ်တန်းတွေမို့ အရွယ်ငယ်လေရာ ကိုယ်တိုင်ကားမောင်းခွင့် မရသေးသဖြင့် မိဘတွေက အကြိုအပို့ လုပ်ကြသူတွေချည်းဖြစ်သည်။ တပည့်တွေက ကိုယ့်ဆရာမမို့ ဖားပြီး ပို့ချင်ပေမဲ့ သူတို့မိဘမျက်နှာလည်း ကြည့်ရဦးမည်မို့ မြူပြာက လိုက်အပို့မခံတာပင်။

ဒီပကတော့ သူ့အလုပ်ပြီးချိန်မှာ ငါးနာရီပေမဲ့ ငါးနာရီခွဲ ခြောက်နာရီတောင် အိမ်ပြန်မရောက်တတ်ပါ။ သူ့အမေအိမ် ခဏဝင်ရသေးသည်ဖြစ်ရာ ညခုနစ်နာရီကျော်ကျော်မှသာ အိမ်ပြန်ရောက်တတ်၍ မြူပြာက သမီးကို မိဘအိမ် ခဏ သွားပို့ရတာဖြစ်သည်။

မြူပြာ ပြန်လာလျှင်တော့ ကိုက သမီးကို ချီပြီး ဝရန်တာမှာ စောင့်ကြည့်နေတတ်ပါသည်။

"ကို ... ဘယ်အချိန်က သွားခေါ်ထားလဲ"

"ကို ရောက်ရောက်ချင်းပဲ အိမ်သော့ခတ်ထားတာမြင်တော့ တံခါးတောင် ဖွင့်မဝင်တော့ဘူး။ သမီးကို သွားခေါ်လိုက်ပြီးမှ အိမ်ထဲဝင်တာ"

"ဖြည်းဖြည်းမှ သွားခေါ်လည်း ရပါတယ်၊ မြူပြာ့အိမ်မှာက ထိန်းမဲ့လူများတာပဲ၊ ပြီးတော့ သူတို့က သူတို့ကို လာခိုင်းတယ်လို့ မထင်ကြပါဘူး။ သမီးကို ချစ်လို့ လုချီနေကြတာလေ"

"ဒါပေမဲ့ ကိုက မနေတတ်ဘူးကွ။ အိမ်ပြန်လာရင် အိမ်က တိတ်ဆိတ်ခြောက်ကပ်နေသလိုပဲ၊ မြူပြာလည်း မရှိ





သမီးလည်း မရှိနဲ့။ အထူးသဖြင့် သမီးပေါ့၊ သမီး မရှိရင် နေလို့မရဘူး"

"အဖြစ်ကလည်း သည်းတယ်"

"သည်းတာပေါ့၊ မမြင်ရခင်ကတော့ ဘယ်လို ချစ်ရမှန်း မသိဘူး။ မြင်ပြီးတော့ အတူတူနေတာကြာတော့ အရမ်းချစ်လာတယ်။ သမီးကို ဘာနဲ့မှ မလဲနိုင်ဘူးကွ"

မြူပြာသည် သမီးအဖေ အဖြစ်သည်းလှတာကို ကြည်ကြည်နူးနူး ပြုံးလျက် နှာခေါင်းရှုံ့ပြမိပါသည်။

"ချစ်တာကတော့ ချစ်ပေါ့ ကိုရယ် ... ဒါပေမဲ့ သမီးအတွက် သင့်သလောက်ပဲ အကုန်ခံပါ။ ဟိုတစ်နေ့ကလိုမျိုး ကလေးထည့်ပြီး တွန်းတဲ့တွန်းလှည်း Stroller ဝယ်ချင်တာမျိုး၊ သိပ်တန်ဖိုးကြီးတဲ့ အရုပ်တွေ ဝယ်ချင်တာမျိုးကျတော့ ဆင်ခြင်လိုက်ပါ၊ ပိုက်ဆံ သိပ်ကုန်တယ်၊ မြူပြာတို့က သူဌေးတွေလို လိုက်လုပ်လို့ မဖြစ်ဘူး"

"မြူပြာက သိပ်ကပ်စေးနည်းတာပဲ"

"ကပ်စေးမနည်းပါဘူး၊ လိုအပ်ရင်တော့ သုံးမှာပါ။ ကိုယ့်သမီးလေးပဲ၊ ကောင်းပေ့ညွန့်ပေ့ကို သုံးပေးချင်တာပေါ့။

ဒါပေမဲ့ မြူပြာတို့က ဝင်ငွေ ထွက်ငွေ မျှတအောင် သုံး
တော့လေ ...”

“အရုပ်က ထားပါကွာ၊ Strollerလေးတော့ ဝယ်လိုက်ပါ
လမ်းသွားရင် ချီစရာမလိုဘူး၊ သမီးကို အဲဒီ့ထဲထည့်ပြီး
တွန်းသွားရုံပဲ၊ ကို သိပ်ဝယ်ချင်နေတာ၊ မြူပြာက မဝယ်ရ
ဆိုပြီး တားထားလို့ မဝယ်လိုက်ရဘူး ...

သိပ်ဈေးကြီးတာကြီးတော့ ဘယ်ဝယ်မလဲ၊ တော်
သင့်ရုံလေးတစ်ခုပေါ့၊ ဝယ်ရအောင်ကွာ၊ ကို ဒီနေ့တော
Baby Storeတစ်ခုတွေ့လို့ ဝင်ကြည့်ခဲ့သေးတယ်၊ အဲဒီမှာ
လည်း တော်တော်များများ ရောင်းနေတယ်ကွ”

ကိုက ဟိုးတစ်နေ့က မြူပြာနှင့်အတူ ကုန်တိုက်
တစ်ခုကို သွားစဉ် ကလေးထည့်ပြီး တွန်းလို့ရသည့် တွန်းလှည်း
တော်တော်မျက်စိကျကာ ဝယ်ပေးချင်နေတာ ဖြစ်သည်။ မြူပြာ
ကတော့ ကလေးကို ချီသွားလည်း ရရက်နဲ့ အပိုလုပ်ပြီး အကုန်
ခံရမှာဖြစ်၍ မဝယ်လို။ အဲဒါနဲ့ပဲ လင်မယားနှစ်ယောက် ညီမရော
ပြန်လာခဲ့ရလေသည်။ အင်း ... တကယ်တော့ သမီးဟာ သူ့အဖေ
တစ်ယောက်လုံး တစ်ဦးတည်းသောသား၊ သူဌေးသား ဖြစ်ရက်နဲ့





သမီးကတော့ သူဌေးသမီးလေး မဖြစ်ရရှာဘူး။ မြူပြာသည် အဲဒီ
အတွေး ဖျတ်ခနဲ ဝင်လာခဲ့သော်လည်း အခုချိန်ရောက်မှ ဒါတွေ
အသစ်ထပ်တွေးမနေလို၍ ချက်ချင်း မေ့ပျောက် ပစ်လိုက်ပါ
သည်။

“နော် ... မြူပြာလေး ကို့ကို အဲဒီ့တစ်ခုတော့ ခွင့်ပြုကွာ။
ကို ဝယ်ပါရစေ”

“ဝယ်ပါ ... ကဲ ... ကဲ ... ဝယ်၊ ကို့စိတ်ကြိုက် သွားရွေး
ဝယ်။ အရုပ်တွေတော့ လျှောက်မဝယ်နဲ့ ... သမီးက ကစား
လည်းမကစားတတ်သေးဘူး။ ဂျောက်ဂျက်တစ်ခုရှိရင် ရပြီ”

“သမီး တစ်နှစ်ပြည့်ကျရင် မွေးနေ့လုပ်ပေးမယ်”

“အင်း ... နောက်တစ်ခု လာပြန်ပြီ”

“လုပ်ပေးလိုက်ပါကွာ။ မိဘတွေက များသောအားဖြင့်
ကလေးတစ်နှစ်ပြည့်ရင် မွေးနေ့တော့ အမှတ်တရ လုပ်ပေး
ကြတာပဲကွ။ သမီး ကြီးလာရင် ဓာတ်ပုံပြန်ပြပြီး ပြောပြ
လို့ရတာပေါ့။ လုပ်ပေးမယ်၊ သိပ်မကုန်ပါဘူး”

“အမယ်လေး ... သူ့သမီးကဖြင့် ငါးလကျော်ရှိသေးတယ်၊
စိတ်ကူးက ယဥ်ပါ့”

ယောက်ျားဖြစ်သူက သူ့ဘဝတွင် ဇနီးနှင့်သမီးကလွဲ လျှင် ဘာကိုမှ အရေးမထားသလို ပုံစံဖြစ်နေသောအခါ မြူပြာ ကား မိန်းမပီပီ ကြည်နူးရပြန်သည်။

တနင်္ဂနွေတစ်ရက်လေးတွင် မိသားစု စုံစုံညီညီဖြင့် တစ်နေကုန် အချိန်ဖြုန်းလိုသော်လည်း မွန်းလွဲပိုင်း ရောက်လာ လျှင် ဒီပရဲ့ မိုဘိုင်းလ်ဖုန်းက မြည်တတ်ပြီး ဖုန်းပြောပြီးသော အခါ ...

"အမေက ညနေပိုင်းလေး ခဏလောက်ဖြစ်ဖြစ် သူ့ဆီ လာခဲ့ပါလားလို့ ခေါ်တယ်ကွာ"

ဟု မြူပြာ့ကို ခွင့်တောင်းသလို ပြောလေသည်။

"အရင် အပတ်ကလည်း အဲဒီလိုပဲ လှမ်းခေါ်တာ နော်"

"မြူပြာ မသွားစေချင်ရင် ..."

"အို ... မသွားစေချင်ဘူး၊ သွားစေချင်တယ်ရယ်လို့တော့ မရှိပါဘူးလေ၊ ကို့သဘောပါ"

"ကို ခဏလေး သွားလိုက်မယ်လေ၊ သိပ်မကြာပါဘူး အမေ စိတ်ချမ်းသာအောင် သွားလိုက်မယ်နော်၊ မြူပြာ





ထမင်းစားစောင့်နေပေါ့၊ ထမင်းစားချိန်အမီ ကို ပြန်ခဲ့မယ်၊ သမီးကို ညနေစာ ငှက်ပျောသီးဖိုးကြမ်း မီးဖုတ်လေး ကျွေးမယ်မဟုတ်လား၊ ကို ကျွေးပေးမယ်နော်၊ အချိန်မီ ပြန်ခဲ့မယ်"

"ရပါတယ် ... သွားပါ၊ မြူပြာ စိတ်မပုပ်ပါဘူး။ သူ လည်း တစ်ယောက်တည်း အထီးကျန်နေလို့ ခေါ်တာပဲဆို ပြီး ကိုယ်ချင်းစာတတ်ပါတယ်"

ကိုက မြူပြာ့ ခွင့်ပြုချက်ရသောအခါ သမီးကို တစ်ချက်နမ်းပြီး ကားသော့လေးဆွဲကာ ထွက်သွားပါသည်။

မြူပြာက ကို့ကို ဝရန်တာ ထွက်ရပ်ကြည့်ရင်း လက်ပြကျန်ခဲ့ပါသည်။ ဩော် ... ငါတောင် ငါ့အမေကို ချစ် သေးတာ သူလည်း သူ့အမေကို ချစ်ရှာမှာပေါ့။ သွားတွေ့ ချင်မှာပေါ့။

မြူပြာသည် ထိုသို့ ကိုယ်ချင်းစာစွာ တွေးလျက် စိတ်ဆိုးဒေါသဖြစ်မိခြင်း မရှိပါ။ ငါတို့ မိသားစု အေးအေးဆေး ဆေး ဆုံရတဲ့ တစ်ရက်လေးကို သူ့အမေအတွက် ဖဲ့ပေးလိုက်ရ တယ်လို့လည်း ကြဲဖန်အပြစ်မယူမိပါ။

ထမင်းစားချိန်ထိတိုင် ကို ပြန်ရောက်မလာခဲ့လျှင် မြှူပြာ တစ်ယောက်တည်းသာ ထမင်းစားလိုက်ရပါသည်။ သူ့အမေက သူကြိုက်တတ်တဲ့ ပုဇွန်တုပ်ကြီးဟင်းတွေ ချက်ကျွေးနေတယ် ထင်ပါရဲ့လေ။





# အပိုင်း(၃)

# ၆

သမီး နှစ်နှစ်ကျော်သောအခါ မြူပြာ ဒုတိယကိုယ်ဝန် ယူလေသည်။ ဒီပကတော့ အမေ့ကို ပြောရိုးပြောစဉ်အတိုင်းပင် အသိပေးမိပါသည်။

“မြူပြာတော့ ကိုယ်ဝန်ရှိနေပြီ အမေ”

ဟု ပြောသောအခါ အမေက ...

“ဟယ် ... မင်းမိန်းမကလည်းကွယ် ... ပထမတစ်ယောက် ဖြင့် သိပ်မကြီးသေးဘူး။ ခေတ်ပညာတတ်ဖြစ်ပြီး ကလေးတွေ ယူလှချည်လား၊ ခုခေတ်မှာ တစ်ယောက်လောက်ပဲ ယူကြတာကို”

ဟူ၍ စိတ်ရှုပ်သလို ဝေဖန်ပါသည်။

"မြူပြာက ကလေးနှစ်ယောက်ပဲ ယူမှာပါတဲ့။ အရွယ်ချင်းလည်း သိပ်မကွာစေချင်လို့ သမီးနှစ်နှစ်ကျော်မှာ ကိုယ်ဝန်စယူတာပါ၊ သမီး သုံးနှစ်ပြည့်မှ နောက်တစ်ယောက်ရတာဆိုတော့ သုံးနှစ်ကွာတာပေါ့"

"မိန်းကလေးချည့် ဖြစ်နေဦးမယ်"

"ဖြစ်လည်း ကိစ္စမရှိပါဘူး။ မြူပြာတို့လည်း ညီအစ်မချည့်လေးယောက်ရှိတာ၊ မိဘက သိပ်အားကိုးရတာပဲ။ ပြီးတော့သူတို့ ညီအစ်မချင်းလည်း တော်တော်ချစ်ကြတယ်။ သမီးပဲနှစ်ယောက်ဖြစ်ရင်လည်း သားကတော့ ချစ်တာပါပဲ အမေရယ်။ သမီးလေးတွေဆိုရင် ပိုလိမ္မာကြတာပေါ့"

"မင်းလည်း မိန်းမစကား နားဝင်နေပြီ၊ Brain Wash လုပ်ထားတဲ့လူလိုပဲ၊ မြူပြာ ပြောတာ၊ မြူပြာ စီစဉ်တာနဲ့ ဒီလိုပဲ စိတ်ချမ်းသာ ကျေနပ်နေတယ်"

"ဩော် အမေရယ် ... သားတို့ အိမ်ထောင်သက်ဖြင့် သုံးနှစ်ရှိပါပြီ။ အမေ့စိတ်က ခုထိ မလျှော့သေးဘူးနော်"





"အေး ... အဲဒါထားပါတော့၊ အရေးမကြီးတာ မပြောတော့ပါဘူး ...

ဒီမှာ နားထောင်ဦး။ အမေ ခုတလော သွေးတော်တော်တိုးတာကွယ်၊ နေလို့ထိုင်လို့ကို မကောင်းဘူး။ လေဖြတ်မှာတောင် ကြောက်နေမိတယ်"

"အမေ ပြနေတဲ့ ဒေါက်တာဆီ သွားမယ်လေ၊ သားလိုက်ပို့မယ် ...

ခက်တာပဲ၊ အမေက အုန်းနို့ဆိုလည်း ကြိုက်၊ အငန်ဆိုလည်း ကြိုက်တော့ ..."

ဒေါ်စိန်မေသည် သားဖြစ်သူဆီက သူမ အပေါ် အလေးအနက်ထားမှုကို လိုလားသောကြောင့်လည်းကောင်း၊ သူမကိုယ်တိုင်လည်း နေလို့ထိုင်လို့ သိပ်မကောင်းခြင်းကြောင့် တစ်ကြောင်း၊ သားက သူ့မိသားစုကိစ္စတွေ ပြောနေစဉ်မှာပင် သူမ၏ ကျန်းမာရေးကို တမင် ပြောလိုက်ပါသည်။ ဒီပက အမေ့ကို ချစ်ပြီး မိန်းမတို့၏ ပရိယာယ်ကို သိပ်အကျွမ်းတဝင် မရှိလှသော ယောကျ်ားတစ်ယောက်ပီပီ အမေ သွေးတိုးတယ်၊ နေမကောင်းဘူး ဟု သိရလျှင် သူကတော့ တော်တော်ပင် စိတ်ပူနေလေပြီ။

"အမေ ဆေးခန်းပြမလား ... သား ခုပဲ ဖုန်းနဲ့ ဘွတ်ကင် လုပ်လိုက်မယ်၊ သား လိုက်ပို့မယ်လေ"

"အမေ သိပ်နေမကောင်းတော့လေ သားကို အမေ့နားမှာ အမြဲရှိနေစေချင်တယ်၊ အမေ မတော်တဆ သေသွားရင် နောက်ဆုံး အချိန်အထိတောင် သားကို တွေ့သွားချင်လို့"

"မဟုတ်တာ အမေရာ။ သွေးတိုးတဲ့ရောဂါဟာ အစား အသောက်ဆင်ခြင်ပြီး ဆေးလည်း သောက်မယ်ဆိုရင် အသက်အန္တရာယ် မရှိပါဘူး။ အမေက ငါးဆယ်ကျော်ပဲ ရှိသေးတာ။ ဘာလို့ သေရမှာလဲ"

"သေခြင်းတရားဆိုတာက အရွယ်ကို မကြည့်ပါဘူး သားရယ်"

"လျှောက်တွေးမနေပါနဲ့ အမေရယ်၊ အမေ ဘာမှ မဖြစ်ဘူး စိတ်ချပါ။ အမေ သားကို စိတ်မချသေးသရွေ့ သားကို သံယောဇဉ်ကြီးနေသေးသရွေ့ မသေသေးပါဘူး။ ပြီးတော့ အဟဲဟဲ ... ချွေးမ လုပ်ကိုင်သမျှတွေကို အကောင်းမြင် လို့မရဘဲ စောင့်ကြည့်ဝေဖန်သေးသရွေ့ အမေ သေဖို့တောင် မေ့နေမှာပါ"





"ဟယ် ... ဒေါ်ပ ... မအေကို ပေါက်ပေါက်ရှာရှာ ဒီလို ပြောစရာလား။ ဘာလဲ ... မင်းက မင်းမိန်းမကို ငါ အကောင်းမပြောတာကို စိတ်ထဲထားတယ်ပေါ့လေ"

"မဟုတ်ပါဘူး အမေရယ် ... သဘောပြောတာပါ"

ဒီပသည် အမေ့ အဖြေကို စောင့်မနေတော့ဘဲ သူကိုယ်တိုင်ပင် ဖုန်းဆက်၍ အမေ ပြနေကျ အထူးကုဆရာဝန် ကြီးနှင့်ပြဖို့ ဆေးခန်းကို လှမ်းဆက်ပြီး ဘွတ်ကင်လုပ်လိုက်ပါ သည်။

"သမီးလည်း သိပ်နေမကောင်းဘူး ... မနက်က သားအိမ်က မထွက်ခင်အထိ ကိုယ်လေးနွေးနေတုန်းပဲ။ သူ့အမေက တော့ ကလေးသောက်တဲ့ ပါရာစီတမောအရည်လေး တိုက် နေတယ်၊ သက်သာရဲ့လား မသိဘူး။ သမီးက နေမကောင်း ပေမဲ့ မအီဘူး အမေရဲ့။ အဖေကို ပိုကပ်နေလို့ သူ ခဏမေးတုန်း အလုပ်မြန်မြန်ထွက်လာရတယ် ...

ဒီနေ့ သစ်တွေ ဝင်မဲ့ကိစ္စရှိနေတော့ မလာရင် မဖြစ် ဘူးလေ"

"ကလေး နေမကောင်းလည်း အိမ်မှာပဲ ကျိတ်ကုမနေနဲ့၊ ဆေးခန်းပြသင့်ရင်ပြပေါ့"

"ပြမှာပါ ... သမီး ပြနေကျ ကလေးအထူးကုဆီ ပြရင် ပြမယ်၊ အခု သား အမေ့ကို ဆေးခန်းပို့ပြီးတာနဲ့ အိမ် တစ်ခေါက်ပြန်ပြီး သမီး အခြေအနေ ကြည့်ရဦးမယ်"

သားဖြစ်သူက သူ့ရဲ့ သွေးသားဖြစ်သော သမီး ကို သတိတရ အချစ်ပိုနေတာ မြင်လျှင် ဒေါ်စိန်မေမှာ တစ် တစ်ရံတွေမှာ သူမကိုယ်သူမ အပြစ်ရှိနေသလို ခံစားရလာ သည်။

မြေးဆိုတာ ချစ်ရမှန်း ခံစားလို့မရပေမဲ့ ကိုယ့် မျိုးဆက်သွေးသားအရင်းလေးတွေကို မခေါ်မပြော မကြည့်ရှု နေနေခဲ့တာ တရားရော တရားရဲ့လား။

အဲ့ဒီမြေးမကလေး မွေးပြီးပြီးချင်း တစ်ရက်က ဆေးရုံမှာ ဖျတ်ခနဲ ကြည့်ဖူးခဲ့တာမို့ ရုပ်ရည်က ဘယ်လိုမှန်း မသိ။ ဖြူသလား ညိုသလားလည်း မသိ။ အခုဆို နှစ်နှစ်ထောင် ကျော်ပြီတဲ့။ စကားရော ပြောတတ်ပြီလား။

သားက သူ့သမီးလေးအကြောင်း ပြောတိုင်း ကိုယ် သိပ်စိတ်ဝင်စားလို့ မရခဲ့တာမို့ နောက်ပိုင်းဆို သားက လိုအပ်မှ အသိပေး ပြောတတ်လာသည်။





အေးလေ ... တကူးတကကြီး မတွေ့ချင်ရင်လည်း ပါ။ တစ်နေ့မဟုတ် တစ်နေ့တော့ ဆုံချင်ဆုံရမှာပေါ့။ အခုတော့ ပြာဆိုတဲ့ ချွေးမရဲ့ မာနခပ်ကြီးကြီးနဲ့ တင်းမာပြနေမှုကို ယ်ကလည်း အညံ့မခံလိုသည်ဖြစ်ရာ မြေးကို စိတ်ဝင်စားလို့ မရနိုင်ပါ။

"ဟော ... ကို အစောကြီး ပြန်လာတယ်"

"အေး ... သမီးနေကောင်းရဲ့လား သိချင်လို့ စောစော[illegible] လာတာ၊ လိုအပ်ရင် ဆေးခန်းသွားရအောင်"

"ကိုယ်တော့ နည်းနည်းပူပေမဲ့ အစားအသောက်[illegible] မပျက်ဘူး၊ ကစားလည်း ကစားတယ်ဆိုတော့ [illegible] ဆေးခန်းမပြချင်ဘူး။ တော်ကြာ ကလေးက ဒီအတိုင်း[illegible] အကောင်း ဆေးခန်းပြလို့ ဆေးတွေ သောက်ရတော့[illegible] သွားမှာစိုးလို့၊ မနက်ဖြန်မှာ အဖျားရှိနေသေးတယ် ဆို[illegible] တော့ ပြမယ်လေ"

"ကောင်းသားပဲ"

သမီးက အဖေ ပြန်လာတာနဲ့ အဖေ့အပေါ် ပြေး[illegible] တော့သည်။





"ကို ပြန်ရောက်လာပြီဆိုတော့ မြူပြာ သမီးကို ရေကျော် အိမ် သွားမပို့တော့ဘူးနော်"

"မပို့နဲ့လေ ကို ရှိနေတာပဲ"

"ဒါဆို မြူပြာ သွားမယ်။ နောက်ကျရင် စိတ်မပူနဲ့နော်၊ အခု ဆယ်တန်းစာမေးပွဲနီးပြီဆိုတော့ တချို့တပည့်တွေက ကျူရှင်ပြီးတာတောင် မေးချင်တာလေးတွေ ထပ်မေးလို့ ရှင်းပြပေးနေရတတ်တယ်"

"ကို လာကြိုမယ်"

"နေ ... နေ မကြိုပါနဲ့၊ မြူပြာ ကျူရှင်ပြရတဲ့ လမ်းထိပ်မှာ ကကားတွေ ရပ်ထားတတ်တယ်၊ မြူပြာ ငှားစီးနေကျမို့ တချို့ဒရိုင်ဘာတွေနဲ့ဆို ရင်းနှီးနေပါပြီ။ ဘာမှ စိတ်ပူစရာ မရှိဘူး"

ဒီပသည် မြူပြာ့မာနတွေကို သိလေရာ ဒီ့ထက် ဆပ်ပြောလည်း ရမှာမဟုတ်တာမို့ အသာငြိမ်နေလိုက်ရပါသည်။

မြူပြာ ထွက်သွားပြီး သိပ်မကြာ။ နာရီဝက်ခွဲ အကြာတွင် ဒီပ၏ ဖုန်းမြည်လာပါသည်။

ကြည့်လိုက်တော့ အမေ့အိမ်က နံပါတ်ဖြစ်နေသဖြင့် သူ စိုးရိမ်ပြီး မြန်မြန်နားထောင်လိုက်ရပါသည်။

"သား ..."

"ဟုတ်ကဲ့ အမေ ... သား နားထောင်နေပါတယ်၊ အမေ ဘာဖြစ်လို့လဲ"

"အမေတို့ ဆေးခန်းက အပြန် ဆေးဝယ်လာတာ တစ်ခု လိုနေတာ အခုမှ တွေ့လို့။ ဒေါက်တာ ရေးပေးလိုက်တဲ့ စာရွက်နဲ့ ပြန်တိုက်ကြည့်တော့ တစ်မျိုး ပါမလာဘူး ဖြစ်နေတယ်"

"ဟုတ်လား ... အခု အမေ ဆေးသောက်တော့မှာလား"

"အေးကွယ် ... အမေ အပြင်လည်း မထွက်ချင်ဘူး။ အိမ်က တစ်ယောက်ယောက်ကို ဆေးစာရွက်ပေးပြီး သွားဝယ်ခိုင်းရင် ဖြစ်ပါ့မလားလို့ စိုးရိမ်တာနဲ့ ..."

"ဒါဆို သား ဝယ်ပေးမယ်လေ၊ ဆေးနာမည် ပြောလိုက်"

"ဒေါက်တာ့လက်ရေးက ရှုပ်တယ်ကွယ်။ ဆေးရောင်းတဲ့ လူမှ ဖတ်တတ်မှာ။ အမေက ဖတ်လို့ကို မရဘူး။ ရှေ့က စာလုံး သုံးလေးလုံးပဲ ဖတ်လို့ရတယ်"





"အဲဒါဆိုလည်း သား အမေ့အိမ်လာခဲ့မယ်၊ ဆေးစာရွက် ယူပြီး သွားဝယ်ပေးမယ်၊ အမေ စောင့်နေလေ"

"အေး ... အေး"

ဒီပသည် သမီးက မျက်လုံးလေးဝိုင်းပြီး မော့ကြည့်နေတာတွေ့မှ သမီးကို ရေကျော်က သူ့အဘိုးအဘွားအိမ် သွားပို့ရမလားဟု တွေဝေစွာ တွေးလိုက်မိပါသည်။

"သမီး ... ဖေကြီး အပြင်ထွက်မယ်၊ လိုက်မလား"

"လိုက်မယ်"

"ဒါမှမဟုတ် သမီး အန်တီလေးတွေဆီမှာ ဝင်ပို့ခဲ့ရမလား၊ နေခဲ့မလား"

"ဖေကြီးနဲ့ လိုက်မယ်"

"ဟုတ်ပြီ၊ သမီးက လိုက်မယ်ဆိုလို့ ခေါ်သွားတာ၊ မြူပြာ အပြစ်မပြောပါဘူး"

ဒီပ သူ့ဘာသာ ရေရွတ်ပြီး သမီးကို ကောက်ချီလိုက်ပါသည်။

ရေကျော်အိမ်လည်း မပို့ချင်။ ဖအေတစ်ယောက်လုံး

ထာ သူ့သမီးကို သူနဲ့အတူ အပြင် ခေါ်မသွားချင်ရတဲ့ အကြောင်းရင်းက သိပ်မပီပြင်လှ။ အလုပ်ကိစ္စနဲ့လည်း မဟုတ်၊ အမေ့အိမ်ခဏသွားတဲ့ကိစ္စကို ဒီပက မခေါ်သွားချင်ဘူးဆိုလျှင် ဟိုဘက်က အဘိုးအဘွားတွေက ဘယ်လို တွေးကြမလဲ။

ပြီးတော့ အိမ်ပြန်လာပြီးမှ အပြင်တစ်ခေါက် ပြန်ထွက်ရတဲ့ အကြောင်းရင်းကို မြူပြာ့အား မညာချင်။ အမေ ဆေးဝယ်ဖို့ လိုအပ်လို့ သွားဝယ်ပေးဖို့ အပြင်ထွက်တာ သမီးကိုတော့ မြူပြာ့ မိဘအိမ်ပို့ခဲ့တယ်ဆိုလျှင် မြူပြာက ဘယ်လို တွေးမလဲ။ ဒီပရဲ့ အမေက ကလေးကို မမြင်ချင်လောက်အောင် ခါးခါးသီးသီး ဖြစ်နေတယ်ရယ်လို့ အမြင်မမှားစေချင်ပါ။

ဒါနဲ့ပဲ ဒီပသည် သူ တစ်ခါမှ ခေါ်မသွားဖူးသော သူ့အမေအိမ်ကို သမီးလေးအား တင်ခေါ်လာခဲ့ပါသည်။

ခြံတံခါးလာဖွင့်သော အစောင့်က ဒီပ၏ သမီးလေးကို သဘောကျစွာ လက်ပြငေးကြည့်နေလေသည်။

သမီးကို ချီပြီး အိမ်ထဲဝင်လာတော့ အမေက သူမထိုင်နေကျ ဒရင်းဘက်(ခ်)တွင် လှဲနေရာမှ လှမ်းကြည့်ပါသည်။





"သူ့အမေ ကျူရှင်ပြဖို့ ထွက်သွားတာနဲ့ သားလည်း သမီးကို ခဏခေါ်လာခဲ့တယ်၊ ရေကျော်က သူ့အဘိုးအဘွား အိမ်လည်း သွားမပို့ချင်တော့တာနဲ့ ..."

ဒီပက အမေကို ခွင့်တောင်းသလို ပြောပြလိုက်ပါသည်။ အမေက သမီးကို အသေအချာ လှမ်းကြည့်နေသည်။

သမီးသည် သူမ တစ်ခါမှ မရောက်ဖူးသော နေရာမှာ အဖေ အောက်ချပေးလိုက်တာတောင် လျှောက်မသွားဘဲ အဖေ့အနား ကပ်နေတော့သည်။

"ဆေးစာရွက် ဘယ်မှာလဲ အမေ၊ သား သွားဝယ်လိုက်မယ်"

"ဒီမှာပါ၊ အမေ အဆင်သင့် ထုတ်ထားပါတယ်"

"ဟော ... သမီး ချောင်းဆိုးနေပြီ၊ ရေသောက်မလား သမီး"

သမီးလေးက ခေါင်းညိတ်ပြလိုက်၍ ဒီပသည် နောက်ဖေးမှာရှိသော အိမ်ဖော်ကောင်မလေးတွေကို အော်ခေါ်ပြီး ရေယူလာခိုင်းမနေတော့ဘဲ သူကိုယ်တိုင် ဝင်ယူဖို့ ထလျှင် ...

"မေကြီး"

"ဘာလဲ သမီး ... ဖေကြီး ရေသွားယူမလို့၊ ခဏစောင့်နေ
လေ၊ ထိုင် ... သမီး ဒီမှာ ထိုင်နေခဲ့"

"သားရယ် ... ကောင်မလေးတွေ ခိုင်းလိုက်ရောပေါ့"

"ရပါတယ် ... ရေလေးတစ်ခွက်နဲ့ သားပဲ သွားယူလိုက်
ပါ့မယ်"

ဒီပ အိမ်ထဲဝင်သွားလျှင် ဧည့်ခန်းတွင် ဒေါ်စိန်မေ
နှင့် ကလေးသာ ကျန်ရစ်ပါသည်။

ဒေါ်စိန်မေသည် ဒီတော့မှ မြေးကို သေချာစွာ
ကြည့်မိပါသည်။ ဂါဝန်က အဝါရောင်ပေါ်တွင် အဖြူရောင်
ဝက်ဝံရုပ်လေးတွေနှင့် ချစ်စရာကောင်းသော ပိတ်စကို ချုပ်ထား
တာပင်။ သမီးလေး အသားဖြူဖြူမှာမို့ ကလေးလည်းကလေးနှင့်
လိုက်ဖက်လှသည်။ ရိုးရိုးသာမန်ပိတ်စကိုပဲ ချုပ်ပေးထားတာ
ဖြစ်ပါသည်။

ဆံပင်တိုတိုဖောင်းဖောင်း၊ ပါးဖောင်းဖောင်း၊ လက်
မောင်းကစ်ကစ်၊ ခြေသလုံးကစ်ကစ်လေးတွေနှင့် သမီးလေးသာ
မဝပေမဲ့ ကစ်ကစ်လေး ဖြစ်သည်။





အထူးသဖြင့် ရုပ်ရည်လေးက သားကြီးဒီပ ငယ်ငယ်
ကအတိုင်း ဖြစ်နေတာ။ အို ... ကြည့်ပါဦး ... စားပွဲပေါ်က အလှ
တင်ပန်းအိုးကို စိတ်ဝင်တစား ကြည့်လိုက်၊ ဧည့်ခန်းကို လှည့်
ကြည့်လိုက် လုပ်နေစဉ်မှာ ဘယ်ညာလက်ချောင်းထိပ်လေးတွေ
ကို အသာထိပြီး ငေးတဲ့ပုံစံဟာ သား ငယ်ငယ်ကအကျင့်လိုပါပဲ။

"သမီးလေး ..."

ဒေါ်စိန်မေ သူ့အသံသူ ပြန်လန့်သွားပါသည်။
ဘယ်ကဘယ်လို ပေါ်လာသောစိတ်ဖြင့် လှမ်းခေါ်လိုက်မိသည်
မသိပါ။

သမီးကလေးက မျက်လုံးဝိုင်းကြီးတွေဖြင့် သူမကို
လှမ်းကြည့်သည်။

"ဘွားဘွားကို သိလား"

ကလေးက ခေါင်းခါပြသည်။

"ဘွားဘွားဆီ ခဏလာဦး"

ကလေးက ဆိုဖာပေါ်မှ လျှောဆင်းပြီး တောက်တက်
တောက်တက်ဖြင့် သူမထံ လျှောက်လာလျှင် ဒေါ်စိန်မေမှာ

အသည်းနှလုံး တစ်နေရာရာက လှိုက်လှိုက်လှဲလှဲ တုန်ယင်နေသလို ခံစားလိုက်ရပါသည်။

"ရော ... ပန်းသီးစား"

"မီး ... မစားချင်ဘူး"

"သမီး စကားပြောတတ်တယ်လား၊ ကြည့်စမ်း ... တော်တော်ပီတာပဲ၊ သမီး ဘာလို့ ပန်းသီးမစားချင်တာလဲ"

"မီးက ပျစ်သီးကြိုက်တာ"

"ဪ ... စပျစ်သီးလား ..."

ကလေးက သွက်လက်စွာ ခေါင်းညိတ်ပြပါသည်။ ဒီပ ရေသွားယူတာက မကြာပါ။ သူ ညှော်ခန်းကို လာမလို့ပါပဲ။ သို့သော် အမေက သူ့မြေးကို လှမ်းခေါ်နေသံကြား၍ အခြေအနေကို အကဲခတ်လိုတာနှင့် ထောင့်အကွယ်တွင် အသာရပ်ပြီး ခိုးကြောင်းကြည့် နားထောင်နေမိပါသည်။

အမေကား အခုကျတော့လည်း မြေးကို မချစ်ဘူး ပြောတာ သူမ မဟုတ်တဲ့အတိုင်းပင်။ သမီးကို ဆွဲခေါ်ကာ သူမ ပေါင်ပေါ်တင်၍ ထိုင်စေလေသည်။





ဒီပသည် ဒီလောက်ဆို အမေလည်း မြေးကို ချိုရလို့ မှိုးတိုးရှန့်တန့် ဖြစ်မနေတော့ပါဘူးဟု တွေးကာ အမေတို့နား လျှောက်လာခဲ့ပါသည်။

"ဟဲ့ ... ကလေးက ကိုယ်နွေးနေပါလား"

"ဟုတ်တယ် ... သူ့အမေက မနက်ဖြန်မှ ဆေးထိုးရင် ဆေးခန်းပြမယ်တဲ့၊ အခုတော့ သိပ်လည်း အဖျားကြီး ဘူး၊ သမီးက စားနိုင်သောက်နိုင် ကစားနိုင်နေတော့ စောင့်ကြည့်နေတာပါ"

"မင်း ဆေးသွားဝယ်ရင် ခေါ်မသွားနဲ့လေ၊ ဒီမှာပဲ ထားခဲ့။ ကလေး သိပ်နေမကောင်းတာ ဟိုခေါ်ဒီခေါ် လုပ်မနေနဲ့ပေါ့"

"ဖြစ်ပါ့မလား ... သမီး လျှောက်ဆော့ရင် အမေ စိတ်တိုနေဦးမယ်"

"ကလေးပဲ ဆော့မှာပေါ့။ ဆော့ပါစေ။ ထားခဲ့။ သမီး ဘွားဘွားနဲ့ ခဏနေခဲ့နော်၊ သမီး ဖေဖေ ခဏလေး အပြင်သွားလိမ့်မယ်"

သမီးက အမေ့ကို မရင်းနှီးသေး၍ ခေါင်းငြိမ်နေ မညီတ်ပါ။ ဒီပဆီက ဆုံးဖြတ်ချက်ကို ကြားလိုဟန်ဖြင့် ကြည့်နေ သည်။

"သမီး သိရီ ... နေခဲ့မလား"

"ဖေကြီး မြန်မြန်ပြန်လာ"

"အေး ... ခဏလေးပါ၊ ပြန်လာမယ်၊ သမီး ဒီမှာ ဘွားဘွား ကို ခဏစကားပြောနေလိုက်နော်"

"ဖေကြီး ..."

"ဟေ ..."

"ဒီဘွားဘွားက ဘယ်သူလဲ"

"ဒီဘွားဘွားက ဖေကြီးရဲ့ အမေလေ၊ သမီးဘွားဘွား သမီးမေကြီးရဲ့အမေ၊ ဒေါ်ဝင်းဝင်းဆွေလိုပဲ ဘွားဘွားပေါ့ တယ်၊ ဒါလည်း ဘွားဘွားနောက်တစ်ယောက်ပဲ"

ဒီပက သေသေချာချာ ရှင်းပြတော့ သမီး အနည်းငယ် ယုံကြည်စိတ်ချသွားသလိုဖြင့် အဘွားကို ဟက်ဟက်ပက်ပက် ပြုံးပြပါသည်။

"သမီး ခဏနေခဲ့မယ် မဟုတ်လား"





"ဟုတ်ကဲ့"

"ဒါဆို ဖေကြီး သွားပြီ"

ဒီပ ရင်ထဲတွင် ကြည်နူးဝမ်းသာသွားကာ ဆေးဝယ် ဖို့ ထွက်လာခဲ့ပါသည်။ မြေးကို ချစ်လို့မရတဲ့ ဘွားအေ ဆိုတာ ဘယ်ခေတ်မှာမှ မကြားဖူးခဲ့သလိုပဲ ယခုတော့ အမေလည်း မြေး ကိုတွေ့လိုက်ရတော့ မာနတွေ အရည်ပျော်သွားပြီ ထင်ပါရဲ့ဟု တွေး သိုက်မိပါသည်။

ဒီပ ပြန်လာသောအခါ သမီးကို ခုထိ အမေက ခေါင်ပေါ်တင်ထားဆဲဖြစ်သည်။ သမီးက လက်ညှိုးတစ်ထောင် ထောင်နှင့် လက်ဟန်ခြေဟန်တွေ လုပ်လိုလုပ်ဖြင့် စကားတွေ အတွတ်တွတ် ပြောနေသမျှ အမေဟာ ပါးစပ်ကို မစေ့တော့ဘဲ ရယ်မော နားထောင်နေတော့တာပင်။

"မင်း‚သမီးက အဘွားကို ပုံပြောနေတာကွယ်"

"ဟုတ်လား"

"စင်ဒရဲလားပုံပြင် တဲ့၊ သူ ဘယ်ကကြားလဲ မသိဘူး။ ဟုတ်နေတာပဲ၊ ပြောတာ တစ်ခုမှ မမှားဘူး"

"အင်း ... ဟိုဘက်မှာက အဒေါ်တွေ ရှိတော့ သူတို့ ပြော ပြတာထင်တယ်၊ မြူပြာလည်း ပြောပြတတ်တယ်"

"သမီးလေးက စကားပီလှချည်လား၊ တော်တော်လည်း ပြောနိုင်နေပြီ"

"ဟိုဘက်မှာက မိန်းမအုပ်စုများတော့ ကလေးလည်း တတ်လွယ်တာ ထင်တယ်"

ဒေါ်စိန်မေသည် မြေးကို မမြင်ရခင်တုန်းကတော့ ချစ်လို့မရပါဘူးရယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်မိသော်လည်း ယခုတော့ ချစ်စရာကောင်းလွန်းသည့် မြေးမလေးများ မြင်တွေ့ ပွေ့ဖက်ခွင့်ရလျှင် ရင်ထဲမှာ ဘယ်လိုချစ်မှန်းမသိ ချစ်လာမိပါသည်။

ယခုလို ခဏတဖြုတ် မဟုတ်ဘဲ အမြဲတမ်း တွေ့ခွင့်ရချင်လာခဲ့သည်။

လျစ်လျူရှုထားသလို နေခဲ့မိတဲ့ အချိန်တွေကို နှမြောသွားပါသည်။ မြေးကလေးရဲ့ ငယ်ဘဝ၊ လေးဘက်သွားဘဝ၊ လမ်းစလျှောက်တတ်စဘဝ စသဖြင့် အဆင့်ဆင့်ပြောင်းလဲလာမည့် ပုံစံလေးတွေကိုပါ မြင်ချင်လာခဲ့သည်။





သူမ တကယ် ထိတွေ့ခွင့်၊ မြင်ခွင့်ရသော ယခုအချိန်တွင် ကလေးက တော်တော့်ကို သိတတ်သည့် အရွယ်ကလေး ဖြစ်နေပြီ။

"အမေ ဆေးသောက်လိုက်ဦးလေ၊ ခဏနေရင် သားတို့ ပြန်ကြမယ်၊ အမေ ဘာမှာချင်သေးလဲ"

"ထမင်းစားသွားပါလား သားရဲ့၊ ကလေး အိမ်လာတာ ကွယ်၊ ဘာမှလဲ မကျွေးလိုက်ရဘူး"

"ထမင်းစားလို့ မဖြစ်ပါဘူး၊ သမီးကို ထမင်းခွံ့ရပြီးရင် အလုပ်ရှုပ်တယ်၊ အမေ မစားတော့ဘူးလား ..."

"ဟဲ့ ... မင်းစားရင် စားပါ၊ အမေ ခွံ့လိုက်ပါ့မယ်"

ဒီပ အင်မတန်မှ အံ့သြပြီး အမေ့ကို ငေးနေမိပါသည်။

အမေဟာ တကယ်တော့ နှလုံးသား မာကျောသူ မဟုတ်ပါတကား။ ခဏလေး တွေ့လိုက်ရသော မြေးကြောင့် အမေ့နှလုံးသားတွေ လွယ်လွယ်ကူကူပင် အရည်ပျော်ကုန်တော့ပေပြီ။

"ကြက်သား ရိုးစ်လုပ်ထားတာလေး ရှိတယ်၊ ကလေး

စားလို့ရပါတယ်၊ အဲဒါလေးနဲ့ ခွံ့မယ်၊ မင်းက ပုစွန်တုပ်ဆီပြန်စားပေါ့၊ မင်းဘာသာ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး စားနေ။ အမေ သမီးကို ခွံ့ထားလိုက်မယ်၊ ကိုယ်မှသိပ်မပူတာ ထမင်းကျွေးလို့ ဖြစ်ပါတယ်၊ ဟုတ်တယ်မဟုတ်လား”

“သူ့အမေကတော့ မနက်က ဆန်ပြုတ်ပဲ တိုက်တယ်ထင်တယ်”

“ထမင်းက သိပ်မမာပါဘူး၊ အမေလည်း ခပ်ပျော့ပျော့အိအိလေးပဲ စားတာမို့ ခပ်အိအိလေးချက်ထားကြတယ်၊ ကြက်သားများများလေးနဲ့ လက်နဲ့ ဖျစ်ပြီး ခွံ့ရင် အစာကြေပါတယ်”

ဒီပသည် အမေက သမီးကို ထမင်းသိပ်ခွံ့ချင်နေမှန်းရိပ်မိလျှင် မတားတော့ဘဲ ငြိမ်နေလိုက်ပါသည်။

“ဟဲ့ … ဘုမတို့ မယ်လမင်း ပန်းကန်လုံးလေးနဲ့ ထမင်းနည်းနည်း ကြက်သားများများ ထည့်လာစမ်း၊ ငါ့ အတွက်လက်ဆေးခွက်နဲ့ ဆပ်ပြာပါ ယူလာ၊ ငါ့မြေးကို ထမင်းခွံ့မလို့”





အိမ်ရှိ ကောင်မလေးတွေ ဟိုနားဒီနားမှ စောင့်ကြည့်စပ်စု ချောင်းမြောင်းနေကြရာမှ ဝရန်းသုန်းကားပင် အမေခိုင်းသမျှလုပ်ဖို့ ပြင်ဆင်ကြတော့သည်။

အိမ်၏ အရှင်သခင် ဒေါ်စိန်မေ၏ မြေးဆိုတာကိုသူတို့လည်း အခုမှ တွေ့ဖူးကြရာ အခြေအနေကို လေ့လာလို၍ချောင်းမြောင်းနေကြတာ ဖြစ်ပါသည်။

ဒီပသည် အမေ့ကို သနား၍ ဒီမှာပဲ ထမင်းစားလိုက်ရသော်လည်း မြူပြာကတော့ အိမ်မှာ ထမင်းဟင်းတွေ ပိုနေ၍ပူညံပူညံ လုပ်တော့မှာပဲဟု တွေးပြီး ရင်လေးနေသည်။

“ထမင်းဟင်းတွေကို စားပစ်လိုက်လို့ ကုန်သွားရတာမနမြောဘူး။ လွှင့်ပစ်ရတာ အနမြောဆုံးပဲ”

ဟု ဒီပ ညနေဘက်ဖြစ်ဖြစ် ထမင်းမစားဖြစ်တဲ့နေ့တိုင်း ဤသို့ ပူညံပူညံ လုပ်တာကို အမြဲကြားရတတ်သည်မို့ဒီနေ့လည်း ကြားရတော့မည်ဟု၍ တွေးနေခဲ့ပါသည်။

အမေကတော့ မြေးကို ထမင်းခွံ့ရ၍ ဘေးမှာပုံထားသော ဆေးခွက်နှင့် မိုင်လိုခွက်တွေပင် မေ့နေလေပြီ။ အမေ ဒီလို စိတ်ချမ်းသာ ကြည်နူးမှုရနေတာတွေ့တော့ ဒီပသည်

နောက်ဆို သမီးကို မသိမသာလေး ဒီကို ခဏခဏ ခေါ်လာဖို့ ကျိတ်ဆုံးဖြတ်နေမိပါသည်။

အမေက မာနတော့ နည်းနည်းကြီးလေရာ မြေးကို တွေ့ချင်တာတောင် ခေါ်လာဖို့ ပြောမှာမဟုတ်။ ဒီပကပဲ အလိုက်တသိ ခေါ်လာပေးဖို့ပဲ ရှိသည်။

ညရှစ်နာရီလေးဆယ့်ငါးလောက်မှ သားအဖနှစ်ယောက်သား အိမ်ပြန်လာခဲ့ကြပါသည်။ မြူပြာကတော့ များသောအားဖြင့် ကိုးနာရီကျော်မှ ရောက်တတ်သဖြင့် ပြန်မရောက်သေးချေ။





သမီးဟာ ညဘက် ဆယ့်နှစ်နာရီကျော်ကျော်မှ ပိုပြီးများလာပါသည်။ မြူပြာက ပါရာစီတမောလ်အရည်လေး တိုက်တော့ သမီးက ဆေးသောက်ရ၍ ပြန်အန်ထွက်လေသည်။

ဒီပသည် သူ့အပြစ်မကင်းသလို ဖြစ်နေသည်မို့ ခါတိုင်းဆို ကလေးအန်ဖတ်ကျုံးဖို့တို့၊ ကလေးအီးအီး ဆေးပေးဖို့ကို ရွံလှသဖြင့် မလုပ်ဖြစ်တာတောင် ယခုတော့ အိပ်ရာမှ တမန်းကတန်းထပြီး အန်ဖတ်တွေ ကျုံးထည့်၊ ကြမ်းကို ရေပတ်အဝတ်နဲ့တိုက် လုပ်ပေးနေမိသည်။

"အင်း ... မနက်ဖြန်တော့ ဆေးခန်းပြမှ ဖြစ်တော့မယ်။ ဒီနေ့ ထမင်းမစားဖြစ်ရင် အဖျားက ကျချင်ကျမှာ၊ အခုတော့ အဖျားက မကျတော့ဘူးပေါ့၊ အစာလည်း မကြေဘူးထင်တယ်"

မြူပြာက သမီးကို ဆေးထပ်တိုက်ရင်း ပြောလျှင်

"အေးကွာ၊ အမေက သိပ်ကျွေးချင်နေတော့ ကိုလည်း မတားချင်တော့ဘူး မြူပြာရယ်၊ အဲဒါကြောင့် ..."

"မဟုတ်ဘူးလေ ... မြူပြာက ကို့အမေကို အပြစ်တင်တာ မဟုတ်ပါဘူး။ သူ အခုမှစတွေ့ရတဲ့ မြေးကို အချစ်ပိုပြီး ဟိုဟာကျွေးချင်၊ ဒီဟာကျွေးချင် ဖြစ်နေတာကို အပြစ်မတင်ချင်ပါဘူး။ သူကတော့ သူ့စေတနာ မေတ္တာနဲ့ ကျွေးလိုက်တာပဲ၊ ဒါပေမဲ့ ကလေးက နေမကောင်းတဲ့အခါ ရှိတော့ မရဘူးပေါ့"

"အမေ သမီးကို ချစ်သွားတော့ ကိုလည်း အရမ်းဝမ်းသာပြီး ထမင်းမကျွေးပါနဲ့လို့ ပြောရမှာ ပြောမထွက်ဘူး ဖြစ်နေတယ်၊ သူ့အမေကတော့ ဆန်ပြုတ်ပဲ တိုက်တယ်လို့တော့ ပြောပြပါတယ်"

"ကိုရယ် ... မြူပြာက အဲ့ဒီလောက် အမြင်မလွဲပါဘူး ကို့အမေကို မြူပြာ အလကားနေရင်း အပြစ်မတင်ပါဘူး သူက မြေးကို မချစ်ဘူး အော်နေပေမဲ့ တကယ့်တကယ် တွေ့လိုက်ရတဲ့အခါ ချစ်သွားတယ်ဆိုတာ သိရတော့





မြူပြာတောင် အံ့သြပြီး ဝမ်းသာမိတယ်၊ ကိုယ့်သားသမီးကို အချစ်ခံရတာပဲ ဘာဝမ်းမသာစရာရှိလဲ။ ကို့အမေက မချစ်လို့တောင် ငါ့သမီးမို့ မချစ်တာဆိုပြီး စိတ်မကောင်း ဖြစ်နေခဲ့ရတာပါ"

ဒီပသည် မြူပြာ စိတ်ဆိုးနေမယ် ထင်ထားပေမဲ့ စိတ်မဆိုးဘဲ အေးအေးလူလူ ပြောပြလျှင် ဒီတော့မှ သူလည်း ရင်ထဲက အလုံးကြီး ကျသွားသလို ခံစားရပါသည်။

"ကို သိပါတယ်၊ မြူပြာက အစစအရာရာ နားလည်ပေးတတ်တဲ့ မိန်းမဆိုတာ ကိုယ် အရင်ထဲက သိပါတယ်"

"အရင်တည်းက သမီးလမ်းစလျှောက်တတ်ခါစကတော့ သမီးကို သူ့အဘွားဆီ ထည့်ထည့်ပေးလိုက်ချင်တာပါ၊ ကိုကလည်း မခေါ်ဘူး။ သူကိုယ်တိုင်ကလည်း မြေးမိန်းကလေးမို့ မချစ်ဘူးလို့ ပြောထားဖူးတော့ ထည့်ပေးရမှာ မဝံ့ဘူးလေ။ ကလေးကို ဘန်းပြပြီး ဘာများကျူမလဲလို့ မျှော်ကိုးနေတယ် အထင်ခံရမှာလည်း စိုးရိမ်လို့ မလွှတ်တာပါ၊ အခု သူက ချစ်တယ်ဆိုတော့လည်း ကို အဆင်ပြေတဲ့အချိန်

ခေါ်သွားပေးလိုက်ပေါ့၊ သူလည်း အဘွားတစ်ယောက်ထဲ ချစ်ရှာမှာပေါ့လို့ ကိုယ်ချင်းစာလို့ရပါတယ်၊ သူ့အတွက်က ကို့ဆီက ပတ်သက်နေရမဲ့ မြေးပဲရှိတာ။ တခြား သား သမီးလည်း မရှိတော့ သူ့မှာ ဒီမြေးပဲ ချစ်စရာရှိတာ နော်"

"ဝမ်းသာလိုက်တာ၊ ဒါဆို ကို နောက်ဆို အလုပ်ကပြီး ပြီးချင်း အိမ်ပြန်လာမယ်၊ မြူပြာက သမီးကို ရေကျော် အိမ် သွားမပို့နဲ့တော့၊ ကိုနဲ့ထားခဲ့၊ ကိုတို့သားအဖက သူ့ အဘွားဆီ ခဏသွားမယ်၊ မြူပြာ ကျူရှင်သင်ပြီး ပြန်လာမဲ့ အချိန် မတိုင်ခင် အိမ်ပြန်ရောက်မယ်လေ ရလား ..."

"အင်း ... ဒါဆိုရင်တော့ မြူပြာ ရှင်တို့သားအဖအတွက် ညနေစာ မချက်ရတော့ဘူး ထင်တယ်"


ဒီပ ပြန်မဖြေဘဲ ငြိမ်ပြီး ပြုံးနေပါသည်။ မြူပြာသည် ဆေးသောက်ပြီး ပြန်အိပ်ပျော်သွားသော သမီးနံဘေးမှာ ဝင်၍ ပြန်အိပ်ဖို့ ကြိုးစားနေခဲ့ပါသည်။

ဗိုက်ထဲမှာ ရှိနေပြီဖြစ်သော သမီးမှန်း သားမှန်း မသိရသေးသည့် နောက်ထပ်ရမဲ့ ကလေးလေးကတော့ သမီးကြီး





ထက်စာရင် ကံကောင်းမှာပါ။ သူ့အလှည့်ကျတော့ ဒေါ်စိန်မေ ဟာ မြေးကို မချစ်တတ်ပါဘူးလို့ မြူပြာ သိသွားအောင် တမင် ပြောတော့မှာ မဟုတ်တော့ဘူးဆိုတာတော့ သေချာတာမို့ ဒီကလေး လေးကတော့ သမီးကြီးထက် ပိုပြီး ကံကောင်းလိမ့်မယ်ပေါ့။







## ၇

ဒီပသည် ယခုတော့ ညနေသုံးရက်ခြားလောက် အမေ့ဆီ သမီးလေး ခေါ်ခေါ်လာပေးတတ်လာတာကို ဒေါ်စိန်မေလည်း သတိထားမိပါသည်။

သားက အလိုက်တသိ ခေါ်လာပေးခြင်းကို သူမလည်း ကျေနပ်စွာ လက်ခံမိသဖြင့် ဘာကြောင့် မအေ့ဆီ ညနေဘက်တွေမှာ ရောက်ရောက်လာသနည်းဟူသော မေးခွန်းကို အထူးတလည် မေးမနေခဲ့တော့ပါ။

နောက်တော့ သူမကိုယ်တိုင်ပင် ထုတ်ဖော်ပြောလျက် ...

"မောင်ဒီပ မင်းတို့သားအဖ ဘယ်နေ့ဘယ်ရက် လာမယ်ဆိုတာ အမေ့ကို ကြိုပြောကွယ်၊ ညနေစာဟင်းကို ကောင်းကောင်းလေး ကြိုပြီး ချက်ထားချင်လို့၊ မင်း မနေ့ကလိုမျိုး ရုတ်တရက်ကြီး ရောက်ချလာတော့ အမေတို့က ရှမ်းထမင်းချဉ်သုပ် လုပ်စားတာဆိုတော့ မြေးလေးက မစားတတ်ရှာဘူး။ ဘီစကစ်တွေ ချော့ကလက်တွေစားပြီး ပြန်သွားရတော့ အမေကား ဘာမှ သေသေချာချာ မကျွေးလိုက်ရလို့ စိတ်မကောင်းဘူးပေါ့။ အဲဒါ မင်းတို့ လာမဲ့နေ့ဆို ကြိုတော့ပြောထား၊ မင်းအတွက်က အရေးမကြီးဘူး။ ကလေးစားဖို့တော့ တစ်ခုခုလေး စီစဉ်ထားရမယ်"

သားတို့ ဘယ်နေ့တွေ ရောက်လာမလဲဆိုတာ ကြိုသိနေရအောင် မေးတတ်လာသည်။

မြေးကလေးက ဘွားဘွားဟု ခေါ်သံလေးဖြင့် အိမ်ထဲ ပြေးဝင်လာမည့် ညနေခင်းများကို မျှော်တတ်လာသည်။

အခုမှပဲ လူ့လောကကြီးဟာ အဓိပ္ပာယ်ရှိလာသလိုလို ခံစားရပါသည် ဟူ၍ပင် ဝန်ခံချင်လာခဲ့ပါသည်။





ချွေးမဖြစ်သူ မြူပြာ့ကိုလည်း အရင်ကလောက် အမြင်မကြည်တာမျိုး မဖြစ်တော့ဘဲ ချွေးမ၏ စိတ်သဘောကိုပင် ခန့်မှန်းတတ်လာခဲ့သည်။ သြော် ... ငါက သားနဲ့မြေးကို မကြာခဏ တွေ့ချင်မှန်း သူ ကိုယ်ချင်းစာပြီး တွေးတတ်လို့ သားတို့ ငါ့ဆီ ဒီလို မကြာခဏ လာလို့ရတာပဲ။ တကယ်တော့ ဒီမိန်းကလေး အစတည်းက သူ့ဘက်ကသာ မာနမရှိရင် ငါတို့ အခုလို စိမ်းနေစရာတောင် မရှိဘူး။

အမေ နေကောင်းလား။ သမီးလေး လာပြတာပါ။ ဘာညာနဲ့ သားနဲ့ အတင်းကပ်လိုက်လာပြီး ငါ့ဆီ ခြေဆုပ်လက်နယ်ပြုရင်း ဝင်လာခဲ့မယ်ဆိုလည်း ငါက ရိုက်ထုတ်မှာ မှတ်လို့။ အဲဒါကို သူက မလာခဲ့ဘူးလေ။ မာနတွေကြီးပြီး သူကတစ်ပြန်ပြန်ပြီးတင်းမာနေခဲ့တာ။ ညည်း မာနကို သိပါပြီ မြူပြာ။

ပိုက်ဆံမရှိလို့ ထမင်းငတ်သေသွားတဲ့အထိတောင် မာနကြီးကြီးနဲ့ ဘယ်သူ့ကိုမှ အကူအညီမတောင်းဘဲ ကျိတ်မှိတ်နေမဲ့မိန်းမမျိုး။

တစ်နေ့ကျတော့ ဒီပသည် အမေ့ကို ဝမ်းသာအားရ သတင်းတစ်ခု ပေးသည်။

"အမေ ဒီနေ့ မြူပြာ အာလ်ထရာဆောင်း ရိုက်ရတယ်၊ ဒီတစ်ခါတော့ သားလေးတဲ့ အမေ"

"ဩော် ... ကောင်းတာပေါ့၊ ကလေးနှစ်ယောက်မှာ သမီးနဲ့သား ဖြစ်သွားတော့ ပြည့်စုံသွားပြီပေါ့"

"အမေက မြေးယောကျ်ားလေး လိုချင်တာဆို၊ အတော်ပဲပေါ့"

"ယောကျ်ားလေး၊ မိန်းကလေးရယ် မဟုတ်ပါဘူး၊ အမေ အခုလည်း ဒီမြေးမလေးကို ချစ်လို့ ရပြီပဲ၊ အင်းလေ တကယ့်တကယ်တော့ သမီးလေးတွေကမှ ပိုအဖော်ရတာကွယ့်၊ ငါ့မြေးတောင်ကြည့် အခု အသက်ကဖြင့် သုံးနှစ်မပြည့်သေးဘူး။ ဘွားဘွား နေကောင်းလား၊ ထမင်းစားပြီးပြီလား၊ သမီး နင်းပေးရမလားနဲ့ ပြုစုတတ်တာ အဖော်ကို ရနေတာပဲ၊ ယောကျ်ားလေးတွေဆိုရင် ဘယ်ဒီလိုမေးဖော်ရမလဲ၊ ဆော့ဖို့ပဲ စဉ်းစားနေမှာ။ မင်း ငယ်ငယ်တုန်းကတောင်၊ အဲဒီလိုပဲ၊ တစ်ချိန်လုံး ခေါင်းတောက်အောင် ဆော့တာ။ အခုလို ငါ့မြေးလို မငြိမ်ပေါင်၊ တော်ကြာရင် လဲပြန်ပြီ၊ တော်ကြာရင် ဒူးပြဲပြန်ပြီ၊ ခေါင်းပေါက်ပြန်ပြီနဲ့"





ဒီပသည် အမေက စကားလည်းပြောရင်း သမီးကို ပေါင်ပေါ် ဆွဲချီထိုင်စေပြီး သူမ၏ ပိုက်ဆံအိတ်ကြီးထဲမှ ဘူးတစ်ခုကို နှိုက်နေသည်ကို ငေးကြည့်နေမိပါသည်။

ကတ္တီပါဘူးလေးကို တွေ့တော့ ဒါ ရတနာပစ္စည်းထည့်သောဘူးဟူ၍ သိလျှင် ဝမ်းသာသွားပါသည်။

အခုတော့ သူတို့လင်မယားလည်း ငွေကြေးပြေလည်နေပြီဖြစ်ရာ အမေ့ဆီက ထောက်ပံ့ငွေ ဘာညာကို မျှော်ကိုးလှသည်တော့မဟုတ်။ အမေ့ဆီက မြေးအတွက် တစ်စုံတစ်ခုများ ရမလားလို့လည်း ဟိုးအရင်ကလောက် မမျှော်တော့ပါ။ သို့သော် အမေက ဂရုတစိုက် ပေးမည်ဆိုတော့လည်း ဒီပကား အင်မတန် ဝမ်းသာသွားပါသည်။

ဟိုဘက်က အဘိုးအဘွားတောင် မရှိမဲ့ရှိမဲ့လေးစုပြီး သမီး မွေးမွေးချင်းက ရွှေလက်ကောက်လေး ဝယ်ပေးဖူးတာမို့ အမေဆီကလည်း မြေးအတွက် ရွှေဝယ်ပေးပါသည်ရယ်လို့ တစ်ဖက်ကို ပြချင်သည်၊ ကြွားချင်သည်။ ဒေါ်စိန်မေသည် မြေးကို ချစ်တတ်ပါသည်ဟု တစ်ဖက်က ဘိုးဘွားတွေ သိစေလိုပါသည်။

"ရွှေဒင်္ဂါး လော့ကက်ခ်လေးနဲ့ ကလေးဖို့ ရွှေဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်လေးတွေ အမေ လုပ်ထားတယ်၊ ရွှေက အခေါက်ရွှေနဲ့ လုပ်ထားတာပေါ့။ ကလေးအရွယ်မှာ ဝတ်ပေးရင် အန္တရာယ်တော့ များတယ်၊ ဒါပေမဲ့ ရွှေဆိုတာကလည်း ကလေးအတွက် လာဘ်ကောင်းအောင်ပေါ့၊ ပေးကြတဲ့ [illegible] မြန်မာလူမျိုးတွေက ရွှေကို အထွတ်အမြတ် [illegible] အားဖြင့် ကလေးကို ဆင်ရင် [illegible] ဆင်ကြတဲ့သဘောပဲ၊ အချင်းချင်း ကြွား [illegible] ရယ်တော့ မဟုတ်ဘူးပေါ့။ ဒီတော့ သားလည်း [illegible] လေးကို ဝယ်ပေးချင်ရင် [illegible] ခေါ်သွားမဲ့နေရာဒေသ ကြည့်ကျက် ဝတ်ပေးနော် [illegible] ကြာ အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေမယ်"

ဒီပက ရယ်မောပြီး အမေ့ကို နောက်ပြောင်လိုက်[illegible]

"[illegible] အဆင်မပြေလို့ ရောင်းစားတာမျိုးတော့ မရ[illegible] [illegible] မရှိတော့ဘူးလား အမေ"





"အဲဒါ ... အမေကိုများ စိတ်ထဲမှာ မှတ်တေးထားပြီး နောက်ရပြောင်ရတာနဲ့ ကလေးပစ္စည်းတော့ မလုပ်နိုင်ကောင်းပါဘူးလေဆိုပြီး မမှာတာပေါ့"

"မြှုပြာက ပြောပါတယ် အမေရယ် ... ပိုက်ဆံအဆင်မပြေတာတောင် ကလေးအတွက်ဆိုပြီး ဟိုဘက်အဘိုးအဘွား ဒီဘက်အဘွားတွေက ပေးထားတဲ့ ကလေးလက်ဝတ်လက်စားလေးတွေကို ဘယ်တော့မှ မရောင်းချင်ပါဘူးတဲ့ ...

ကိုယ့်ပစ္စည်းသာ ကိုယ်ရောင်းမယ်တဲ့၊ ဒါမှမဟုတ် ကိုယ်ပဲ အလုပ်ကို ပိုပြီး [illegible]လုပ်ဖစ်မယ်တဲ့။ သားလည်း အဲဒီသဘောပါပဲ"

ဒေါ်စိန်မေသည် [illegible] မောဟ၊ မာန်မာနတွေ [illegible]တော့ကို လျှော့ပါးနေပြီဖြစ်၍ [illegible] နေရေးထိုင်ရေးအကြောင်း [illegible]မှုပဲ မေးဖို့ ဆုံးဖြတ်လိုက်ပါသည်။

"ဒါနဲ့ မင်း တစ်ခါက ပြော[illegible] မင်းတို့ အိမ်က ငှားနေတာဆို၊ အဲဒါ အခုရော ငှားထားတုန်းပဲလား"

"ဘယ်က ပိုက်ဆံရှိလို့ ဝယ်နေနိုင်မှာလဲ အမေရယ်။ သားတို့ ငှားနေတဲ့ တိုက်ခန်းက မပေးရဘူး ဆိုရင်တောင်

သိန်းခြောက်ဆယ် ခုနစ်ဆယ်လောက်တော့ ရှိမယ်ထင်တယ်၊ သားလည်း ဈေးတော့ သိပ်မသိပါဘူး။ ဒါပေမဲ့ မြို့ထဲနဲ့လည်းနီးပြီး ရပ်ကွက်လည်း ကောင်းတော့ အဲဒီလောက်တော့ ပေးရမှာပဲ၊ ဒီထက်တောင် ပိုများရင်များမယ်၊ မြူပြာက ပိုက်ဆံတော့ စုနေတာပဲ၊ ဒါပေမဲ့ ဘယ်လောက်စုနိုင်မှာမှတ်လို့ အမေရယ်"

"အိမ်လခ ပေးရတာလား"

"အိမ်လခ မကဘူး၊ မီးခ [illegible] သန့်ရှင်းရေးခွန်၊ ရပ်ကွက်သာရေးနာရေး၊ တစ်ခါ [illegible] တိုက်ကို ရေပေးတဲ့ ရေစက်ပျက်ရင် အားလုံး [illegible] ပြီး ပြင်ရသေးတယ်၊ တစ်လတစ်လ ထွက်တဲ့ [illegible] ပြည်းဘူး"

"မင်း မိန်းမက အမေအိမ် လိုက်လာနေရမယ် ဆိုရင်နေပါ့မလား မောင်ဒီပ"

"ခင်ဗျာ"

ဒီပ [illegible] ဝမ်းသာလုံးကြီး ဆို့တက်လာသကဲ့သို့ ခံစားရကာ အမေ့ကို [illegible] စွာ ငေးကြည့်နေမိပါသည်။ အမေ့ဆီက ဒီလို စကားမျိုး ကြားရလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့





သလို မျှော်လည်းမမျှော်ခဲ့မိပါ။ ဒီပ အမေ့အိမ်ကြီးမှာ ဘယ်မနေချင်ပဲ ရှိပါ့မလဲ။ အမေနဲ့ ဒီပ တစ်သက်နေထိုင်ခဲ့တဲ့ ဒီနှစ်ထပ်တိုက်ကြီးဟာ ဒီပ အခု ငှား‌နေရတဲ့ အခန်းထက် အဆတစ်ရာလောက်ကို ကြီးမားလှတာပင်။

ဒီပ ငှားနေနေရသော တိုက်ခန်းမှာ အမေ့အိမ်တွင် ရှိသော အိမ်ခန်းတစ်ခန်းစာမျှသာ ရှိပါသည်။ အခု နေရသော တိုက်ခန်းတွင် စနေခါစကဆို သူ မနေတတ် မထိုင်တတ်နှင့် အသက်ရှူရတာလည်း ကျပ်သလိုလို ခံစားခဲ့ရတာတွေ ခုထိ မမေ့သေး။

"မင်းက ဘာဖြစ်သွားရတာလဲ"

"အံ့သြပြီး အရမ်းဝမ်းသာသွားလို့ပါ အမေ"

"ဘာအံ့သြစရာရှိလဲ၊ မင်းကို ငါက သားအဖြစ်ကနေ စွန့်လွှတ်ထားတာမှ မဟုတ်တာ။ အမေလည်း သွေးတိုး၊ နှလုံး ဖြစ်နေပြီဆိုတော့ သားကို အမေ့မျက်စိအောက်မှာပဲ ပြန်ခေါ်ထားချင်တယ်၊ မြေးတွေနဲ့ သိုက်သိုက်ဝန်းဝန်း နေချင်လာတယ်၊ လူ့ဘဝဆိုတာ နေရတာ ခဏလေးပါကွယ်။ အဲဒီ အချိန်လေးမှာ မာနတွေထားပြီး ကိုယ်စိတ်ချမ်း

သာသလို မနေမိဘူးဆိုရင် လူဖြစ်ရကျိုး မနပ်ပါဘူးလို့ အမေ သိလာတယ်။ ဒါကြောင့် သားတို့ မိသားစုတွေ ဒီမှာ လာနေဖို့ ဆုံးဖြတ်လိုက်တာပဲ”

“သားလည်း အမေ့နားမှာ ပြန်နေချင်တာပေါ့။ အမေက မြူပြာကို သဘောမကျခဲ့ဘူးဆိုတော့ အတူတူ ပြန်လာနေဖို့ ကိစ္စကို မပြောရဲလို့ပါ။ မြူပြာ သိရင်လည်း လက်ခံမှာပါ”

“အရမ်းကြီး အားမနာမနေနဲ့၊ မြူပြာက စိတ်တစ်မျိုးကွယ်။ အမေ သူ့သဘောကို အခု ရိပ်မိလာပြီ။ အမေ ခေါ် တောင် သူ လာနေချင်မှ လာနေမှာပါ။ အေး ... ဘာ ဖြစ်ဖြစ် အမေကတော့ အချိန်မရွေး သားတို့ မိသား Welcome လုပ်နေတယ်လို့ ပြောလိုက်ပါ။ ဟုတ်ပြီလား နောက်ပြီး တစ်ခု ထပ်ပြောလိုက်ဦးမယ်၊ မင်းအတွက် သတ်သတ် ဘန့်(ခ)အကောင့်ထဲ လုပ်ပေးထားပြီးပြီ ဒီတော့ မင်းကို အမေ လခမပေးတော့ဘူး။ မင်းဘာသာ မင်း ပိုက်ဆံထုတ်ပြီး ကြည့်ကျက်သုံးပေါ့”

“အမေ ... အမေရယ် ... သား အမေ့ စေတနာမေတ္တာတွေ ယုံပါတယ်။ ဒီလောက်ကြီး ပေးစရာမလိုပါဘူး။ သား





ကို အမေ အသိအမှတ်ပြုရင်ပဲ ကျေနပ်ပါတယ်၊ စိတ်ချပါ၊ သား ကတိပေးပါတယ်။ သားတို့ အမေနဲ့ပဲ အတူလာနေပါမယ်”

“လာနေတဲ့အခါကျမှ ငါ့မြေး သီရိကျက်သရေလေး အတွက် နာမည်ပေးကင်ပွန်းတပ်ပွဲ ကောင်းကောင်းလေး လုပ်ပေးပြီး အသိုင်းအဝိုင်းကို မိတ်ဆက်ပေးပေးမယ်”

ဒီပသည် ရင်ထဲတွင် အပျော်များ စုပြုံနေကာ ဖင်တကြွကြွ ဖြစ်နေပြီ။ အိမ်ပြန်ပြီး မိန်းမကို ပြောပြချင်နေပြီ။ ငါ့အမေက ဘယ်လိုဆိုပြီး ကြွားချင်လှပြီတည်း။

သိပ်ပြီး ပျော်ပျော်ရွှင်ရွှင် ဖြစ်မလာသော

သူ၏ မျက်နှာအမူအရာကြောင့် ဒီပ ငိုင်သွားပါသည်။

"မြူပြာ ဘာလို့ ငြိမ်ပြီး တိတ်သွားတာလဲ"

"မြူပြာမှ မပျော်တာ"

"ဘာဖြစ်လို့လဲ"

"မြူပြာ ကိုယ့်မိသားစုနဲ့ပဲ နေချင်တယ်၊ ယောက္ခမနဲ့အတူ မနေချင်ဘူး။ မြူပြာ့အိမ်မှာဆို မြူပြာက ကိုယ့်ခြေကိုယ့်လက် ကိုယ့်သြဇာပဲ။ ကိုယ်ကြိုက်တာ လုပ်လို့ရတယ် ..."

ယောက်ျားကို မကျေနပ်လို့ အော်ချင်လည်း အော်လို့ ရတယ်၊ လင်မယား ရန်ဖြစ်ချင်ရင်လည်း လွတ်လွတ်လပ်လပ် ရန်ဖြစ်လို့ရတယ်၊ အဲဒါ အမှန်အတိုင်း ပြောတာ။ ကို့အမေအိမ်မှာ သွားနေရရင် လင်မယားနှစ်ယောက်ဆိုတာ





ရန်မဖြစ်တဲ့ စုံတွဲတော့ ရှိမှာမဟုတ်ဘူး။ တစ်ခါတလေ စိတ်အခန့်မသင့်လို့ ရန်ဖြစ်မိကြမယ်၊ တစ်ယောက်နဲ့ တစ်ယောက် အော်မိကြမယ်၊ အဲဒါဆိုရင် ဘယ်ကောင်းတော့မလဲ။ အမေက ကြားရင် ဝင်မပါလာနိုင်ဘူးလို့ အာမခံနိုင်လား။ မြူပြာက စိတ်ရှင်းရှင်းနဲ့ လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်။ သူများ အရိပ်အောက်မှာ ခိုရရင် စိတ်က မလွတ်လပ်ဘူး"

ဒီပသည် သူတွေးမထားသော အခြေအနေတစ်ခုကို ကြားရလျှင် မြူပြာ့ကို စိတ်ပျက်လာပါသည်။

"အမေက အဲဒီလို ဝင်ပါမဲ့ လူစားမျိုး မဟုတ်ပါဘူးကွာ၊ ပြီးတော့ မြူပြာ သူ့အိမ်မှာ လိုက်နေရပေမဲ့ သူက သူ့ သြဇာခံရမယ်လို့ မဆိုလိုပါဘူး။ သူက မိသားစု စည်းစည်း လုံးလုံး နေချင်တာပါ။ ကိုကလည်း သားလေးတစ်ယောက် တည်းရှိတော့ သူ အကြာကြီး ခွဲမနေချင်တာလည်း ပါပါ တယ်။ ပြီးတော့ သမီးကိုလည်း သူ တော်တော် ချစ်နေတာ လေ။ သားတွေ မြေးတွေနဲ့ အတူတူနေချင်လာပြီတဲ့။ အဲဒီလိုကို ထုတ်ပြောတာပါ"

"မြူပြာ မနေချင်ဘူး။ ကိုယ့်အိမ် ကိုယ်ရာဟာ မြေကြီးတစ် လက်မလေးပဲ ရှိနေစေဦးတော့ အဲဒီမှာပဲ ပျော်တယ်၊ အဲဒီ မှာပဲ နေမယ်"

"မြူပြာ မင်းဟာ တော်တော့်ကို ခေါင်းမာပြီး အတ္တကြီး တာပဲနော်"

"ဘာ ..."

မြူပြာ သူမကို ဝေဖန်ခံလိုက်ရတော့ ဒေါသတကြီး ပင် အော်ချလိုက်ပါသည်။ သမီးက အရုပ်တွေဖြင့် ကစားနေရာမှ တွန့်ခနဲ ဖြစ်ကာ မျက်နှာငယ်လေးနှင့် မိဘတွေကို လှမ်းကြည့် နေလျှင် ဒီပ ရင်ထဲ နင့်ခနဲ ဖြစ်သွားပါသည်။

"မင်း ဖြစ်ချင်တာပဲ သိတယ်၊ မင်း ဆန္ဒပဲ ရှေ့တန်းတင် တယ်။ မင်းပဲ အနိုင်ရရမှ ဆိုတဲ့ စိတ်မျိုး ရှိကိုရှိတယ်။ ငါ့ဘက်တော့ လှည့်မစဉ်းစားပေးဘူး။ ငါ မင်းကိုချစ်လို့ ဒီလို ပုံစံမျိုးနဲ့ ဆင်းလာနေရတယ်။ မင်းက 'ဒါ'ဆို ငါ ချက်ချင်း 'ဒါ'ဖြစ်စေခဲ့တယ်။ ဒါပေမဲ့ အခု ငါ့အလှည့် ဒါလေး ဖြစ်ချင်တယ်လို့ ပြောတာကျတော့ မလိုက်လျော ဘူး။ ကိုယ်ချင်းမစာဘူး။ ငါ့အမေကတောင် သူ့မာန





ချပြီး ငါတို့ကို လာနေပါ Welcome လုပ်ပါတယ်လို့ ပြောတာတောင် မင်းက တင်းမာနေရသေးတယ်၊ လောက ကြီးမှာ မင်း စိတ်တိုင်းကျ ဖြစ်ချင်တာတွေပဲ ဖြစ်ရမယ်လို့ များ မင်း ဆုံးဖြတ်ထားသလား မြူပြာရယ်။ လျှော့သင့် သလောက်တော့ လျှော့ပါလို့ ငါ တောင်းပန်ပါတယ် ...

သမီးတွေ သားတွေကိုလည်း ကြည့်ပါဦး၊ သူတို့က အခုလို ရပ်ကွက်မှာ အိမ်ခန်းကျဉ်းလေးနဲ့ နေပြီး ခြင်ကိုက် ခံခိုင်းထားမှာလား။ ကလေးက ပြေးလွှားကစားချင်လို့ လည်း ကျယ်ကျယ်ဝန်းဝန်း ပြေးစရာနေရာ မရှိ၊ ခြံကျယ် မရှိနဲ့"

မြူပြာက ဒီပကို ခပ်စူးစူးကြည့်ကာ တမင်ပင် အသံ ရယ်မောလှောင်ပြောင်လိုက်ပါသည်။

"အံမယ်လေးလေး ရှင့်အမေက တစ်ချက်ပြန်ခေါ်လို့ ရှင် ဆီက ဒီလို ဘဝင်မြင့်တဲ့ အသံမျိုး ကြားရတာပါ ကိုဒီပ ရယ် ...

အကယ်၍သာ ရှင့်အမေသာ ပြန်မခေါ်ခဲ့ဘူးဆိုရင် ရှင် ဒီလို တိုက်ခန်းမျိုးနဲ့ပဲ တစ်သက်လုံး နေသွားရမှာကို

စဉ်းစားပါဦး။ ဒီလို တိုက်ခန်းမျိုးကို ဝယ်နိုင်ဖို့နေနေသာသာ အိမ်ငှားဘဝနဲ့ တစ်သက်လုံး နေချင်နေသွားရနိုင်တယ်

အင်းလျားလမ်းလို နေရာမျိုးက ခြံကျယ်ကြီးနဲ့ တိုက်ကြီးကြီးမှာ နေရတော့မှာမို့ ဘဝမေ့တဲ့ စကားမပြောပါနဲ့။ ကလေးတွေ ခြင်ကိုက်သလေး အနေကျပ်သလေးနဲ့ ဒီလိုမျိုးပဲ နေထိုင်ကြီးပြင်းလာတဲ့ ကလေးတွေ တစ်ပုံကြီးပါ"

"တော် ... တော် မြူပြာ၊ မင်းနဲ့စကားနိုင် မလုချင်ဘူး မင်းဟာ သိပ်အတ္တကြီးတဲ့ မိန်းမပဲ။ မင်းတောင် မင်းမိဘနဲ့ နီးနီးနားနား နေဖို့ရွေးသေးတာ၊ ငါလည်း ငါ့အမေနားမှာ အတူတူနေချင်တာပေါ့"

"ဒါဆိုရင် ဘာလို့ မိန်းမယူနေသေးလဲ၊ အမေနဲ့ပဲ တစ်သက်လုံး နေသွားပါလား"

"မင်းပါးစပ် ပိတ်ထား"

"မပိတ်နိုင်ပါဘူး၊ လာမအော်နဲ့၊ ရှင့်ထက် ခုနစ်သံပို အော်ပစ်လိုက်မယ်၊ ဘာမှတ်လဲ။ ရှင့်အမေက Bank Account ဘန့်(ခ်)အကောင့် သိန်းပေါင်းများစွာ ဖွင့်ပေးလိုက်လို့ လေသံမပြောင်းနဲ့၊ မရဘူး။ မြူပြာဆိုတဲ့ မိန်းမ





ပိုက်ဆံတစ်မျက်နှာတည်းကြည့်ပြီး သူများ ကိုယ့်ကို ဘယ်လောက်အနိုင်ကျင့်ကျင့် ခေါင်းငုံ့ခံတဲ့ မိန်းမမျိုး မဟုတ်ဘူးဆိုတာ ရှင် မြဲမြဲမှတ်ထား။ ပိုက်ဆံတွေ ဘာလုပ်ရမှာလဲ၊ ဂရုမစိုက်ဘူး။ လူအသက်ရှင်နေသရွေ့ ပိုက်ဆံဆိုတာ ရှာလို့ရတယ်၊ ပိုက်ဆံတွေ အများကြီးရှိပြီး စိတ်ဆင်းရဲနေရရင် ဘာသွားလုပ်မှာလဲ။ ဒီတော့ ရှင် ပိုက်ဆံဂုဏ်မောက်ပြီး အော်မယ်ငေါက်မယ်လုပ်ဖို့ မစဉ်းစားနဲ့"

မြူပြာ့အသံက တော်တော်ကြီးကို ကျယ်နေလျှင် မျက်နှာချင်းဆိုင်တိုက်၊ ဘေးခန်းမှ တိုက်ခန်းတို့က ပြူတစ်ပြူတစ်ဖြင့် အကဲခတ်ကြတာ မြင်လျှင် ဒီပက အင်မတန်မှ ရှက်တတ်လေရာ သူ့ပဲ ပါးစပ်ပိတ်ပြီး အရှုံးပေးလိုက်ရပါသည်။

အစတည်းက ဒီလမ်းထဲမှာရှိတဲ့ လူတွေက သူတို့ကို လေ့လာနေရတဲ့အထဲ ...။

အိမ်ကျတော့ စသော်တင်ပြီး ငှားနေတယ်၊ အိမ်အပြင်အဆင် အသုံးအဆောင်တွေကလည်း သိပ်အခမ်းနားကြီး မဟုတ်။

ဒါပေမဲ့ ယောက်ျားက Land Cruiser စီးပြီး မိုဘိုင်းလ်ဖုန်းတပြောပြောနဲ့ ကားတဝီဝီ လုပ်တယ်။ မိန်းမကတော့ ဘတ်(စ်)

ကား တိုးစီးလိုစီး၊ ကကာ,စီးလိုစီးနဲ့ ကျုရှင်သွားသွားပြတယ်။ ရပ်ကွက်ထဲက သားရေးနာရေးဆိုလည်း သာမန်လူတွေ ထည့်လှူသလောက်ပဲ လှူနိုင်တယ်။

ဒါတွေ ဒါတွေကို ဆေးပတ်ဝန်းကျင်တွေဟာ အကဲခတ်နိုင်လာပြီး တစေ့တစောင်း အတဲခတ် စပ်စုလိုကြမှန်း မြူပြာလည်း သိသလို၊ ဒီပလည်း ရိပ်မိပါသည်။

မြူပြာ့စရိုက်က တစ်ခုကောင်းတာက အိမ်ဆေးနားဝန်းကျင်နဲ့ သိပ်မရောနှောတာပင်။ ခေါ်သင့်ပြောသင့်ရုံလောက်သာ ဆက်ဆံပြီး အနေတည်တည်ဖြစ်ရာ ဆေးအိမ်တွေက လာရောပြီး မစပ်စုရဲပါ။ ဒီပကလည်း ကိုယ်နေတဲ့ လမ်းထဲ ဘယ်သူရှိလို့ရှိမှန်းတောင် မသိတဲ့ ပတ်ဝန်းကျင်ကို သိပ်စိတ်မဝင်စားတဲ့ယောက်ျားမို့ ဒီလမ်းထဲတွင် ဒီပနှင့်သိသူ တစ်ယောက်မျှပင် မရှိပါ။

ယခုတော့ ရန်ဖြစ်စကားများခြင်း နည်းလှပြီး အင်မတန်မှ အေးအေးချမ်းချမ်း နေသော လင်မယားက အော်ကျယ်ဟစ်ကျယ်တွေ ဖြစ်သံကြားလျှင် ဆေးက ခိုး၍ နားထောင်လို့ကောင်းနေတော့လေသည်။





ဒီပက အဲဒါမျိုးတွေကို စိတ်ပျက်တာဖြစ်သည်။ သူ ငယ်ငယ်တည်းက နေထိုင်လာခဲ့သော ကိုယ့်ခြံကိုယ့်ဝန်းနှင့်တုန်းက ဆိုလျှင် ဒီလိုမျိုးတွေ မရှိခဲ့တာမို့ သူ လုံးဝ သဘောကို မကျနိုင်ပါ။

သမီးကိုလည်း လမ်းမပေါ်ထွက်ဆော့ပြီး ဟိုကလေးနဲ့ရန်ဖြစ် ဒီကလေးနဲ့ ရိုက်ပုတ်တာမျိုး မမြင်ချင်။

သမီးဟာ New Idea ကုမ္ပဏီလီမိတက်ရဲ့ ပိုင်ရှင် ဒေါ်စိန်မေရဲ့ အမွေဆက် ကလေးတစ်ယောက်ပဲ။ သမီးဟာ တော်ရုံသင့်ရုံဘဝမှာ မနေစေရလို့ပါ။

သမီးကို ကျောင်းထားလျှင်တောင် သူတို့ အသိုင်းအဝိုင်းကြီးတွေမှာ ခေတ်စားနေသည့် ILBC ကျောင်းမျိုးမှာ ထားချင်သည်။ အဲဒီက အတန်းစေ့အောင်ပြီးလျှင် အင်္ဂလန်လို၊ အမေရိကားလို၊ ဩစတြေးလျလို နိုင်ငံမျိုးမှာ လွှတ်ပြီး ကျောင်းသွားနေစေလိုသည်။

အင်း ... မြူပြာကတော့ ဒါတွေ ဘယ်တွေးပါ့မလဲ၊ သူတို့ပတ်ဝန်းကျင်မှာက ဒါမျိုးတွေ မြင်ရကြားရခဲတာကိုး။

ဒီပသည် စိတ်တိုတို၊ စိတ်လည်း ခပ်နာနာဖြင့် မြှုပြာ့အပေါ် တစ်ခါမှ မတွေးဖူးသမျှ ခပ်နိမ့်နိမ့်သော အတွေးမျိုးကိုပင် တွေးလိုက်မိပါသည်။





သူကလည်း စကားစမပြော၊ ကိုယ်ကလည်း စမပြောနှင့် မြူပြာတို့ လင်မယားကြားတွင် အသံတိတ်ရန်ပွဲ ဖြစ်နေခဲ့ပါသည်။

မနက်ဆို ဒီပက အလုပ်ထွက်သွား၊ မြူပြာက သမီးနှင့် ကျန်ရစ်ကာ ထမင်းစားချိန်တွေမှာတော့ အရင်ကတည်းက ဒီပ ပြန်မလာတတ်တာမို့ မနက်စာကို သားအမိနှစ်ယောက် အတူစားပြီး နေ့လယ်ဘက် အိပ်ရင်အိပ်၊ မအိပ်လည်း ဈေးဝယ်ချင်ရင် သမီးခေါ်ပြီး သွားရပါသည်။

ညနေဘက် သူ ပြန်ရောက်လာလျှင် သူကလည်း မြူပြာ ကျူရှင်သွားသင်တော့မဲ့ အကြောင်းကို အရင်ကလို လိုက်ပို့ရမလားပင် မမေးဘဲ သူ့ဘာသာ ရေမိုးချိုးနေစဥ် မြူပြာက အိမ်က ထွက်လာရပြီ။

မြူပြာ ကျူရှင်ပြပြီး အိမ်ပြန်ရောက်ချိန်တွေဆို ရက်တော်တော်များများပင် သူတို့သားအဖ အရင်ကလို စောစော ကြီးပြီး ပြန်မရောက်တတ်တာ ကြာပြီ။ ည ဆယ်နာရီကျော်လောက်မှ ပြန်ရောက်လာတတ်လျှင် သမီးကတော့ ကားပေါ်မှာပင် အိပ်ပျော်ပြီး ပါလာတတ်ပါသည်။

သူ့ဘာသာ ကလေးကို အိပ်ရာထဲ ထည့်ပြီး ဘီယာတစ်ပုလင်းနှင့် တီဗီရှေ့ထိုင်ကာ ဗီဒီယိုကြည့်နေတတ်ကာ မြူပြာ့ကို အရင်ကလို ထွေရာလေးပါးပင် မပြောတော့။

ငါ့ဘက်က ဘာမှ မမှားဘူး၊ ငါက ဘာလို့ စကား သွားပြောရမှာလဲဟု မြူပြာကလည်း မာနကြီးလျက် သူ စကား မပြောတာကို အဖက်လုပ်မနေ။

ထို့အတူ ဒီပကလည်း ငါက ကောင်းတာ ဖြစ်စေ ချင်လို့ စီစဉ်တာကို မလိုက်နာဘဲ သူ့အတွေ့ပဲ သူရှေ့တန်းတင် တယ်ဟူသော အတွေးဖြင့် မြူပြာ့ကို စကားပြောချင်စိတ် မရှိကာ မပြောတော့ပါ။

သူတို့ကြားတွင် အမုန်းကြီးမုန်းစရာ ဘာပြဿနာမှ ကြီးကြီးကျယ်ကျယ် မရှိပါဘဲ ဒီပ အမေအိမ် သွားနေရေးကိစ္စနဲ့ပင် သူတို့ရဲ့ ဆက်ဆံရေးက အေးစက်လာခဲ့တော့တာ ဖြစ်ပါသည်။





မြူပြာသည် ကိုယ့်ပြဿနာကိုယ် ရင်ထဲမှာထားတတ် ပြီး မိဘနှင့် ညီမများကိုလည်း ဖွင့်ပြောညည်းညူ တတ်သူ မဟုတ်ခဲ့လေရာ အင်မတန် စိတ်ညစ်လာသော နေ့တွေမှာ တိတ် တိတ် မျက်ရည်ကျမိပါသည်။

တစ်ခါတလေလည်း နေ့ခင်းဘက်တွေမှာ သမီးကို ကစားကွင်းတွေ လိုက်ပို့ခြင်းဖြင့် စိတ်ပြေလက်ပျောက် လျှောက် သွားမိပါသည်။

မြူပြာ့ကိုယ်ဝန်ကလည်း တော်တော့်ကို ရင့်လာပြီ ဖြစ်သေမဲ့ မြူပြာကား တစ်ခုကံကောင်းတာက ကိုယ်ဝန်ဆိပ်တက် တာမဖြစ်ခြင်း၊သမီးကိုယ်ဝန်နဲ့တုန်းကလည်း အထိုင်အထ အသွား အလာ သွက်လှခြင်း စသည်ဖြင့် အဆင်ပြေခဲ့လေရာ ယခု သား ဟု သိထားသော ကိုယ်ဝန်မှာလည်း ထို့အတူပင်။

မြူပြာက သားမွေးပြီးရင်တော့ သားကြောဖြတ်ဖို့ ဖောင်တင်ကြည့်မည်ဟု စိတ်ကူးထားမိပါသည်။

ငွေကြေးကအစ ဘာမဆို အစစအရာရာ အိမ်ထောင် ကျခါစထက်စာရင် တော်တော်လေး အဆင်ပြေသည်ဟု ဆို၍ရပေမဲ့ အခုတော့ အဆင်မပြေမှုတစ်ခုက သူ့အလိုလို ဝင်လာခဲ့ပါသည်။ အဲဒီအတွက် မြူပြာ တော်တော်ကြီးကို စိတ်ညစ်နေမိပါသည်။

မြူပြာကလည်း ကိုယ့်စိတ်ကူးလေးနဲ့ ကိုယ်မို့ ဒါကို သူ နားမလည်ပေးနိုင်ရက်လေခြင်း ဟူ၍ ဝမ်းနည်းမိပါသည်။

မြူပြာ အပျိုဘဝတည်းက ငါ တစ်နေ့ အိမ်ထောင်ပြုရင် ကိုယ့်အိမ်ကိုယ်နေမယ်၊ ဘယ်မိဘအိမ်မှ မနေဘူး ဆိုတဲ့ စိတ်ကူးက ရှင်သန်ခဲ့တာမို့ ယခုလည်း မြူပြာနှင့် အစတည်းကမှ သိပ်မသင့်မြတ်ခဲ့သော ယောက္ခမအိမ်ကို လိုက်မနေလိုတာဟာ သဘာဝကျပါတယ်၊ မြူပြာ့ဘက်ကလည်း မှန်ပါတယ်၊ ကိုက ဒါကို ဘာကြောင့် လက်မခံနိုင်ရသလဲ။

တစ်ယောက်နဲ့တစ်ယောက် ချစ်လို့ယူကြပြီးမှ ဘာမဟုတ်တဲ့ သူ့အိမ်လိုက်နေဟူသော ပြဿနာလေးနဲ့ မခေါ်နိုင် မပြောနိုင် ဖြစ်နေခြင်းကို မြူပြာ အင်မတန်မှ စိတ်ထိခိုက်နေခဲ့ပါသည်။


ကိုဟာ သူ့ဘာသာသူ အမေဖွင့်ပေးထားသော ဘဏ်(စ)အကောင့်ထဲက ငွေပါးသိန်းလောက် ထုတ်လာပြီး မြူပြာရဲ့ အလှပြင်မှန်တင်ခုံရှိ အံဆွဲထဲ စာအိတ်နှင့် လာထည့်ထားတာတောင် *စကားတစ်ခွန်း ပြောဖော်မရခဲ့ချေ။*





မြူပြာလည်း ကိုယ့်မာနနှင့်ကိုယ်မို့ အိတ်ကို ခဏပဲ ...နှင့်ကြည့်ပြီး ငွေတွေကို ယူသုံးဖို့ စိတ်ကူးပင် မရှိတာမို့ ဒီအတိုင်း ...ာ ပြန်ထားထားလိုက်ပါသည်။

အဲဒီလိုနဲ့ပဲ သူတို့လင်မယားဟာ လပေါက်တဲ့အထိ ...အားမပြောကြဘဲ တစ်ယောက်အပေါ်တစ်ယောက် အေးစက်နေခဲ့ ...ကြပါသည်။







# ၁

အမေ့ကို ဆေးခန်းပြပြီး ပြန်ခေါ်လာစဉ် ကားက မီးပွိုင့်မှာမိ၍ ရပ်နေလျှင် ကားရှေ့က ဖြတ်ကူးကြသော လူတွေကို မြင်ရပါသည်။

အမေက ဒီပ အသံမထွက်ခင် အရင်ဝင် ...

"ဟဲ့ ... ဟိုမှာ လမ်းကူးနေတာ မင်းမိန်းမ မဟုတ်လား"

ဟု ရေရွတ်လိုက်သောအခါ ဒီပလည်း 'အင်း'ဟု၍ ပြန်ဖြေလိုက်ရင်း ရင်ထဲမှာ နင့်သွားပါသည်။

နေပူကျဲကျဲမှာ မြူပြာက ဗိုက်ကြီးတကားကားဖြင့် ခေါက်ထီးဆောင်း၊ သားရေအိတ်လေးတစ်လုံး လွယ်ကာ လက်က သမီးကို ဆွဲ၍ ကားလမ်းဖြတ်ကူးလာတာ။

သူကတော့ Air Con ဖွင့်ထား၍ အေးစိမ့်နေသည့် ကားကောင်းကြီးထဲမှာ သူဌေးပုံစံဖြင့် ရှိနေခဲ့ရခြင်းကို သူ အလိုလို လက်မခံချင်တော့သလို ဖြစ်လျက် ရင်ထဲ နင့်နေပါသည်။

တကယ်တော့ မင်းဘက်က အလျှော့မပေးတာပါ မြူပြာရယ်။ အမေ့အိမ်မှာသာ လိုက်နေဖြစ်ရင် အပြင်သွားစရာရှိရင်တောင် ဒရိုင်ဘာမောင်းပို့ပေးမဲ့ ကားကို တက်စီးရုံပဲ။ အခုလို နေပူထဲမှာ လျှောက်နေစရာမလိုဘူး။ အခုလို တကွဲတပြား ကိုယ်သွားချင်တဲ့နေရာတွေကို သွားရတာတောင် ဘယ်သူကမှ ဒုက္ခခံပြီး လမ်းလျှောက်စရာ မလိုဘူး။

"ကလေးကို နေပူကြီးထဲ ခေါ်ပြီး ဘယ်သွားမလို့လဲကွယ်

ဟဲ့ ... ဒီပ ခေါ်လိုက်လေ ... ကားရပ်လို့ရတဲ့နေရာက ရင်

စောင့်နေမယ်လို့ လှမ်းပြောလိုက်၊ ငါ့မြေး နေပူနေပြီ"

သူတို့ချင်း စကားမပြောတာ တော်တော့်ကို ကြာပြီဖြစ်ရာ လှမ်းခေါ်ရမှာကို ဒီပသည် ရုတ်တရက် နှုတ်တွန့်နေမိပါသည်။

"သား ခေါ်လိုက်ပါကွယ်"

"ခေါ်မှာပါ၊ လူမရှင်းသေးလို့"





ဒီပသည် ကားမှန်ကို ချပြီး ခေါင်းပြူထွက်လိုက်ကာ ...

"သမီး ... သမီးရေ ... သိရိ"

ဟု အသံပြုလိုက်ပါသည်။ မြူပြာ နာမည် ခေါ်ရမှာ ရှက်သလိုလို ဖြစ်နေ၍ သမီးကို လှမ်းခေါ်လိုက်မိသည်။ သမီးက ဝမ်းသာသွားပြီး ခုန်ဆွခုန်ဆွလုပ်လျက် ...

"ဖေကြီး ... ဖေကြီး ... ဟိုမှာ"

မြူပြာ့မျက်နှာအမူအရာက ထူးထူးခြားခြား ပြောင်းမသွားပါ။

"ဟိုရှေ့က ကားရပ်လို့ရတဲ့နေရာမှာ ရပ်စောင့်နေမယ်၊

လာခဲ့နော်။ နေပူထဲ လျှောက်သွားနေရမှာစိုးလို့"

မြူပြာက ကားထဲတွင် ဒေါ်စိန်မေ ပါလာကြောင်း တွေ့သဖြင့် ကိုယ့်ဘက်က အလွန်မဖြစ်ချင်တာနှင့် သူတို့ကားရပ်ထားရာဆီ ခပ်ဖြည်းဖြည်းသာ လျှောက်လာခဲ့ရပါသည်။

အကယ်၍ ဒီပ တစ်ယောက်တည်းသာ ဆိုလျှင် မြူပြာ ဂရုမစိုက်ပါ။ သူခေါ်တာကို သွားချင်မှသွားမည်။ ယခုတော့ လူကြီးသူမ ပါနေ၍ ကိုယ့်ဘက်က မရိုင်းချင်တာနှင့် အလျှော့ပေးလိုက်ရပါသည်။

"ဘယ်သွားကြမလို့လဲ"

ဒီပက ကားပေါ်မှ ဆင်းရင်း ဆီးမေးပါသည်။ မြူပြာနာမည်ကို ခေါ်ပြီးမေးတာ မဟုတ်ပေမဲ့ မြူပြာပဲ ဖြေလိုက်ရသည်။

"ဝယ်စရာလေးရှိလို့ ဗိုလ်ချုပ်ဈေးလာတာ"

"နေပူကပူနဲ့ သွားချင်ရင်ပြောထားတာ မဟုတ်ဘူး။ အိမ်ပြန်လာခေါ်မှာပေါ့၊ သြော် ... ဒီမှာ အမေပါတယ်၊ အမေ့ကို ဆေးခန်းလိုက်ပြတာလေ၊ ကဲ .. ကဲ ... ကားထဲဝင်၊ သမီးလည်း ပူကပူနဲ့ သနားပါတယ်"

မြူပြာသည် ယောက္ခမကြီးကို တည်ငြိမ်စွာ လှမ်းပြုံးပြလိုက်ပါသည်။

"မွေးခါနီးပြီးလား"

"ဟုတ်ကဲ့ ... နောက်လထဲမှာပဲ"

"သြော် ... သြော် ... ကိုယ်ဝန်ကြီးနဲ့ နေပူထဲ လျှောက်သွားနေတာကွယ်"

"ရပါတယ် ... *မြူပြာ သွားနေကျပါ၊ အကျင့်ဖြစ်နေတဲ့*... အမေရော နေမကောင်းလို့လား"





"ဒီလိုပါပဲ ... သွေးတိုးနလုံးအတွက် ပုံမှန်တော့ ဆရာဝန်နဲ့ ပြနေတာပေါ့၊ ကဲ ... ကဲ ... ဘယ်နှယ့်အပြင်မှာ ရပ်နေတာလဲ၊ ကားထဲဝင်လေ၊ ဘယ်သွားမလို့လဲ"

"မဝင်တော့ဘူး အမေ၊ ဗိုလ်ချုပ်ဈေးဝင်ဖို့ လမ်းဖြတ်ကူးလာတာလေ၊ *ဈေးဝင်မလို့ပါ။ သွားမဲ့နေရာ ရောက်ပဲရောက်*နေပြီ"

"ဘာနဲ့ လာလဲ"

"ကကနဲ့ လာတာပါ၊ အပြန်လည်း ကားငှားမှာပါ။ အခုငှားလာတဲ့ ကားက လမ်းမသင့်လို့ ဒီဘက်လမ်းထဲ ချပေးတာနဲ့ မြူပြာတို့ လမ်းဖြတ်ကူးရတာပါ"

"သမီးက အမေနဲ့ လိုက်သွားမလို့လား၊ မေကြီးနဲ့ လိုက်ခဲ့မလား"

ဒီပသည် မြူပြာ မလိုက်လိုဘူးဆိုတာ ကိုယ့်မိန်းမ ... ကားတစ်ခွန်း နှစ်ခွန်း အမေက ပြောရုံနဲ့ဘောက ရိပ်မိလေရာ ... ကြားဝင်၍ ဖြေရှင်းလိုက်ရပါသည်။ မလိုက်ချင်ရင်လည်း ... တော့ မြူပြာရယ်။ မင်းက ဘာမဟုတ်တာတွေမှာ မာနကြီးပြီး ... ခေါင်းမာတဲ့ မိန်းမပဲ။

"မကြီး"

သမီးသည် ဖအေ့ကားကြီးကို ဖိမ်နဲ့စီးရသည့်
အရသာ၊ ဘွားအေအိမ်လိုက်လျှင် စိတ်ကြိုက် လျှောက်ဆော့ခွင့်
သည့် အရသာ၊ ဘွားအေအိမ်မှာ သူမ ဘာလုပ်လုပ် ဆူပူမည့်
မရှိ။ သူပဲ ဗိုလ်ကျချင်တိုင်း ကျလို့ရသည့် အရသာတွေ
ကလေးပီပီ မက်မောလျှင် အမေနဲ့ ဈေးမလိုက်ချင်တော့
မအေကို မော့ကြည့်ပြီး မအေ့လက်ကို ဆွဲလှုပ်လ
ခွင့်တောင်းသလို ခေါ်ကာ မျက်လုံးဝိုင်းကြီးတွေဖြင့် ...။

မြူပြာသည် သမီးက ငါ့ဘက်မပါပါလားရယ်
ဘာမှ နားမလည်သေးသည့် ကလေး၏ ဆန္ဒကို အရေးလုပ်ပြီး
စိတ်မကောင်း ဖြစ်လိုက်မိသေးသည်။

"မီး ဘွားဘွားတို့နဲ့ လိုက်သွားရမလား"

"သမီးသဘောပဲ၊ ဈေးလိုက်ရင် သမီးကြိုက်တဲ့ ရွှေရင်အေး
စားရမယ်၊ ဂါဝန်လှလှလေး ရမယ်၊ မလိုက်ရင် မရဘူး"

ဒီပက မြူပြာ တိုးတိုးပြောတာကို ကျိတ်၍ ပြုံးမိ
သည်။ ငါ့မိန်းမကလည်း ကလေးနဲ့ဖက်ပြီး စိတ်လုပ်နေပြန်ပြီ

"ဘွားဘွားနဲ့ လိုက်သွားချင်တယ်"





"ကဲ ... ကဲ ... လိုက်သွား"

"မြူပြာ ဈေးဝယ်ရင်ဝယ်လေ၊ ကို ပြန်လာခေါ်မယ်၊ ဈေး
ထဲမှာ ကားရပ်ပြီး စောင့်မယ်၊ မြူပြာ ရှာပြီးလာခဲ့"

"အို ... နေပါစေ ... ကားငှားစီးလို့ ရပါတယ်၊ သမီးသာ
ခေါ်သွားပါ"

ဒီပသည် သမီးကို ချီပြီး ကားပေါ်တင်ပေးလိုက်လျှင်ပဲ
မြူပြာက ခြေလှမ်းပြင်လေပြီ။

"အမေ ... မြူပြာ သွားမယ်နော်"

ဟု အမေ့ကို ဝတ်ကျေတန်းကျေ နှုတ်ဆက်ပြီး
ချက်ချင်း လှည့်ထွက်လာပါသည်။

အမေကတော့ မြူပြာ့ကို လှည့်၍ ငေးပြီး ကျန်ရစ်
ခဲ့သည်။

ဒီပ ကားစက်နှိုးနေစဉ်မှာ အမေ့အသံ ထွက်လာပါ
သည်။

"ကောင်မလေးကလည်းကွယ် မာနက ကြီးနေပြန်ပြီ။
ခုထိ စိတ်မလျှော့သေးဘူး။ အမေက သူ့ကို အရှုံးပေးတာ

တောင် မကျေနပ်နိုင်သေးဘူး။ တကတည်းမှာပဲ ငါက ငါ့သား ငါ့မြေးမျက်နှာတွေရှိလို့ ဒီလောက် လိုက်လျောတာ ဟင်း"

ဒီပသည် ခုက္ခတော့စပြီဟု တွေးပြီး ကားထဲမှာ ဒီလောက် အေးတာတောင် ချွေးပြန်လာသည်။

"သားနဲ့ကလည်း ကိုယ့်လင်ကိုယ့်မယားရယ်လို့ စကားပြောတာ ရင်းရင်းနှီးနှီး မရှိပါလား ... ဘာဖြစ်ထားကြလဲ"

"သားတို့ စကားမပြောတာ ကြာပြီ အမေ၊ တစ်လနီးပါး ရှိပြီ"

"ဟဲ့"

အမေက လက်မခံချင်သလို ငေါက်ဖွတ်လိုက်ပါသည်။ သမီးကတော့ ကားနောက်ခန်းတွင် နောက်ပြန်ထိုင်၍ ဒူးထောက်ရင်း ကားနောက်ဘက် လေကာမှန်မှတစ်ဆင့် အပြင်ကို ငေးလာပါသည်။ သမီးကတော့ ကလေးမို့ သူတို့စကားတွေကို ဂိတ်ဝင်တစား နှု ထောင်ခြင်းမရှိပါ။

"ဘယ်လို ဖြစ်ကြတာလဲ"





"ဒီလိုဝါပဲ ... စကားပြော အဆင်မပြေဖြစ်ကြရင်းနဲ့ ..."

"ငါ သိပါတယ်၊ ငါ့အိမ်လိုက်နေဖို့ကိစ္စကို စကားများကြတာမဟုတ်လား၊ ငါ ကြိုသိနေတယ်၊ မြပြာက အမေ့အိမ်ကို လိုက်နေချင်မှာ မဟုတ်ဘူးလို့"

" ___ "

"အမေက တစ်ဦးတည်း အထီးကျန်နေလို့ပါကွယ်၊ သားနဲ့ မြေးတွေကိုလည်း အတူခေါ်ထားချင်လို့ စီစဉ်တာဝါ၊ အမေ့အိမ် လိုက်နေရလို့ သူ့မှာ ဘာမှ အနေကျပ်စရာလဲ မရှိပါဘူး"

"သားလည်း ပြောပြပါတယ်"

"အိမ်က အကျယ်ကြီးရယ်၊ အခန်းချည်း ဆယ်ခန်းရှိတာ၊ အပေါ်ထပ်အောက်ထပ် ကြိုက်တဲ့နေရာ ရှောင်နေလို့ရတယ်၊ အမေ့ကို ရင်မဆိုင်ချင်ရင် ပြောတာပါ၊ သူ အခုလို အပြင် လေးဘာလေး သွားချင်လည်း အမေစီးနေကျကားကို ဒရိုင်ဘာမောင်းခိုင်းပြီး လျှောက်ပို့ခိုင်းလည်း ရတယ်၊ ဒါမှမဟုတ် အမေကားမို့ စီးရမှာ မရဲဘူးဆိုလည်း မင်းမှာရှိတဲ့ ဘန်(ခ) အကောင့်ထဲထဲက ပိုက်ဆံထုတ်ပြီး သူစီးဖို့ တစ်ကား

သတ်သတ်မှတ်မှတ် ဝယ်ပေးလို့လည်း ရတာပဲ၊ ငါက မင်းတို့ကိစ္စ မင်းတို့ပိုက်ဆံ ဘာမှ ဝင်မစွက်ဖက်ပါဘူး။ ရုပ်ရှင်တွေထဲကလို ယောက္ခမအိမ် ကပ်နေရလို့ အိမ်အလုပ်သိမ်းကျုံးလုပ်ရမှာတို့၊ အိမ်ဖော်တစ်ပိုင်း ဖြစ်ရမှာတို့လည်း မရှိပါဘူးကွယ်။ အမေက ကိုယ်ကိုယ်တိုင်တောင် အိမ်အလုပ်တစ်သက်နဲ့ မလုပ်လာတာ သူ လုပ်တတ်ရင်တောင် သူ့လည်း မခိုင်းပါဘူး”

ဒီပသည် အမေပြောသမျှ ငြိမ်နားထောင်နေမိပါသည်။ အမေနှင့် မိန်းမကြားမှာ သူကလည်း သူ့ဘက်ကမှန်၊ ကိုယ်ကလည်း ကိုယ့်ဘက်ကမှန်၊ လွန်ဆွဲပွဲကြီးက ဘယ်တော့မှ ပြီးစီးမှာလဲ မှ ဟုတ်တော့ပြီ။ ကြားထဲမှာ နေရသော ဒီပမှာသာ သူ့ဆန္ဒတွေ ဘယ်ရောက်လို့ ရောက်မှန်းမသိ ဖြစ်နေခဲ့ရပါသည်။

“မြူပြာက ကိုယ့်အိမ်ကိုယ်ရာနဲ့ နေချင်လို့ပါတဲ့၊ အမေက ဩဇာပေးမှာတို့ဘာတို့ကို သူက စိုးရိမ်လို့ မဟုတ်ပါဘူး”

“မင်းကရော ဘယ်လိုနေချင်လဲ”

“သားကတော့ အမေ့နားမှာပဲ နေချင်တာပေါ့၊ အမေနဲ့နေတဲ့ အိမ်ကြီးက သားတစ်သက်နေလာခဲ့တာပဲ၊ အမေ အရင်ဧ





စိတ်ဆိုးပြီး မခေါ်တော့ လာမနေရဲခဲ့ဘူး။ အမေ စိတ်ပြေပြီး ပြန်ခေါ်တုန်းက ဘယ်လောက် ဝမ်းသာရသလဲဆိုတာ အမေမှ မသိတာ။ မြူပြာကတော့ စိတ်တစ်မျိုးပါ၊ သူက မလိုအပ်တဲ့နေရာတွေမှာ မာနထားလွန်းနေတယ်၊ မာနထားတာကတော့ ကောင်းပါတယ်လေ။ ဒါပေမဲ့ တစ်ခါတလေကျ အဲဒီမာနက ကိုယ့်ကိုယ်ကိုယ် ပြန်ညှဉ်းဆဲသလို ဖြစ်နေတတ်တယ်လို့ သူ့ကို သားပြောဖူးပါတယ်၊ ဒါပေမဲ့ မရဘူး”

“သိပ်ခက်တဲ့ မိန်းကလေးပဲကွယ်။ ငါလည်း ဘယ်လိုနည်းနဲ့ လျှော့ရဦးမှာလဲ၊ ငါ့ဘက်က ဘာမှ လျှော့စရာလဲ မကျန်တော့ဘူး”

ဒီပ အသံတိတ်နေလိုက်မိပါသည်။ အမေ့အိမ်ရောက်တော့ အမေက မြေးပါလာ၍ အလုပ်ရှုပ်နေတာနှင့် ဒီပကို ဆက်၍ ဂရုဂရောင် မလုပ်နိုင်တော့ပါ။

ဒီပလည်း အလုပ်ကိစ္စတွေ ရှိသေး၍ သမီးကို အမေ့အိမ်တွင်ထားကာ ကုမ္ပဏီရှိုးရွမ်း (Company Show room)ကို ထွက်လာခဲ့ပါသည်။

မြူပြာ့ကို ချစ်လွန်း၍ ဒီလောက်ထိ သည်းခံကာ သူမ လိုက်မနေလိုသော အမေ့အိမ်ကို လိုက်ခဲ့ဖို့ အတင်းအကျပ် ထပ်မတိုက်တွန်းတော့တာလည်း မြူပြာ သိပုံမရ။

သူမကသာ ...

"ကိုရယ် ... ဒါဆိုလည်း အမေအိမ်နားမှာ ခြံဝယ်ပြီး တိုက်ဆောက်ပါလား"

လို့ ... ကယုကယင်နဲ့ ချွဲနွဲ့ပြီး ပူဆာလာခဲ့ရင်တောင် မိန်းမကို ချစ်တတ်သော ယောကျ်ားတို့ပီပီ ခြေတကြွကြွနဲ့များ ထ,စိစဥ်မိမလား မသိ။ ယခုတော့ မရွှေချောက မာနတွေ တပြန် တင်ကာ စိတ်အကောက်ကြီးကောက်၊ စကားစ,မပြောဘဲ နေနေလေ ရာ ဒီပလည်း ကိုယ့်ဘက်က စခေါ်ရခက်နေတော့တာ ဖြစ်ပါသည်။





၈

မြူပြာ၏ ဒုတိယကိုယ်ဝန် ဂျူးဒိတ်မရောက်ခင် ဆယ်ရက်အလိုမှာ ဖြစ်သည်။ ညဘက် အိပ်နေစဥ် ညတစ်နာရီ လောက်ကြီးမှာ ဒီပ၏ မိုဘိုင်းလ်ဖုန်းက မြည်လာသည်။

ဒီပသည် အမေ့အိမ်နှင့် မပြတ်အဆက်အသွယ်ရှိရန် မိုဘိုင်းလ်ဖုန်းကို အိပ်ချိန်ပင် ဖြစ်တာတောင် ဖွင့်ထားခဲ့လေရာ ဖုန်းမြည်လာလျှင် အိပ်ရာဘေးမှာ ထားအိပ်တာမို့ ချက်ချင်း နိုးပါသည်။

မြူပြာပါ အတူနိုးလာပေမဲ့ လှုပ်လျှက်မထဘဲ အသာ နားစွင့်နေခဲ့ပါသည်။

"ဟဲလို ... ဩော် ... ဦးမောင်မြလား ... ခင်ဗျာ ... အမေ လေဖြတ်သလိုဖြစ်နေတယ် ထင်တယ် ... ဟုတ်လား"

"___"

"ဟုတ်ပြီ ... ဟုတ်ပြီ ... ကျွန်တော် ခုပဲ ထွက်လာခဲ့မယ်၊ ဆရာဝန်ကိုတော့ ဖုန်းဆက်ခေါ်ထားပေးပါနော်၊ ကျေးဇူးပါပဲ၊ ကျွန်တော် ခုလာပြီ"

မြူပြာလည်း မထင်မှတ်ထားသော အခြေအနေကြောင့် အိပ်ရာမှ လက်ထောက်၍ ထလိုက်ပါသည်။

ကိုက မြူပြာနှင့် စကားမပြောဘဲ နေနေတာကိုပင်မေ့ပြီး ကမန်းကတန်း တွေ့ရာတီရှပ်တစ်ထည် ကောက်စွပ်ရင်း ...

"အမေ အိပ်ရာထဲမှာ အိပ်နေရင်း လေဖြတ်သလိုလို ဖြစ်တယ်ထင်တယ်တဲ့၊ သူ့ကို အခိက ပြုစုရတဲ့ ကောင်မလေး ဝေမှာကို ဘဲလ်နှိပ်ခေါ်ရုံပဲ ခေါ်နိုင်တယ်၊ ဝေမာရောက်လာတော့ လူကတောင့်တောင့်ကြီး ဘာမှလဲ မပြောနိုင်ဘူး။ မျက်လုံးနဲ့ပဲ အမူအရာလုပ်ပြနိုင်တယ်တဲ့၊ အဲဒါ ကို့ကို အိမ်က ဒရိုင်ဘာ ဦးမောင်မြ ဖုန်းဆက်ခေါ်တယ် မြူပြာ"

ဟု စကားတွေ တောက်လျှောက် လှမ်းပြောပါသည်။

"အင်းလေ ... ဟုတ်တာပေါ့။ ဒါဆို သွားပါ၊ ကားလည်း ဂရုစိုက်မောင်းဦး၊ စိတ်အလောမကြီးနဲ့နော်။ အမေ့ဆီ ဆရာဝန်လည်း ရောက်လောက်ပါပြီ"

"အေးကွာ ... မြူပြာလည်း မွေးခါနီးမှ"





"ကိစ္စမရှိပါဘူး။ သွားလိုက်ပါ၊ Due Date လည်း လိုပါသေးတယ်၊ မနက်ကျမှ ပြန်လာလည်းလာ၊ မလာလည်း အဲဒီမှာ အိပ်ရေးဝအောင် ဆက်အိပ်လိုက်ပေါ့။ မြူပြာ လာပြီး သတင်းမေးဖို့လိုရင် အောက်ထပ်က စတိုးဆိုင်ကဖုန်းကို လှမ်းခေါ်လိုက်လေ"

"ကို သွားပြီနော်၊ မြူပြာလည်း ဗိုက်နာတယ်၊ တစ်ခုခုဖြစ်တယ်ဆိုရင် အသုံးပြုလို့ရအောင် ကို မိုဘိုင်းလ်ဖုန်းထားခဲ့မယ်၊ စတိုးဆိုင်ကို ဆင်းမနေပါနဲ့။ လိုအပ်လို့သုံးတာသုံးပေါ့"

"မဟုတ်ဘူး၊ မြူပြာ ကိုင်မှမကိုင်ဖူးတာ၊ ဘယ်လိုသုံးရမှန်း မသိဘူး။ အခုမှ ပြမနေပါနဲ့၊ ထားလိုက်ပါ၊ ဖြစ်ပါတယ်၊ မြူပြာ ချက်ချင်းကြီးတော့ ဗိုက်မနာနိုင်ပါဘူး။ ကိုယ့်ဘာသာ သိပါတယ်"

"ကဲ ... ကဲ ... ဒါဆိုလည်း ကို သွားပြီ"

ကိုက အိမ်တံခါးကို သူ့ဘာသာ သူ့သော့နဲ့သူ ကားသော့တွဲတွေဖြင့် တွဲထားသည်ဖြစ်ရာ မြူပြာ တံခါးလိုက်ပိတ်ပေးစရာ မလိုပါ။

မြူပြာကတော့ တစ်ရေးနိုးချိန်မှာ စိတ်လှုပ်ရှားစရာ

သတင်းတစ်ခုကို ကြားလိုက်ရ၍ ရုတ်တရက် ပြန်အိပ်လို့မရဘဲ ဖြစ်နေခဲ့ပါသည်။

ဒါနဲ့ပဲ အိပ်ရာမှ တိတ်တဆိတ် ထလာခဲ့သည်။ မြူပြာတို့ အိပ်ရာတွင် သမီးပါ အတူအိပ်လေရာ သမီး နိုးသွားမှာစိုး၍ ခပ်ဖြည်းဖြည်း ထလာခဲ့ရတာ ဖြစ်ပါသည်။

အိမ်နောက်ဖေး ထမင်းစားစားပွဲတွင် ထိုင်ရင်း မိုင်လိုတစ်ခွက်ဖြင့် ဟိုတွေးဒီတွေး လုပ်နေမိပါသည်။

ဒေါ်စိန်မေဟာ ခုနောက်ပိုင်း စိတ်တော်တော်လေး လျှော့လာပြီ။ မြူပြာ့အပေါ်လည်း သိပ်မဆိုးတော့တာမို့ အခုလို ဖြစ်တာသိရတော့ အမေချင်းကိုယ်ချင်းစာပြီး စိတ်တော့မကောင်းပါ။

ကိုတော့ သူ့အမေကို တော်တော်စိတ်ပူရှာမှာပဲ။ သူက သူ့အမေဆီ အတူသွားမနေရလို့ ငါ့ကို စိတ်ခုနေရတဲ့အထဲ အခုတော့ ပိုပြီးအပြစ်တင်စရာ ဖြစ်တော့မယ်။

အို ... ဘာဆိုင်လဲ။ ဖြစ်ချိန်တန်ရင် ဖြစ်မှာပဲ။ ငါတို့ သွားနေတော့ရော သူ့အမေကြီးက လေမဖြတ်မှာမှတ်လို့။ ဘာလုပ်ပေးနိုင်မှာမို့လဲ။ ဆရာဝန်ကလွဲရင် ဘယ်သူ့ကိုမှ အားကိုးလို့ရတာမှ မဟုတ်တာ။





မြူပြာသည် မိုင်လိုတစ်ခွက်ကုန်မှ အိပ်ရာထဲ ပြန်ဝင်လာပါသည်။ မနက်သုံးနာရီလောက်မှပဲ သေသေချာချာ ပြန်အိပ်ပျော်သွားခဲ့ပါသည်။

မနက် ခုနစ်နာရီကျ မြူပြာရော သမီးပါ အတူနိုးလာသည်။ သမီးက နိုးနိုးချင်း သူ့အဖေကို ရှာကာ ...

"ဖေကြီးရော ..."

ဟု မေးလေသည်။

"ဘွားဘွားအိမ် သွားတယ်"

"ဟုတ်လား ... မီးတောင် မခေါ်သွားဘူး"

"ညက ထသွားတာ သမီးရဲ့၊ ဘွားဘွား နေမကောင်းလို့တဲ့"

"ဟယ် ..."

"သမီးက ဘယ်ဘွားဘွားကို ပိုချစ်လဲ ... ပြောပါဦး"

မြူပြာသည် မေးပြီးမှ ငါ့အမေးဟာ ကလေးဆန်နေပြီလားလို့ တွေးလိုက်မိသေးသည်။

"တူတူပဲ"

"အံမယ် ... လူလည်မ၊ ဘာအတူတူပဲလဲ"

"အတူတူချစ်တာပါ မေမေရဲ့။ ဘွားဘွား ဒေါ်စိန်မေကိုလည်း ချစ်တယ်၊ ဘွားဘွားက သူနဲ့ လာနေစေချင်တာ

သိလား၊ ဘွားဘွား ဒေါ်ဝင်းဝင်းဆွေကိုလည်း သိပ်ချစ်တယ်။ ဘွားဘွားက မီးကို အမြဲတမ်း တရှုံ့ရှုံ့နမ်းတာ မေမေရဲ့။ ဘွားဘွားနှစ်ယောက်လုံးက သနားပါတယ်"

"မေမေ့ကိုရော မသနားဘူးလား"

"မေမေ့ကို ပိုသနားတယ်။ မေမေက ဗိုက်ကြီးအကြီးကြီးနဲ့ လမ်းလျှောက်ရတယ်၊ ပြီးတော့ ဖေဖေ့ကားလည်း မစီးဘူး"

မြူပြာသည် သမီးစကားကို မျက်ရည်တွေဝဲ[...] ပြုံးမိပါသည်။ ဘာမှ မသိနားမလည်သေးတဲ့ သုံးနှစ်အရွယ်သမီး[...] တောင် ဖအေက ကားကောင်းကြီးစီးတာ မအေ ဘတ်(စ်)ကား[...] အငှားကားတွေ စီးရတာကို သိတတ် မြင်တတ်နေပြီ။

"မေကြီး ... ဟင်းချက်ဖို့ ဈေးသွားဝယ်မယ်၊ သမီး လိုက်[...] ခဲ့နော်။ ဖေကြီး အိမ်မှာ မရှိတော့ သမီးတစ်ယောက်တည်း နေခဲ့လို့ မဖြစ်ဘူး"

"မေကြီး ဆိုက်ကားစီးမှာလား"

"စီးမယ် ... သမီးပါတော့ အသွားရော အပြန်ရော စီး[...] ပေါ့"

သားအမိနှစ်ယောက်ဝတ်စားပြင်ဆင်ပြီး ဈေးခြင်း[...] ကာ အောက်ဆင်းလာပါသည်။





ကို့ မိုဘိုင်းဖုန်းဆီ လှမ်းဆက်၍ သတင်းတော့မေး ဦးမှ မကောင်းပါဘူးလေဟု တွေးမိလျှင် အောက်ထပ်စတိုးဆိုင်မှ ဖုန်းဖြင့် လှမ်း၍ ဆက်လိုက်ပါသည်။

"အင်း ... မြူပြာလား"

ကိုက အိပ်ချင်မူးတူးဖြင့် ထူးလိုက်သည်။

"ဟုတ်တယ်"

"ပြော ... ပြော ... ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ သတင်းမေးမလို့ပါ"

"အေးကွာ ... ညက ဆရာဝန်လာသွားတော့ အခြေအနေ သိလိုက်ရတယ်၊ အမေ လေတစ်ခြမ်းဖြတ်သွားတာတဲ့ကွာ၊ ပြန်ကောင်းနိုင်ပေမဲ့ ကုရမှာပေါ့"

"ဩော် ... ဖြစ်ရလေ ... ဘာဖြစ်လို့ပါလိမ့်၊ အစက သွေးတိုးနှလုံးရှိတယ် ဆိုပေမဲ့ အဲဒီလောက်ကြီး ဖြစ်မယ်မထင်ဘူး"

"အစားအသောက် ဒုက္ခပေးတာပဲ၊ ညနေပိုင်းလောက်က ဘေးအိမ်မှာ ဘုရားကိုးဆူကပ်တော့ ရွှေတောင်ခေါက်ဆွဲ ကျွေးတယ်တဲ့၊ အုန်းနို့ သိပ်မများဘူးလို့တော့ ပြောတာပဲ။ ပြန်လာတော့ အမေက ခေါက်ဆွဲစားလာရတာ ရင်ပူတယ်

ဆိုပြီး ထမင်းနည်းနည်း စားသေးတယ်တဲ့၊ အဲဒါဟင်းက အငန်တွေ ပါသလား မသိဘူး။ ကောင်မလေးတွေ ပြောတော့ ပြည်ကြီးငါးသုပ်၊ ကြာဆံဟင်းခါး၊ ဆိတ်သားအာလူးကတ်တလိပ်တွေ ချက်တယ် ပြောတာပဲ၊ အမေက အငန်ကြိုက်တော့ အဲဒါတွေက ငန်ထားတယ်နဲ့ တူတယ်။ ညကျ Air Con ဖွင့်နေကျအတိုင်း ဖွင့်ပေမဲ့ သိပ်အအေးကြီးတော့ လုပ်မထားဘူးပေါ့၊ ဒါပေမဲ့ လူကြီးဆိုတော့ ရောဂါအခံကလည်းရှိတော့ ဒီလိုဖြစ်သွားတာပဲ"

"အင်းလေ ... အဲဒါဆိုလည်း သက်သာလာအောင် ပြန်ထရမှာပေါ့။ မြူပြာ သတင်းလာမေးရမလား"

"မလာနဲ့၊ ကို နေ့ခင်း ပြန်လာမယ်၊ အဲ့ဒီကျမှ စီစဉ်တာပေါ့၊ မနက်စာ ကို့အတွက် မချက်နဲ့"

"ဟုတ်ပြီ၊ ဒါဆို မြူပြာ ဖုန်းချလိုက်ပြီနော်"

မြူပြာ ဖုန်းချပြီးလျှင် ကိုက ဘာကို စီစဉ်မှာပါလိမ့်ဟု တွေးကာ နေ့ခင်းကို စောင့်မျှော်နေခဲ့ပါသည်။





"အမေက ကို ခဏပြန်မယ်ဆိုတော့ မျက်ရည်တွေကျပြီး ကောင်းနေတဲ့ လက်တစ်ဖက်နဲ့ ကို့လက်ကို အတင်းဆုပ်ထားတယ်ကွာ"

မြူပြာ အသာငြိမ်၍ နားထောင်နေပါသည်။

"ကိုက အမေ သား ခဏပြန်မှာပါ၊ ပြီးရင် ပြန်လာမယ်လေ ဆိုတော့၊ အဲဒါလည်း မကျေနပ်ဘူးဆိုတဲ့ သဘောနဲ့ မျက်ရည်တွေ ပိုကျပြီး တစ်ခုခု ပြောသလိုပဲ၊ ဗလုံးဗထွေးနဲ့ ထပ်ထပ်ပြောနေတော့ကို အရမ်းအားစိုက်ပြီး နားထောင်ရတယ် ...

အမေက သူနဲ့လာနေပါတော့ သားရယ်လို့ ပြောတယ် မြူပြာ။ ကို ဘယ်လိုမှ မငြင်းချင်တော့ဘူး၊ အချိန်လည်း မဆွဲချင်တော့ဘူး။ လာနေပါ့မယ်လို့ ကတိပေးခဲ့တယ်"

မြူပြာ အင်မတန်မှ စိတ်ရှုပ်သွားသလိုဖြင့် အသံ ဘိတ်နေသည်။ ဒီပသည် မြူပြာ့ဆီက ဘာမှတုံ့ပြန်မှု မရလျှင် ထပ်၍ ပြောလိုက်ပါသည်။

"ကို အရင်ကတော့ တကယ်လာမနေနိုင်ပဲနဲ့ အမေ့ကို ညာမပြောချင်လို့ လာနေပါ့မယ်လို့ ကတိမပေးခဲ့ဘူး၊ အခုတော့ အမေ ဒီလိုကြီးဖြစ်နေတဲ့ အချိန်မှာ ပစ်မထား ရက်ဘူး ...

သူ လိုလားတာ ကိုက ပြုစုဖို့ မဟုတ်ပါဘူး။ သူ့အတွက် Day ရော Night ရော နာ့(စ)က မပြတ်ငှားထားပြီးသားပါ၊ ကို သွားနေပေးရမှာက သူ့ရဲ့စိတ်အားငယ်မှုကို ပြုစုဖို့ပါ။ ကိုယ်ကာယအားဖြင့် မပြုစုရပေမဲ့ စိတ်နဲ့ ပြုစုပြီး ကျေးဇူးဆပ်ရတဲ့ သဘောပါ ...

ကိုတို့ သွားနေတဲ့အတွက် အမေလည်း စိတ်ပျော်မယ်၊ စိတ်ချမ်းသာမယ်၊ သူချစ်တဲ့မြေးလည်း မပြတ်တွေ့ရမယ်ဆိုရင် ကျန်းမာလာဖို့က ပိုမြန်တယ်"

"ဘယ်တော့ သွားနေမှာလဲ"





"ဒီရက်ပိုင်းပေါ့၊ ကိုတို့ ပစ္စည်းတွေက ဘာမှ သိပ်မရှိပါဘူးကွာ။ တချို့တွေ မြူပြာ့ မိဘတွေကို ပေးထားခဲ့ပါ။ အမေ့အိမ်မှာက အပြည့်အစုံ ရှိပါတယ် မနက်ဖြန်တောင် ပြောင်းရင် ပြောင်းလို့ရတယ်"

"ဘယ်ဖြစ်မလဲ"

"ဘာ ... ဘယ်မဖြစ်တာလဲ"

"မြူပြာ မနေချင်ဘူး"

"ကို အမေ့ကို ကတိပေးခဲ့ပြီးပြီ၊ ကိုက တကယ်လုပ်နိုင်မှ ကတိပေးတဲ့လူပါ။ သားအမိချင်းတောင် ကို မလုပ်နိုင်ရင် ကတိမပေးဘူး"

"မြူပြာ့ကိုတောင် မတိုင်ပင်တော့ဘူး၊ မြူပြာက ထားရာနေ စေရာသွား မိန်းမပဲ ဆိုပြီး ..."

"မဟုတ်ဘူးကွာ၊ မဟုတ်ဘူးကွာ၊ မင်း ဒီလောက်တောင်မှ မသိတတ်ဘူးလား မြူပြာ။ ငါလည်း ငါ့အမေကွ၊ အမေ တစ်ယောက်လုံးကို ပစ်ထားရမှာလား၊ သူ ကောင်းနေတဲ့ အချိန်တုန်းက ငါ ဘာပြောလဲ။ မင်း လိုက်မနေချင်ဘူး ဆိုတာတောင် အတင်းအကျပ် ထပ်မပြောဘူး။ အခုတော့

သူ မကျန်းမာတဲ့ အချိန်ကွ၊ ငါ သူ့အတွက် တစ်ခုခုတော့ လုပ်ပေးမှ ဖြစ်မှာပေါ့”

“အို ... ရှင် အဲဒီလို လေသံမာမာ ပြောစရာ မလိုပါဘူး။ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ တစ်သက်လုံး ပေါင်းလာတဲ့ မိန်းမကိုတောင် အော်ချင်ငေါက်ချင်ရတာနဲ့။ ရှင်က သိပ် အနိုင်ကျင့်လွန်းလို့ ပြောတာ”

“ဟာ ... ငါ ဘာအနိုင်ကျင့်လဲ”

ဒီပသည် အမေ့ အဖြစ်အပျက်ကြောင့် စိတ်ရှုပ်ဝမ်းနည်းနေရချိန်တွင် မြူပြာကပါ အလိုက်မသိစွာ နားလည်မပေးလျှင် ဒေါသဖြစ်ပြီး အသံမာလာခဲ့တာ ဖြစ်ပါသည်။

အမေ ဒီလိုဖြစ်နေချိန်မှာတော့ မြူပြာလည်း စိတ်လျှော့ပြီး ဒီပ အလိုကို လိုက်မယ်လို့ ထင်ခဲ့မိပါသည်။ သူကတော့ မြူပြာ ဘာလုပ်ချင်ချင် လိုက်လျောလိုက်ရတာ၊ သူ့အလှည့်ကျတော့ မြူပြာက အလွယ်တကူ လိုက်လျောဖို့ နေနေသာသာ နေမကောင်း မကျန်းမမာ ဖြစ်နေတဲ့ အမေ့ကိုတောင် အမြင်ကမကြည်နိုင်သေးပေ။

“ငါ သင့်တော်သလို စီမံတာ၊ လိုက်နာသင့်ရင် လိုက်နာရမှာပေါ့ မြူပြာ၊ လင်နဲ့မယားပဲ တစ်ယောက်နဲ့ တစ်ယောက်





တော့ နားလည်ပေးရမှာပေါ့။ ဒီလို အခြေအနေလေးကိုတောင်မှ နားမလည်ပေးနိုင်ရင် အဖော်ကောင်း စာယ်ပီသပါ့မလဲ”

“မြူပြာ ဘာမှမလွန်ဘူး။ အစတည်းက ကိုယ့်အိမ်နဲ့ကိုယ် ငှားပဲနေရနေရ နေမယ်လို့ ဆုံးဖြတ်ပြီး နေခဲ့တာပါ။ ရှင့်အမေက ဒီလိုကြီး ဖြစ်ပြလိုက်တော့ အခွင့်ကောင်း ဖြစ်သွားတာပေါ့”

“မဟုတ်ပါဘူး၊ မင်း စာသင်တဲ့ ဆရာမတစ်ယောက် ဖြစ်နေပြီး လူကြီးဆန်ဆန် တွေးမှပေါ့၊ ဘယ်သူကရော ကိုယ့်ကိုယ်ကိုယ် ဒီလိုဘဝကြီးဖြစ်အောင် လုပ်ပါ့မလဲ။ စကားကို ဆင်ခြင်ပြောပါ မြူပြာရယ်။ အမေ သူကောင်းနေတုန်းကလည်း မင်း လာမနေချင်မှန်းသိတော့ အတင်းခေါ်လို့လား။ ငါ့ကို အားပေးအားမြှောက်လုပ်ပြီး လာနေဖို့ တွန်းအားပေးလို့လား၊ မင်း စဉ်းစားပါဦး။ သူ အခုအားငယ်နေလို့ပါကွာ”

“အို ... ဘာအားငယ်စရာရှိလဲ၊ ဒီလောက် ချမ်းသာတာ။ ပြုစုချင်တဲ့ လူတွေမှ အပြည့်ပဲ။ ပိုက်ဆံပေးငှားလို့ ရတာပဲ”

"မြူပြာ ... မြူပြာ ... မင်း တော်တော်ဆိုးတဲ့ မိန်းမပါလား။ ငါ့အမေကို ဘာလို့ ပစ်ထားစေချင်တာလဲ၊ ငါ့အမေက စိတ်ထားအကောင်းကြီး မဟုတ်ခဲ့ပေမဲ့ ဆိုးလည်းမဆိုးတဲ့လူပါ။ သူ ငါ့ကို မင်းနဲ့သဘောမတူဘူး ဆိုပေမဲ့ လုံးဝ ပစ်ထားခဲ့သလား။ သူ့စိတ်နဲ့သူ အမှေဖြတ် စွန့်လွှတ်ခဲ့ရင်လည်း ငါက ခံရမှာပဲ၊ အဲဒီလို မလုပ်ခဲ့ပါဘူး မြူပြာ။ အဲဒီလိုသာ လုပ်ခဲ့ရင် မင်း အခုလောက်ဆို ငါနဲ့ လက်ထပ်ရလို့ စိတ်ချမ်းသာရတဲ့ အချိန်ထက် အစစအရာရာ မပြည့်စုံလို့ စိတ်ဆင်းရဲရတဲ့ အချိန်က ပိုများနေမှာကိုရော တွေးမိရဲ့လား"

"အို ... မြူပြာ၊ သူ့ပိုက်ဆံကို ဂရုမစိုက်ပါဘူး ဆိုနေ၊ ရှင်ပေးတဲ့ ပိုက်ဆံငါးသိန်းလောက်ကို လက်ဖျားနဲ့တောင် မထိပါဘူး။ သွားကြည့်ပါ ကိုဒီပ။ မြူပြာ ရှင်နဲ့စကားမပြောတဲ့ တစ်လလုံးလုံး မြူပြာ့ ပိုက်ဆံနဲ့ မြူပြာ သုံးနေတာပါ။ သူ့ပိုက်ဆံကို သုံးမိရင် သူ့စိတ်ဆန္ဒတွေကို ပိုက်ဆံမျက်နှာကြည့်ပြီး ငဲ့နေရမှာစိုးလို့"





ဒီပသည် စကားနိုင်လု နေ့ဖြစ်နေရခြင်းကို စိတ်မရှည်တော့ပေ။ မြူပြာ့ကိုလည်း ဒီတစ်ခါဆောင် စိတ်ပျက်သွားတာလည်း မရှိတော့ပြီ။

သူက ဒေါသလည်း နည်းလှတော့ [illegible] ဒေါသဖြစ်ပြီး စကားပြောရင်း ပြောရင်း ဒေါသ[illegible] ဖြတ်ချက်တို့ကို ပိုင်နိုင်စွာ ချနိုင်လာပါသည်။

ဒီပသည် သူ့ နိုင်ငံခြားခရီးထွက်လျှင် ထည့်နေကျ အလယ်အလတ်အရွယ် ခရီးဆောင်သေတ္တာ Luggage ကို အဝတ်ဗီရိုကြီး အပေါ်ထပ်တွင် ထိုးတင်ထားရာမှ ချယူလိုက်သည်။

ပြီးတော့ အဝတ်ဗီရိုထဲမှ သူ့အဝတ်အစား အသုံးအဆောင် စသည်များကို သင့်သလောက် ထည့်သိုလိုက်ပါသည်။

သမီးက သူ့နောက် တကောက်ကောက် လိုက်နေပေမဲ့ သမီးကိုပင် မချီအား။ စကားလည်း မပြောအားပါ။ မြူပြာကား နောက်ဖေးက ထမင်းစားပွဲတွင် ငူငူကြီးထိုင်လျက် အံကြိတ်မျက်ရည်ဝဲနေခဲ့သည်။

ဖြတ်ဖြတ်သားသား ဆုံးဖြတ်ပြီး သူ သွားလိုရာနေရာ၊ သူ နေထိုင်လိုရာ နေရာသို့ ထွက်ခွာတော့မည့် ယောကျ်ားတစ်ယောက်၏ ခြေသံတွေကို မြူပြာ မှန်းနေခဲ့သည်။

"ဖေကြီး"

သမီးအသံ တိုးတိုးလေးကို မြူပြာ ကြားရလျှင် မြူပြာသည် သမီးကိုတော့ မခွဲနိုင်၍ ချက်ချင်းဖြုန်းခနဲထကာ ...

"သမီး ... သိရိ ... မေကြီးဆီ လာ"

ဟု လှမ်းခေါ်လိုက်ပါသည်။

"သမီး ငါနဲ့ လိုက်ချင်တာ၊ မင်း ဘာမှ ဝင်မပါနဲ့"

"အို ... ဘာလို့ လိုက်ရမှာလဲ၊ မလိုက်ရပါဘူး။ သမီးက ရှင်နဲ့မဆိုင်ဘူး၊ မြူပြာ မွေးထားတာ မြူပြာ့သမီး၊ ရှင့် အမေကြီး စိတ်ချမ်းသာအောင် အသုံးတော်ခံဖို့ တပင်တပန်း မွေးပေးထားတာ မဟုတ်ဘူး"

ဒီပသည် ဒေါသကြီးနေသော ခြင်္သေ့မတစ်ကောင်လို ဖြစ်နေသည့် မြူပြာ့ကို ရင်ဆိုင်ပြောလိုစိတ် မရှိ၍ သမီးထိုင်ရာ ဒူးထောက်ထိုင်ကြည့်ရင်း မေးလိုက်ပါသည်။





သမီးရဲ့ စိတ်ဆန္ဒကသာ အဓိက။ သမီးကြိုက်တာ ရွေးလျှင် သူ ဘာမဆို လက်ခံလိုက်ဖို့ စဉ်းစားထားပြီးသားပင်။

"သမီး ... ဖေကြီးနဲ့ လိုက်နေမလား"

"ဖေကြီး ဘယ်သွားမလို့လဲ"

"ဘွားဘွားအိမ် သွားနေမလို့"

"မေကြီးရော"

မြူပြာသည် ဒီပ လက်ထဲမှာ သိရိကျက်သရေလေးကို လုယူပွေ့ချီလိုက်ပြီး ...

"ရှင် သွားချင်ရင် သွားပါ ကိုဒီပရယ်၊ သမီးကိုတော့ ဘယ်လိုမှ မပေးနိုင်ဘူး။ သမီးကို ရှင်ခေါ်မယ်ဆိုရင် မြူပြာ လူသတ်ဖို့လည်း ဝန်မလေးဘူး"

"ကလေးသဘောကို ထည့်တွက်ဦး"

"ဘာ ... ကလေးသဘောလဲ၊ ဘယ်နိုင်ငံ ဘယ်ဒေသမှာပဲ ဖြစ်ဖြစ် လင်မယားကွဲရင် အမေပဲ ကလေးကို ပိုင်ခွင့်ရှိတာပါ၊ ကလေးကို မြူပြာပဲ ပိုင်တယ်"

"ဩော် ... မင်းက ကွဲတဲ့စကား ပြောတယ်ပေါ့လေ"

"မဟုတ်လို့လား ... ကွဲတာ မဟုတ်လို့လား။ ရှင်က ရှင့် သဘောနဲ့ရှင် ဒီအိမ်မှာ မနေဘဲ ထွက်သွားတယ်လေ၊ အဲဒါ ကွဲတာမဟုတ်လို့ ဘာဖြစ်စရာရှိလဲ၊ ကလေးကစား တာ မဟုတ်ဘူး၊ အပျော်ကစားတာလည်း မဟုတ်ဘူး"

ဒီပသည် လူကြီးတွေ စကားကို တော်တော်ကြီး နားလည်သွားပြီဖြစ်သော သမီးရဲ့ မျက်ရည်ပေါက်ကြီးတွေကို မချိတင်ကဲကြည့်ကာ အိတ်ကိုဆွဲ၍ ထရပ်လိုက်မိသည်။

"မကွဲပါဘူး၊ ငါက မင်းကို စွန့်ပစ်ခဲ့တာ မဟုတ်ဘူး မြူပြာ။ မင်း အရာရာကို ဦးနှောက်နဲ့ သေသေချာချာ ချင့် ချိန်စဉ်းစားနိုင်ပြီး မေတ္တာတရားနဲ့ ဆုံးဖြတ်နိုင်တဲ့နေ့ကျ ရင် ငါ့ဆီ လိုက်လာခဲ့ပါ ...

ငါ့ဘဝမှာ မင်း တစ်ယောက်ပဲ ချစ်ဖူးပြီး၊ မင်းကို ပဲ တစ်သက်လုံး လက်တွဲဖို့ ရည်ရွယ်ပြီးသားပါ၊ ဘာမဟုတ် တဲ့ အကြောင်းလေးနဲ့ လမ်းမခွဲပါဘူး။ ခုလောလောဆယ် ညှိလို့မရတဲ့ အခြေအနေကို ဖွတ်မညှိချင်တော့လို့ ငါလုပ် သင့်တာကို လုပ်တာပါ၊ ငါနဲ့အမေ နေတဲ့အိမ်ဟာ မင်း တို့ဆို အမြဲတမ်း စောင့်နေပါတယ်"





ဒီပသည် ပြောပြောဆိုဆို အိတ်ကို ဘီးလှိမ့်ရုံဆွဲ [illegible]

မြူပြာ မငိုပါ။ တစ်နေရာတည်းကိုပဲ ရပ်သေတစ်ခု သို မျက်ဝန်းအစုံတို့ဖြင့် စူးစိုက်ကြည့်နေသည်မှာ အကြာကြီးဖြစ် ပါသည်။

သမီးက ဖအေ့ကားကို မြင်ကွင်းထဲ ပျောက်သည် အထိ ဝရန်တာမှ ထွက်ရပ်ကြည့်နေသည်။

ဖအေ့ကားကို မမြင်ရတော့မှ သမီး ဝါးခနဲငိုချလိုက် ပြီး မြူပြာ့ထံ ပြေးလာလျက် မြူပြာ့ လည်ပင်းကို သိုင်းဖက်ကာ...

"မေကြီး"

ဟု ခေါ်လိုက်ချိန်တွင် မြူပြာကား ထိုင်နေရာမှ ခွေခနဲ လဲကျသွားခဲ့တော့လေသည်။

သီရိကျက်သရေလေးသည် မေကြီး ... မေကြီးဟု အားငါးဆယ်ခွန်း ခေါ်ကြည့်၊ ကိုယ်ကို လှုပ်ကြည့်၍မှ မရတော့ ချင် သုံးနှစ်အရွယ်ကလေး ဖြစ်တာတောင် ဘာအရင်ဆုံးလုပ် ရမည်လဲဟူ၍ ချက်ချင်းတွေးဆနိုင်ကာ ဆေးအခန်းကို ပြေးသွား လိုက်ပါသည်။

ဘေးအခန်းမှ ဘဲလ်ကို မမှီ၍ အပြင်သံတံခါးကို သာ တချောင်းချောင်း ဆွဲလှုပ်လျက် ...

"ဘဘ ... အန်တီကြွယ် ... တံခါးဖွင့်ပါဦး၊ သမီး သီရိပါ"

ဟု ဆက်တိုက် အော်ခေါ်ပါသည်။

ဘေးခန်းမှ လင်မယား တံခါးဖွင့်လျှင်ပဲ သီရိကျွဏ် သရေက ...

"မေကြီးကို ခေါ်လို့မရလို့ အန်တီကြွယ်"

ပြောလည်းပြော၊ ငိုလည်းငိုပါသည်။


ခုနလေးတင် ယောကျ်ားက သေတ္တာဆွဲကာ ထွက် သွားတယ်။ အခု မိန်းမက သတိလစ်နေတယ်ဆို၍ ထိုလင်မယား မှာ အခြေအနေကို ချက်ချင်းသုံးသပ်မိသွားပါသည်။





# အပိုင်း(၄)

# မေတ္တာပေါင်းကူးတံတား







# ၉

မြူပြာဆီက ထွက်လာခဲ့ပြီး တစ်ရက်လွန်မြောက်ပြီးသော အချိန်အထိ ဒီပသည် သူ့ဆုံးဖြတ်ချက်သူ မှန်သည်၊ မှားသည် လွန်ဆွဲလို့ ကောင်းနေဆဲ ဖြစ်ပါသည်။

နောက်တစ်ရက် မနက်ကိုးနာရီ ကျော်ကျော်လောက်မှာ ဒီပရဲ့ မိုဘိုင်းလ်ဖုန်း မြည်လာသည်။

ဘယ်ကဖုန်းမှန်း မသိပေမဲ့ သူ လက်ခံနားထောင်လိုက်ပါသည်။

အမေ့ကို မနက်စာ နွားနို့နှင့် ပေါင်မုန့်ကို ထိုင်ခုံ ကျွေးနေဆဲ အချိန်မို့ သူ ဖုန်းပြောတော့ အမေ့ရဲ့ ဝေါယ်ရှယ်နာ့(စ)ကပဲ ဆက်ခွဲ့လိုက်ပါသည်။

အမေက ဒီပ၏ ဖုန်းကို စိတ်ဝင်စားသလို နားစွင့်လေသည်။

"ဟဲလို"

"ကိုဒီပလား"

"အေး ... ဟုတ်တယ်"

"စန္ဒီပါ"

"ဩော် ... စန္ဒီ ညီမ ... ပြော ... ပြော ... ဘာလဲ"

"မမြူပြာ အခု ဆေးရုံရောက်နေတယ်"

"ဟုတ်လား ... ဘာဖြစ်လို့လဲ"

"ကိုဒီပ ထွက်သွားတော့ မမြူပြာ သတိလစ်ပြီး မေ့သွားတယ်လေ"

"ဟင်"

ဒီပသည် သမီးလေး အနားမှာထားပြီး ကိုယ်ဝန်ကြီးဖြင့် သတိမေ့သွားပြီဖြစ်သော မြင်ကွင်းကို မှန်းဆမြင်ယောင်မိကာ လူက ထုပုလောင်ကျွမ်းသလို ခံစားလိုက်ရပါသည်။

မြူပြာသာ တစ်ခုခု ဖြစ်သွားလို့ကတော့ သူဟာ သူ့ကိုယ်သူ ဘယ်တော့မှ ခွင့်လွှတ်လို့ ရတော့မည်မထင်။





"အေး ... ငါ အခုပဲ လာခဲ့မယ်၊ ဘယ်ဆေးရုံမှာလဲ၊ နေဦး၊ မြူပြာ ဘယ်လိုနေသေးလဲ"

"ကိုဒီပ လာမှပဲ ပြောတော့မယ်၊ စန္ဒီ နောက်မှာ ဖုန်းဆက်ချင်တဲ့လူတွေ တန်းစီနေတော့ အကြာကြီး မပြောချင်တော့ဘူး"

"ရတယ် ... ရတယ် ... ငါ နားလည်တယ်၊ ဘယ်ဆေးရုံလဲပဲ ပြောပါ"

"ရန်ကုန် အရှေ့ပိုင်းဆေးရုံမှာပဲ၊ ကိုဒီပ လာမှာ သေချာရင် စန္ဒီတို့ ထွက်စောင့်နေမယ်"

"ဩော် ... လာမှာပေါ့။ ငါက ဘာမလာစရာ အကြောင်းရှိလဲ"

ဒီပသည် ဖုန်းကို ပြန်ပိတ်လိုက်ကာ ရင်ထဲတွင် ပူလောင်ပြင်းပြသော စိုးရိမ်စိတ်များဖြင့် အမေ့ကို လှမ်းပြောလိုက်ပါသည်။

"အမေ ... သား မြူပြာ့ကို ထားခဲ့လို့ သူ အခု သတိလစ်ပြီး ဆေးရုံရောက်နေပြီတဲ့"

အမေက လက်ယပ်သလိုလုပ်ပြီး သူ့အနား လာနိုင်းပါသည်။ အမေ့ ကျန်တစ်ဖက်က အကောင်းပေမဲ့ ထင်သလောက်တော့ မလှုပ်ရှားနိုင်ပြန်။ စကားပြောလျှင် ဗလုံးဗထွေးဆဲ ဒီပကတော့ သားမို့ နားလည်ပါသည်။

"သွားလိုက်ပါ၊ အမေ နားလည်တယ်၊ သား ဒီလို စိတ်လိုက်မာန်ပါလုပ်ပြီး ထွက်လာတာ မှားတယ် သား — သူ့မှာ ကိုယ်ဝန်ကြီးနဲ့ ကျန်ခဲ့ရတာ"

"ဟုတ်ပါတယ်၊ သားလည်း အမေ့ကိစ္စနဲ့ စိတ်ကထုပ်ပွေ့ထွေးနေတော့၊ ဘာတွေ ဆုံးဖြတ်လို့ ဆုံးဖြတ်မိမှန်းတောင် မသိတော့ပါဘူး"

"ကဲ … သွား … သွား၊ ဘာဖြစ်သလဲဆိုတာ အမေ့ကို ပြန်ဖုန်းဆက်ဦးနော်၊ အမေ သားတို့အတွက် စိတ်ပူတယ် ပြီးတော့ ဒီကိစ္စဟာ အမေ့ကြောင့်ဆိုပြီး ခံစားရတော့ စိတ်မကောင်းပါဘူး"

"ရပါတယ် အမေရယ်၊ အားလုံးဟာ သူ့ဟာနဲ့သူ ဖြစ်ချိန်တန်လို့ ဖြစ်လာကြတာပါ"

ဒီပ အမေ့နဖူးကို တစ်ချက်နမ်းပြီး ကားသော့ကိုင်ကာ ခပ်မြန်မြန် ထွက်ခဲ့ပါသည်။ နောက်ကျောဘက်မှ ကားသံနဲ့မောင်း ဟူသော အမေ အော်ပြောလိုက်သံ မသဲမကွဲ ဗလုံးဗထွေးတို့ကို ကြားလိုက်ပါသေးသည်။





"မမြူပြာက လူကသာ ခပ်သေးသေးပေမဲ့ စိတ်ကြီးတယ် ကိုဒီပရဲ့။ သူက ဘယ်သူ့ကိုမှလဲ ဖွင့်ပြောတိုင်ပင်တာမျိုး မရှိဘူး၊ ကျိတ်ခံစားနေတာ ဖြစ်မှာပေါ့။ အဲဒါကြောင့်ပဲ နှလုံးရောဂါ ဝင်လာတာ ဖြစ်မယ်၊ အရင်က သူ့ဆီမှာ ဘာရောဂါမှ မရှိပါဘူး။ ငယ်ငယ်က အဆုတ်ရောဂါ ဖြစ်ဖူးတာပဲ ရှိတယ်"

မြူပြာ စိတ်ကြီးပြီး ကျိတ်ခံသမျှဒဏ်ကို သူမရဲ့ နှလုံးအိမ်နုနုကတော့ ခံနိုင်ရည် ရှိခဲ့ပုံမရ။ ယခုတော့ နှလုံးအားနည်းသော ဝေဒနာတစ်ခုကို အလိုလို ရရှိသွားလေပြီ။

"နှလုံးအားနည်းလွန်းလို့ လူကလည်း ကိုယ်ဝန်ကြီး နေ့စေ့လစေ့နဲ့ဆိုတော့ စိတ်မကောင်းဖြစ်တဲ့ဒဏ်ကို မခံနိုင်တော့ဘဲ သတိလစ်သွားတာလေ"

"ငါလည်း အဲဒီလောက်ကြီးဖြစ်မယ် မထင်လို့ ထွက်သွားမိတာပါ"

ဒီပက ညီမတွေကို ပြောသလိုလိုပေမဲ့ မြူပြာ မိဘတွေဘက်ပါ ငဲ့ကြည့်ပြီး တောင်းပန်လိုက်ပါသည်။

အခုကိစ္စသည် သူ့ပယောဂ လုံးဝမကင်းဘူးဆိုတာ သူကိုယ်တိုင်လည်း သိသလို ကျန်တဲ့လူတွေလည်း မသိဘဲနေမှာမဟုတ်။

သို့သော် မြူပြာ မိသားစုကတော့ စိတ်သဘောတော်တော်ပြည့်ဝလျက် အရာရာကို နားလည်ခွင့်လွှတ်နိုင်ကြသည့် မိသားစုလေးတစ်ခုပင် ဖြစ်နေသည်။ အားလုံးက ပြုံးပြုံးရယ်ရယ်ပင်။

"မေမေတို့ နားလည်ပါတယ်၊ မင်းဘက်ကလည်း အမေကို ဘယ်ပစ်ထားချင်မလဲ၊ သမီးကြီးက မရဘူး၊ စိတ်ကတစ်မျိုးကွ၊ ပြောရခက်တယ်"

"တကယ်ဆို မအေ့ လာပြောပါလား၊ သူက မေမေ့စကားဆို သိပ်နားထောင်တာပါ။ မေမေက သမီး ဒါတော့ ဒီလိုဖြစ်သင့်တယ်လို့ ဆုံးဖြတ်ပေးရင် သူ စိတ်ပါပါ၊ မပါပါ လုပ်ပါတယ်၊ မေမေလည်း မောင်ဒီပကို ကိုယ်ချင်းစာပါ





တယ်၊ သမီးက လိုက်နေသင့်ပါတယ်ကွယ်၊ သူ ပြန်နေကောင်းလာရင် မေမေ ဖျောင်းဖျပါ့မယ်"

"သားကို ဘာလို့ မွေးပစ်လိုက်ရတာလဲ"

"ပြော် ... မိခင်က သိပ်ပြီး နှလုံးအားနည်းနေတော့ ဗိုက်ထဲက ကလေးကို စိတ်မချတော့လို့ ချက်ချင်းပဲ ဗိုက်ခွဲမွေးလိုက်ရတယ်။ Due Date ရောက်ဖို့လည်း တစ်ပတ်ကျော်ပဲ လိုတော့တယ်ဆိုတော့ မွေးလို့ရနေပါပြီ၊ ရှစ်ပေါင်တောင် ကျော်တာကွယ်၊ ဘာမှ မဖြစ်ပါဘူး"

ညိုပြာက သတိတရ ဝင်ပြောသည်။

"မမြူပြာကလေ သူ့မှာ ကလေးတစ်ယောက် မွေးတိုင်း ထူးထူးခြားခြား တစ်ခုခုကို လုပ်တယ် ...

သီရိလေးတုန်းကလည်း သူ့အနားမှာ ဘယ်သူမှ မရှိကြလို့ ဗိုက်နာနာကြီးနဲ့ တစ်ယောက်တည်း ဆေးရုံသွားလိုက်ရတာ တစ်ခါ။ အခု သားသားကျတော့လည်း အစ်ကိုဒီပနဲ့ ရန်ဖြစ်စိတ်ဆိုးပြီး နှလုံးအားနည်း သတိလစ်သွားလို့ မြန်မြန်ခွဲမွေးရတာ တစ်ခါ၊ နှစ်ယောက်မွေးတာ နှစ်ခါတောင် အထူးအဆန်းချည့်ပဲ"

အားလုံးက ညိုပြာ့ စကားကို ခေါင်းညိတ်ရင်း ပြုံးလိုက်ကြပါသည်။

"မေမေ့သမီးက စိတ်တစ်မျိုးလို့ သူ့အမေပြောတာ တကယ်ကွယ့်။ သူ့စိတ်က တစ်ချက်ပဲ။ ပထမဆုံး တစ်ချက်မှာ သူက လူတစ်ယောက်ကို အမြင်ကြည်ကြည်နဲ့ ချစ်လို့ခင်လို့ရသွားရင် သူ အဲဒီလူကို သူ့အပေါ် မကောင်းခဲ့ရင်တောင် ဘယ်တော့မှ မမုန်းတော့ဘူး။ အဲဒီလူအပေါ်ကောင်းတဲ့ဘက်ကပဲ မြင်တတ်တယ်၊ အဲဒီလိုပဲ ပထမဆုံး တစ်ချက်မှာ သူ့စိတ်ကို နာကျင်စေပြီး တစ်ဖက်ကလည်း သူ့အပေါ် အမုန်းနဲ့စပြီး ဆက်ဆံခဲ့ရင်၊ သူကလည်း ပြန်မုန်းသွားတယ်။ အဲဒီသူ မုန်းတဲ့လူက သူ့အပေါ် နောက်ပိုင်းတွေမှာ ဘယ်လောက်ပဲ ပြန်ကောင်းလာလာ အသက်ပေးပေး မရဘူး။ သူ ဘယ်တော့မှ အမျက်မပြေတတ်ဘူးတစ်ယူသန်သဘောပေါ့။ နည်းနည်း အစွန်းရောက်နေတာပေါ့"

ဩော် ...။ ဒီပသည် မြူပြာ့မိခင်က ရှင်းပြသော မြူပြာ့ စိတ်နေသဘောထား ဆန်းဆန်းတစ်ခုကို သူ အခုမှပင်





မြင်တတ်သွားပါသည်။ သူ လေးနှစ်လောက် ပေါင်းလာပေမဲ့ မြူပြာ့ စိတ်သဘောတစ်ခုကို မသိနိုင်၊ မမြင်နိုင်ခဲ့ပါ။ သူ ညံ့ခဲ့ပါသည်။

"ဒါဆို ကျွန်တော် သဘောပေါက်ပါပြီ။ သူက အမေ့ကို ဘယ်တော့မှ အမြင်ကြည်တော့မှာ မဟုတ်ဘူးနော်။ အမေက သူ့ကို စစချင်းမှာ ချွေးမအဖြစ် ကောင်းကောင်းလက်မခံခဲ့ဘူး။ ပစ်ပယ်ခဲ့တယ်၊ ပစ်ထားခဲ့တယ်၊ အဲဒီအချက်တွေဟာ သူ့စိတ်ကို တကယ်နာကျင်စေခဲ့တော့ သူ အမေ့ကို အရမ်းမုန်းသွားတာပေါ့၊ အမေ အခု ဘယ်လောက်ကောင်းကောင်း သူက ဘယ်စိတ်ပြေပါတော့မလဲ နော်"

"မေမေ သမီးကြီးကို အချိန်ယူပြီး ဖျောင်းဖျပေးပါ့မယ်၊ မေမေ ပြောထားတယ်လေ မောင်ဒီပရယ်။ သူက မေမေ့စကားဆိုရင်တော့ သူ စိတ်ပါပါ၊ မပါပါ လက်ခံတတ်ပါတယ်လို့ ...

စိတ်ချပါ။ သမီးကြီးရဲ့ စိတ်တစ်နေရာမှာ ကိန်းအောင်းနေမဲ့ အမုန်းတရားကို မေတ္တာတရား ဖြစ်လာအောင် မေမေ ပြောပေးပါ့မယ်"

နန္ဒီက သားလေး နိတာရဲကို ပွေ့လာပြီး ဒီပကို
ပေးပါသည်။

"မမြူပြာတော့ မေ့ဆေးအရှိန်နဲ့ ကောင်းကောင်း မလန်း
သေးဘူး ...

ဒါကြောင့် သူ့သားသူ မချီနိုင်သေးဘူး၊ အစ်ကိုဒီပပဲ
ချီပေါ့"

သီရိကျက်သရေလေးက ဖအေ့လက်ထဲမှ အနှီးထုပ်
လေးကို တအံ့တသြ ငုံ့ကြည့်နေပါသည်။

ဒီပကတော့ သားကိုတစ်လှည့်၊ သမီးကိုတစ်လှည့်၊
ဆေးရုံခုတင်ပေါ်တွင် အိပ်မောကျသလိုလို လှဲလျောင်းနေသည့်
စိတ်တစ်ယူသန် ဖြစ်လှသော ချစ်ရသည့် မြူပြာ့ကိုတစ်လှည့်
ကြည့်ကာ အချိန်ကုန်နေခဲ့ပါသည်။

သမီးသည်လည်းကောင်း ...။

အခုမှ လူ့လောကထဲ ရောက်လာသည့် သားလေး
သည်လည်းကောင်း၊ မြူပြာ့ စိတ်တစ်နေရာမှာ အမှတ်မထင်
ရှိနိုင်မဲ့ မေတ္တာတရား တစ်ခုခုကို ပေါင်းကူးပေးနိုင်လိမ့်မည့်
တံတားလေးတွေ၊ ဖြစ်နိုင်မယ် ထင်ပါရဲ့။ ဒါမှမဟုတ် မြူပြာ





မေမေကပဲ မေတ္တာတရားတွေကို ဖော်ထုတ်ပေးနိုင်မဲ့ ကယ်တင်ရှင်
ပဲ ဖြစ်နေမလား။

မြူပြာရယ် ... ဘာမဟုတ်တဲ့ အကြောင်းအရာလေး
တစ်ခုနဲ့ပဲ ဒေါ်စိန်မေ ဆိုတဲ့ အမေ့ကို တစ်သက်လုံး မုန်းနေ
တာလဲ။

ဒီပသည် ချစ်ဇနီးရဲ့ လက်ဖဝါးတွေကို သူ့လက်ဖဝါး
အစုံဖြင့် အသာဆုပ်၍ ဖျစ်ညှစ်လိုက်မိပါသည်။

(မေတ္တာပေါင်းကူးတံတား)

"လောကကြီးမှာ အလိုအပ်ဆုံး တစ်ခုကား မေတ္တာတရားပဲ ဖြစ်ပါသည်။

ထိုမေတ္တာတရားတို့ကို ပေါင်းစည်းပေးနိုင်မဲ့ တံတား တစ်ခုကလည်း လောကကြီးထဲမှာပဲ ထာဝရ တည်ရှိနေမယ် ဆိုတာတော့ အမှန်တကယ်ပင် ဖြစ်ပါသည်"



ရွှင်မိုး
(ဆေးတက္ကသိုလ်)
22nd December
Sunday,
2002.